# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နှစ်ပတ်လည် အစီရင်ခံစာ

## ၂၀၁၄ ခုနှစ်

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၁၄ ခုနှစ် အစီရင်ခံစာ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | **ကော်မရှင်ရုံးဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း** | | |
| | ▪ ကော်မရှင် ဖွဲ့စည်းခြင်း | ------------------------------------------- | ၁ |
| | ▪ ဌာနများ ဖွဲ့စည်းခြင်း | ------------------------------------------- | ၂ |
| | ▪ အုပ်ချုပ်မှု စီမံခန့်ခွဲရေးအဖွဲ့ | ------------------------------------------- | ၂ |
| ၂။ | **စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၏ လုပ်ဆောင်မှုများ** | | |
| | ▪ စီမံရေးရာ ကိစ္စရပ်များ | ------------------------------------------- | ၃ |
| | ▪ ဝန်ထမ်းရေးရာ ကိစ္စရပ်များ | ------------------------------------------- | ၃ |
| | ▪ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း | ------------- | ၅ |
| | ▪ ထောက်ပံ့ရန်ပုံငွေ | ------------------------------------------- | ၅ |
| | ▪ ငွေကြေးစည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း | -------------- | ၆ |
| | ▪ စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပြုချက်များ | ------------------------- | ၆ |
| ၃။ | **လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာန၏ လုပ်ဆောင်မှုများ** | | |
| | ▪ လုပ်ငန်းတာဝန်များ | ------------------------------------------- | ၇ |
| | ➢ မူဝါဒဆိုင်ရာ ကိစ္စရပ်များ | ------------------------------------------- | ၇ |
| | ➢ ဥပဒေဆိုင်ရာ ကိစ္စရပ်များ | ------------------------------------------- | ၇ |
| | ➢ တာဝန်ပေးအပ်ခြင်း | ------------------------------------------- | ၇ |
| | ➢ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေမူကြမ်း တင်သွင်းခြင်းနှင့် အတည်ပြုခြင်း | ------------------------------------ | ၈ |
| | ➢ အခြားဆောင်ရွက်ချက်များ | ------------------------------------------- | ၈ |
| | ▪ ပြည်သူ့လွှတ်တော်သို့ တင်သွင်းမေးမြန်းလာသော အဆို/ မေးခွန်းများ ဖြေကြားခြင်း | ------------------------------------------------ | ၁၁ |
| | ▪ အထွေထွေ လုပ်ဆောင်ချက်များ | ------------------------------------------ | ၁၃ |
| | ▪ မူဝါဒနှင့် ဥပဒေဆိုင်ရာ အကြံပြုချက်များ | ----------------------------- | ၁၄ |
| ၄။ | **လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ လုပ်ဆောင်မှုများ** | | |
| | ▪ လုပ်ငန်းတာဝန်များ | ------------------------------------------------ | ၁၅ |
| | ▪ တိုင်ကြားချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ | ----------------- | ၁၆ |
| | ▪ ကွင်းဆင်းစစ်ဆေးမှုအခြေအနေ | ----------------------------------------- | ၁၈ |
| | ▪ အခြားဆောင်ရွက်ချက်များ | ------------------------------------------------ | ၁၉ |
| | ▪ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပြုချက်များ | -------- | ၁၉ |

၅။ **နိုင်ငံတကာဆက်ဆံရေးဌာန၏ လုပ်ဆောင်မှုများ**
- လုပ်ငန်းတာဝန်များ ------------------------------------------------ ၂၀
- အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် ------ ၂၀
- အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် ---------- ၂၃
- Raoul Wallenberg Institute (RWI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ------ ၂၄
- အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီသို့ ဝင်ရောက်ခွင့်ရရှိရေး ဆောင်ရွက်ခြင်း ---------- ၂၅
- ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း ---------------------------- ၂၅
- အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ခြင်း -------------------------------- ၂၆
- ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပသင်တန်းများ တက်ရောက်ခြင်း ---------- ၂၉
- ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း ----------------------- ၃၀
- နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ အကြံပြုချက်များ ------------------------ ၃၆

၆။ **လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၏ လုပ်ဆောင်မှုများ**
- လုပ်ငန်းတာဝန်များ ------------------------------------------------ ၃၇
- လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ကျင်းပခြင်း ---- ၃၇
  - နှီးနှောဖလှယ်ပွဲ ------------------------------------------------ ၃၇
  - သင်တန်းများ ------------------------------------------------ ၃၈
  - အလုပ်ရုံဆွေးနွေးပွဲများ ------------------------------------------------ ၄၀
- ပြည်နယ် (၇) ခုတွင် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများ ပြုလုပ်ခြင်း ------ ၄၄
  - မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ------------------------------------------ ၄၅
  - ကယားပြည်နယ်၊ လွိုင်ကော်မြို့ ---------------------------------------- ၄၆
  - ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ------------------------------------------ ၄၆
  - ချင်းပြည်နယ်၊ ဟားခါးမြို့ ------------------------------------------ ၄၇
  - ကရင်ပြည်နယ်၊ ဘားအံမြို့ ------------------------------------------ ၄၇
  - ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ------------------------------------------ ၄၈
  - ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ---------------------------------------- ၄၈
- လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း ------------------------ ၄၈
- အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း -------------- ၅၀
- စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း ------------------ ၅၂
- လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ အကြံပြုချက်များ ------------------------------------------------ ၅၂

၇။ **နိဂုံး** ------------------------------------------------ ၅၃

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၁၄ ခုနှစ် အစီရင်ခံစာ
# ကော်မရှင်ရုံး ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း

## ကော်မရှင် ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ် စောင့်ရှောက်ရေးတို့အား ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၃၄/၂၀၁၁) ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ရုံးကို ၂၂-၁၀-၂၀၁၁ ရက်နေ့တွင် အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်တွင် ဖွင့်လှစ်ခဲ့ပြီး၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခဲ့ရာ ၅-၉-၂၀၁၄ ရက်နေ့တွင် (၃) နှစ်ပြည့် အခမ်းအနားကို ကော်မရှင်ရုံးတွင် ကျင်းပခဲ့ပါသည်။

၂။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ် ၊ မတ်လ (၂၈) ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်စွဲပါ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် ယခင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖျက်သိမ်းကာ အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၁၁) ဦး ပါဝင်သော "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်" အသစ်ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ဦးဝင်းမြ — ဥက္ကဋ္ဌ
သံအမတ်ကြီး (အငြိမ်းစား)

(ခ) ဦးစစ်မြိုင် — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
လူမှုဝန်ထမ်းဦးစီးဌာန

(ဂ) ဦးဇော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
အကျဉ်းဦးစီးဌာန

(ဃ) ဦးယုလွင်အောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ (အငြိမ်းစား)
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

(င) ဦးညွန့်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ဒေါက်တာမြင့်ကြည် အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ် (စီမံ) (အငြိမ်းစား)
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်

(ဆ) ဒေါက်တာဉာဏ်ဇော် အဖွဲ့ဝင်
ပြည်နယ်ဆေးရုံအုပ်ကြီး (အငြိမ်းစား)

(ဇ) ဒေါက်တာဒေါ်သန်းနွဲ့ အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)
ဥပဒေပညာဌာန

(ဈ) ဒေါ်မြမြ အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ (အငြိမ်းစား)

(ည) ဦးခင်မောင်လေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(ဋ) ဦးစိုးဘုန်းမြင့် အဖွဲ့ဝင်
ဦးစီးအရာရှိ (အငြိမ်းစား)
ရှေ့နေချုပ်ရုံး

## ဌာနများ ဖွဲ့စည်းခြင်း

၃။ ကော်မရှင်ဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို ဌာနခွဲ (၅) ခုဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပြီး ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ် ရေးဆွဲကာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၊
(ခ) လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေဌာန၊
(ဂ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၊
(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊
(င) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၊

## အုပ်ချုပ်မှု စီမံခန့်ခွဲရေးအဖွဲ့

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးစီးသည့် အဖွဲ့ဝင် (၄) ဦးနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သော ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီကို ဖွဲ့စည်းထားပါသည်။ ယင်းအုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကော်မရှင်၏ ရုံးလုပ်ငန်း တာဝန်များကို ညွှန်ကြားရေးမှူးချုပ် ခန့်အပ်နိုင်ခြင်း မရှိသေးသဖြင့် ညွှန်ကြားရေးမှူး (၁) ဦး ဦးဆောင်သည့် ရုံးဝန်ထမ်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၄) ဆုံးဖြတ်ချက်အရ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီကို အောက်ဖော်ပြပါ အတိုင်း ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (ခ) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးယုလွင်အောင် | အဖွဲ့ဝင် |
| (ဃ) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (င) | ------------- | ညွှန်ကြားရေးမှူး (၂၀၁၄ ခု ဒီဇင်ဘာလထိခန့်ထားခြင်းမရှိပါ။) |

## စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၏ လုပ်ဆောင်မှုများ

### စီမံရေးရာ ကိစ္စရပ်များ

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီသည် ၂၀၁၄ ခုနှစ်အတွင်း အစည်းအဝေး (၁၃) ကြိမ် ပြုလုပ်ခဲ့ပါသည်။

၆။ ကော်မရှင်သည် ၂၀၁၄ ခုနှစ်အတွင်း ကော်မရှင် ဥက္ကဋ္ဌ ဦးစီးသော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး (၁၀) ကြိမ်နှင့် အထူးအစည်းအဝေး (၄) ကြိမ် ပြုလုပ်ခဲ့ ပါသည်-

(က) **ကော်မရှင် မျက်နှာစုံညီ အစည်းအဝေးများ (ပုံမှန်)**

| | | | |
|---|---|---|---|
| (၁) | ကော်မရှင်အစည်းအဝေး | (၁/၂၀၁၄) | ၂၈-၁-၂၀၁၄ |
| (၂) | ကော်မရှင်အစည်းအဝေး | (၂/၂၀၁၄) | ၂၀-၂-၂၀၁၄ |
| (၃) | ကော်မရှင်အစည်းအဝေး | (၃/၂၀၁၄) | ၁၇-၃-၂၀၁၄ |
| (၄) | ကော်မရှင်အစည်းအဝေး | (၄/၂၀၁၄) | ၁၀-၄-၂၀၁၄ |
| (၅) | ကော်မရှင်အစည်းအဝေး | (၅/၂၀၁၄) | ၃၀-၅-၂၀၁၄ |
| (၆) | ကော်မရှင်အစည်းအဝေး | (၆/၂၀၁၄) | ၂၇-၆-၂၀၁၄ |
| (၇) | ကော်မရှင်အစည်းအဝေး | (၇/၂၀၁၄) | ၁၁-၉-၂၀၁၄ |
| (၈) | ကော်မရှင်အစည်းအဝေး | (၈/၂၀၁၄) | ၇-၁၀-၂၀၁၄ |
| (၉) | ကော်မရှင်အစည်းအဝေး | (၉/၂၀၁၄) | ၃-၁၁-၂၀၁၄ |
| (၁၀) | ကော်မရှင်အစည်းအဝေး | (၁၀/၂၀၁၄) | ၂၆-၁၂-၂၀၁၄ |

(ခ) **ကော်မရှင်အထူးအစည်းအဝေးများ**

| | | | |
|---|---|---|---|
| (၁) | ကော်မရှင်အထူးအစည်းအဝေး | (၁/၂၀၁၄) | ၂၀-၁-၂၀၁၄ |
| (၂) | ကော်မရှင်အထူးအစည်းအဝေး | (၂/၂၀၁၄) | ၂၂-၁၁-၂၀၁၄ |
| (၃) | ကော်မရှင်အထူးအစည်းအဝေး | (၃/၂၀၁၄) | ၂၇-၁၁-၂၀၁၄ |
| (၄) | ကော်မရှင်အထူးအစည်းအဝေး | (၄/၂၀၁၄) | ၈-၁၂-၂၀၁၄ |

### ဝန်ထမ်းရေးရာ ကိစ္စရပ်များ

၇။ ကော်မရှင်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ကော်မရှင်ရုံးတွင် ခန့်ထားသော ဝန်ထမ်းအင်အားမှာ ၂၀၁၃ ခုနှစ်ကုန်အထိ (၃၁) ဦးရှိပြီး ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒုတိယညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ၁ ဦး၊ လက်ထောက် စာကြည့်တိုက်မှူး (၁) ဦး စုစုပေါင်း (၃) ဦးတို့ကို ကော်မရှင်မှ တာဝန်ပေးသော ရွေးချယ်ရေး အဖွဲ့ဝင်များက ယှဉ်ပြိုင် ရွေးချယ်သည့် စနစ်ဖြင့် စိစစ်ရွေးချယ်ကာ ဧပြီလတွင် ခန့်အပ်ခဲ့ပါသည်။

၈။ အလားတူ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလတွင် ညွှန်ကြားရေးမှူး (၁) ဦး၊ ဒုတိယ ညွှန်ကြားရေးမှူး (၂) ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၃) ဦး၊ လူ့အခွင့်အရေး အရာရှိ (၂) ဦး စုစုပေါင်း (၈) ဦးတို့ကို ကော်မရှင်မှ တာဝန်ပေးသော ရွေးချယ်ရေးအဖွဲ့ဝင်များက ယှဉ်ပြိုင် ရွေးချယ်သည့် စနစ်ဖြင့် စိစစ်ရွေးချယ်ကာ ဒီဇင်ဘာလတွင် ခန့်အပ်ခဲ့သောကြောင့် ကော်မရှင်ရုံး၏ သန္ဓေဝန်ထမ်း စုစုပေါင်း (၄၂) ဦး ခန့်ထားခဲ့ပြီး ဖြစ်ပါသည်။

၉။ တွဲဖက် ဝန်ထမ်းအင်အား (၁၀) ဦး ရှိသည့်အနက် တွဲဖက်တာဝန် ထမ်းဆောင်နေသော နိုင်ငံတော် သမ္မတရုံးမှ ဝန်ထမ်း (၅) ဦး၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှဝန်ထမ်း (၃) ဦးတို့ကို ၂၀၁၄ ခုနှစ်အတွင်း မိခင်ဌာနသို့ ပြန်လည် စေလွှတ်ပေးခဲ့ခြင်းကြောင့် ကော်မရှင်ရုံး တွဲဖက်ဝန်ထမ်းများအဖြစ် ပြည်ထဲရေး ဝန်ကြီးဌာနမှ (၂) ဦးသာ ကျန်ရှိ ပါသည်။

၁၀။ ကော်မရှင်ရုံးမှ ခန့်အပ်ထားသည့် သန္ဓေဝန်ထမ်း (၄၂) ဦးနှင့် တွဲဖက်ဝန်ထမ်း (၂) ဦး စုစုပေါင်း ဝန်ထမ်း (၄၄) ဦးသည် ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကော်မရှင်အဖွဲ့၏ လုပ်ငန်းများ များပြားလာနိုင်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး လုပ်ငန်းများကို ပြည်တွင်း၌ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်ရုံးမှ လက်ရှိ ခန့်ထားသော သန္ဓေဝန်ထမ်း (၄၂) ဦး၊ တွဲဖက် ဝန်ထမ်း (၂) ဦးအပြင် လိုအပ်သလို ခန့်အပ်သွားရန် ရှိပါသည်။

၁၁။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးရှိ ခန့်ထားပြီး သန္ဓေဝန်ထမ်း၊ တွဲဖက်ဝန်ထမ်း အဆင့်လိုက် အင်အားမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရာထူး | သန္ဓေ | တွဲဖက် | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ညွှန်ကြားရေးမှူး | ၁ | - | ၁ | |
| ၂ | ဒုတိယညွှန်ကြားရေးမှူး | ၃ | - | ၃ | |
| ၃ | လက်/ထောက် ညွှန်ကြားရေးမှူး | ၆ | ၁ | ၇ | ပြည်ထဲရေးမှတွဲ |
| ၄ | လူ့အခွင့်အရေးအရာရှိ | ၅ | - | ၅ | |
| ၅ | လက်ထောက်စာကြည့်တိုက်မှူး | ၁ | - | ၁ | |
| ၆ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၅ | - | ၅ | |
| ၇ | အကြီးတန်းစာရေး | ၃ | ၁ | ၄ | ပြည်ထဲရေးမှတွဲ |
| ၈ | အငယ်တန်းစာရေး | ၁၀ | - | ၁၀ | |
| ၉ | ယာဉ်မောင်း(၃) | ၃ | - | ၃ | |
| ၁၀ | ရုံးအကူ | ၂ | - | ၂ | |
| ၁၁ | သန့်ရှင်းရေး | ၁ | - | ၁ | |
| ၁၂ | အစောင့် | ၂ | - | ၂ | |
| | **စုစုပေါင်း** | **၄၂** | **၂** | **၄၄** | |

## ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း

၁၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် စတင်ဖွဲ့စည်းစဉ်က နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာန (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) တို့မှ တွဲဖက်ဝန်ထမ်းများနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ သီးခြားသန္ဓေဝန်ထမ်း ၄၂ ဦး ခန့်ထားခဲ့ပြီး ဖြစ်သည့်အပြင် ဆက်လက်၍လည်း ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းများ တိုးချဲ့ ခန့်ထားမည်ဖြစ်ရာ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝန်ထမ်းရေးရာ ကိစ္စများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲ ပြုစုဆဲဖြစ်ပါသည်။

## ထောက်ပံ့ရန်ပုံငွေ

၁၃။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ထုတ်ပြန် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) တွင် “ကော်မရှင်သည် ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်” ဟု လည်းကောင်း၊ ပုဒ်မ ၄၆ တွင် “ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အလို့ငှာ လိုအပ်သော ငွေကြေးကို ထောက်ပံ့ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်နှင့်အညီ ကော်မရှင်သည် ဘဏ္ဍာရေးနှစ် အလိုက် ခန့်မှန်းအသုံးစရိတ်များကို တစ်နှစ်အတွက် လျာထား ချက်အား ကြိုတင်ခန့်မှန်းရေးဆွဲပြီး နိုင်ငံတော် သမ္မတရုံးသို့ တင်ပြ၍ (၃) လတစ်ကြိမ် လိုအပ်သော အသုံးစရိတ်ကို တင်ပြ တောင်းခံ သုံးစွဲလျက်ရှိပါသည်။

၁၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ထောက်ပံ့ငွေအသုံးစရိတ် လိုအပ်ငွေကို (၃) လတစ်ကြိမ် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြတောင်းခံခဲ့ပြီး အသုံးစရိတ်များကို သုံးစွဲရာ၌ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ငွေကြေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှန်တကယ် ကုန်ကျစရိတ်ကို အသုံးပြုခဲ့ပါသည်။ ပိုလျှံငွေအား လက်ကျန်ငွေအဖြစ် ဖော်ပြ၍ နောက်လများတွင် စာရင်းသွင်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အတွက် ထောက်ပံ့ငွေ ကျပ် **၄၀၈,၇၂၄,၀၀၀/-** ကို နိုင်ငံတော် သမ္မတရုံးသို့ တင်ပြတောင်းခံခဲ့ပြီး ကျပ် **၃၇၅,၀၀၃,၇၆၀/-** ကို အုပ်ချုပ်မှု ကိစ္စရပ်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများအတွက် သုံးစွဲခဲ့ပါသည်။ ပိုလျှံရန်ပုံငွေ ကျပ် **၃၃,၇၂၀,၂၄၀/-** ကို နိုင်ငံတော် သမ္မတရုံးသို့ ပြန်လည် အပ်နှံခဲ့ပါသည်။

၁၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ကော်မရှင် အဖွဲ့ဝင်များ၏ လစဉ် ချီးမြှင့်ငွေများကို ၁-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် သတ်မှတ် ဖော်ပြသည့်အတိုင်း ခွင့်ပြုကြောင်း နိုင်ငံတော်သမ္မတရုံးမှ ၂၇-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၂၁၇ (၄၂)/ ၉/ သမ္မတရုံး၏ အကြောင်းကြားစာအရ ကော်မရှင် အဖွဲ့ဝင်များ

အတွက် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ခံစားခွင့်များအတိုင်း ထည့်သွင်း ရေးဆွဲ၍ သုံးစွဲခဲ့ပါသည်။

**ငွေကြေးစည်းမျဉ်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း**

၁၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်သမ္မတရုံးဘတ်ဂျက်မှ (၃) လ တစ်ကြိမ် ထောက်ပံ့ရန်ပုံငွေ တောင်းခံသုံးစွဲလျက်ရှိပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၄၆ အရ ဘဏ္ဍာငွေ တောင်းခံ၍ ငွေကြေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ သုံးစွဲသွားနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြုစုဆဲ ဖြစ်ပါသည်။

**စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပြုချက်များ**

၁၇။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ဖွဲ့စည်းပုံ ခွင့်ပြုချက်အရ အရာထမ်း ၆၀ ဦး၊ အမှုထမ်း ၁၀၇ ဦး၊ စုစုပေါင်း ၁၆၇ ဦး ရှိသော်လည်း၊ စတင်ဖွဲ့စည်းဆောင်ရွက်စဉ် ကာလအတွင်း သုံးပုံတစ်ပုံ အင်အားဖြစ်သည့် အရာထမ်း ၂၆ ဦး၊ အရာထမ်း ၃၄ ဦး စုစုပေါင်း ၆၀ ဦးဖြင့်သာ ခန့်ထားရန် သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း ရုံးနေရာထိုင်ခင်း မလုံလောက်သဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အင်အားမှာ အရာထမ်း ၁၆ ဦး၊ အမှုထမ်း ၂၈ ဦး၊ စုစုပေါင်း ၄၄ ဦး ရှိပါသည်။

၁၈။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့က ကော်မရှင်သစ်ကို ဖွဲ့စည်းပြီး နောက်ပိုင်းတွင် ကော်မရှင်အပေါ် ပြည်တွင်းမှလည်းကောင်း၊ နိုင်ငံတကာမှလည်းကောင်း လူ့အခွင့်အရေးကို ပိုမိုတိုးတက် ဆောင်ရွက်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ချက်များ ရှိလာသည့်အလျောက် ကော်မရှင်၏ လူ့အခွင့်အရေး အသိပညာပေးရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများ၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများမှာလည်း ပိုမိုများပြားလာပါသည်။

၁၉။ သို့ဖြစ်၍ ဝန်ထမ်းများကို ပြည့်မီစေရန် ခန့်ထားလိုသော်လည်း ရုံးနေရာ မလုံလောက်မှုကြောင့် ကန့်သတ်ချက်များရှိနေပါသည်။ လက်ရှိ အခြေအနေတွင် အခြား ရုံး/သင်တန်းများနှင့် ခြံဝင်းတစ်ခုထဲတွင် တာဝန်ထမ်းဆောင်နေရသဖြင့် နေရာကြပ်တည်းမှု ရှိသည့်အပြင် လူဝင်လူထွက် များပြားရှုပ်ထွေးမှု၊ လုံခြုံရေးအရစိစစ်ရန် ခက်ခဲမှုများကြောင့် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးအား လက်ရှိနေရာတစ်ခုလုံး အသုံးပြုခွင့်ပေးခြင်းဖြစ်စေ၊ လက်ရှိနေရာရှိ လွတ်နေသော မြေနေရာတွင် အဆောက်အဦ တိုးချဲ့ဆောက်လုပ် ခွင့်ပြုပေးခြင်းဖြစ်စေ ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာန၏ လုပ်ဆောင်မှုများ

### လုပ်ငန်းတာဝန်များ

၂၀။ **မူဝါဒဆိုင်ရာ ကိစ္စရပ်များ။** လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနသည် လူ့အခွင့်အရေးနှင့် ဆက်စပ်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် ပြည်တွင်းဥပဒေများ လေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) ပါ အောက်ပါ လုပ်ငန်း တာဝန်များကို အဓိကအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါသည်-

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ခ) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး အတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက် သင့်သည်များကို အကြံပြုချက် နှင့်အတူ တင်ပြခြင်း၊

၂၁။ **ဥပဒေဆိုင်ရာ ကိစ္စရပ်များ။** မူဝါဒ၊ ဥပဒေဆိုင်ရာများနှင့် ပတ်သက်၍ တိုင်ကြားစာ အစည်းအဝေးတွင် ကိုးကား ဆွေးနွေးရန် အဓိက လိုအပ်လာသည့် ဥပဒေများကိုလည်း ရှာဖွေဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေး လျက်ရှိပြီး၊ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ထုတ်ပြန်ခဲ့သော ဥပဒေများ၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားရှိသော ဥပဒေကြမ်းများ၊ ပြည်ထောင်စု အစိုးရအဖွဲ့မှ သတင်းထုတ်ပြန်ချက်များကိုလည်း လိုအပ်ပါက အကိုးအကား ပြုလုပ်နိုင်ရန် ရှာဖွေ စုဆောင်းမှုများ ပြုလုပ်ပါသည်။ အရေးကြီးသည့် လူ့အခွင့်အရေး ဖောက်ဖျက်မှုဆိုင်ရာ စွဲဆိုချက်များအတွက် ကော်မရှင် ဥပဒေ ပုဒ်မ ၂၈ နှင့်အညီ ကွင်းဆင်း စုံစမ်းစစ်ဆေးမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဥပဒေ အကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ပါသည်။

၂၂။ **တာဝန်ပေးအပ်ခြင်း။** လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနတွင် ကော်မရှင် ရုံးဝန်ထမ်းများအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး (၁) ဦး၊ လူ့အခွင့်အရေး အရာရှိ (၁) ဦး၊ ဒုတိယ လူ့အခွင့်အရေး ဦးစီးမှူး (၁) ဦး၊ အငယ်တန်းစာရေး (၁) ဦးတို့ကို တာဝန်ပေး ခန့်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနအား ကြီးကြပ်ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၄) ဆုံးဖြတ်ချက်ဖြင့် အောက်ပါ ကော်မရှင် အဖွဲ့ဝင်များအား တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ဒေါက်တာဒေါ်သန်းနွဲ့ အဖွဲ့ဝင်

(ခ) ဦးစိုးဘုန်းမြင့် အဖွဲ့ဝင်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေမူကြမ်း တင်သွင်းခြင်းနှင့် အတည် ပြုခြင်း**

၂၃။ ၂၂-၁-၂၀၁၄ ရက်နေ့နှင့် ၂၃-၁-၂၀၁၄ ရက်နေ့တို့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင် ဥပဒေကြမ်းတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့ လွှတ်တော် နဝမပုံမှန် အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အတွင်းရေးမှူး ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် (၁) ဦးတို့ သွားရောက်ဆွေးနွေးခဲ့ကြပါသည်။

၂၄။ ၁၃-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကြမ်း ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရန် ပြည်ထောင်စု လွှတ်တော်သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင် တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော် သမ္မတ ရုံးမှ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောထားနှင့် သုံးသပ်ချက်များ တောင်းခံလာသည့်အပေါ် ကော်မရှင်မှ ၁၇-၃-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံးသို့ ပြန်လည် ပေးပို့ခဲ့ပါသည်။

၂၅။ ၂၆-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ကိစ္စ နှင့် စပ်လျဉ်း၍ ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အတွင်းရေးမှူး ဦးစစ်မြိုင် တို့ တက်ရောက်ခဲ့ပါသည်။

၂၆။ ၂၈-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ဥပဒေအမှတ် (၂၁/၂၀၁၄) ဖြင့် ပြည်ထောင်စု လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပါသည်။

**အခြားဆောင်ရွက်ချက်များ**

၂၇။ ၂၇-၁-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဖိတ်ကြားချက်အရ "စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားစီရင်ရေး လုပ်ငန်းစဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"သို့ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနမှ ဒုတိယ လူ့အခွင့်အရေး ဦးစီးမှူး ဒေါ်မီမီစန်းအောင် တက်ရောက်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရမှုများကို ရင်ဆိုင်နေရစဉ်အတွင်း မိဘ များအား လူကုန်ကူးသူများမှ နစ်နာကြေး ငွေများပေးပြီး အမှုများ ပိတ်ခြင်း၊ လူကုန်ကူး ခံရမှုများကို ဖြေရှင်း ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းနှင့် ညီညွတ်မှုမရှိဘဲ ဖြေရှင်း ဆောင်ရွက်သဖြင့် ကြောက်ရွံ့ခြင်းများ ခံစားကြရခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာ လုပ်ဆောင်ခြင်း အားဖြင့် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၂၈။ ၃၁-၁-၂၀၁၄ ရက်နေ့တွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုနိုင်ရေးနှင့် ပတ်သက်သော သဘောထား သုံးသပ်ချက်နှင့် အကြံပြုချက်များကို နိုင်ငံတော် သမ္မတရုံးသို့ ပေးပို့ခဲ့ပါသည်။ ယင်း အကြံပြုချက်များတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ

အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights- ICESCR) သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင် ဖြစ်လာခြင်းဖြင့် လူ့အခွင့်အရေး မြှင့်တင် ကာကွယ်ရေးအတွက် ခိုင်မာသော ရပ်တည်ချက် ရှိသည်ကို ဖော်ထုတ် ပြသရာရောက် သဖြင့် နိုင်ငံသိက္ခာကို များစွာ တက်စေခြင်း၊ အဆိုပါ စာချုပ်တွင် ပါရှိသည့် အခွင့်အရေး များစွာ သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ထည့်သွင်း ပြဋ္ဌာန်းထားပြီး ဖြစ်ခြင်းတို့ကြောင့် စာချုပ်အဖွဲ့ဝင် ဖြစ်ရေးအတွက် အလျင်အမြန် ဆောင်ရွက်သင့်သော လုပ်ငန်းတစ်ရပ်အဖြစ် ထောက်ခံ အကြံပြုပါကြောင်း ဖော်ပြပါရှိ ပါသည်။

၂၉။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သေဒဏ် အပြစ်ပေးမှုဆိုင်ရာ (Death Penalty) ကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် ပြောကြားလိုသည့် အချက်အလက်များ တောင်းခံ လာသည့်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ မြန်မာနိုင်ငံ အနေဖြင့် ပြင်းထန် ဆိုးရွားသည့် ရာဇဝတ်မှုကို ကျူးလွန်ပါက သေဒဏ် အပြစ်ပေးရန် တည်ဆဲဥပဒေအရ ပြဋ္ဌာန်းထားသော်လည်း ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ သေဒဏ်ပေးမှုကို အကောင်အထည် ဖော်ဆောင်ခြင်း မရှိခဲ့သည်ကို ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂသို့ တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် ထည့်သွင်း အစီရင်ခံ ခဲ့ပါကြောင်းကို ၃-၃-၂၀၁၄ ရက်နေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ပေးပို့ တင်ပြခဲ့ပါ သည်။

၃၀။ ၁၀-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့၏ ဖိတ်ကြားချက်အရ "လူကုန်ကူးမှု တိုက်ဖျက်ရေး စီမံကိန်း၏ မဟာဗျူဟာမြောက် လုပ်ငန်းစဉ် ရေးဆွဲရေး" အလုပ်ရုံ ဆွေးနွေးပွဲသို့လည်း လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေ ဌာနမှ လူ့အခွင့်အရေး အရာရှိ ဦးဇေယျာလင်းအား စေလွှတ် တက်ရောက်စေခဲ့ပါသည်။

၃၁။ နိုင်ငံတော်သမ္မတရုံးမှ ၁၄-၅-၂၀၁၄ ရက်နေ့တွင် ပြုလုပ်သည့် တည်ဆဲဥပဒေများ၊ နည်း ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် စပ်လျဉ်း၍ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲ ရန် လုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင် တက်ရောက်ခဲ့ပါသည်။

၃၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၏၂၈-၅-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၃၁၄၆/၀၁/၂၀၁၄ (၈၈၇) ဖြင့် ဖိတ်ကြားချက်အရ ၉-၆-၂၀၁၄ ရက်နေ့နှင့် ၁၀-၆-၂၀၁၄ ရက်နေ့တို့တွင် ကျင်းပသည့် ညဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကွန်ဗင်းရှင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေ နှင့် ဦးခွထီးယိုးတို့ တက်ရောက်ခဲ့ပါသည်။

၃၃။ နိုင်ငံတော်သမ္မတရုံးမှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ အင်္ဂလိပ် ဘာသာပြန်ဆိုချက်အပေါ် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းမှု အစည်းအဝေးကို ၁၀-၆-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင် အဖွဲ့ဝင် ဦးလှမြင့်နှင့် ဦးညွန့်ဆွေတို့ တက်ရောက်ခဲ့ကြပါသည်။

၃၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်ကို နေ့စဉ်ထုတ် The New Light of Myanmar အင်္ဂလိပ်သတင်းစာ၌ ထည့်သွင်း ဖော်ပြလိုမှုအား

တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပေါင်းစပ်ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတရုံးမှ ပေးပို့ချက်အရ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

၃၅။ နိုင်ငံတော် သမ္မတရုံး၏ ၁၉-၄-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၀၄ (၁)/ ၈/ သမ္မတရုံးနှင့် ၃-၆-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၀၄ (၁) /၈/ သမ္မတရုံး စာများဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ၏ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်ရန် လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် အကြောင်းကြားလာသည့်အတွက် ကော်မရှင်မှ ၂၇-၆-၂၀၁၄ ရက်နေ့တွင် ကော်မရှင် နည်းဥပဒေ (မူကြမ်း) ကို ပေးပို့ တင်ပြခဲ့ပါသည်။

၃၆။ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များသို့ မြန်မာနိုင်ငံမှ အတည်ပြု ပါဝင်ရေးနှင့်စပ်လျဉ်း၍ "အသိပညာ တိုးမြှင့်စေရေး ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ"သို့ ၉-၇-၂၀၁၄ ရက်နေ့နှင့် ၁၀-၇-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးဖေယျာလင်းတို့ တက်ရောက်ခဲ့ကြပါသည်။

၃၇။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် နည်းဥပဒေများ (မူကြမ်း) နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ၏ လုပ်ထုံးလုပ်နည်းများသာ ရေးဆွဲရန် ရှေ့နေချုပ်ရုံး၏ အကြံပြုချက်ကို နိုင်ငံတော်သမ္မတရုံးမှ ၂၆-၇-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ၏ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး ကော်မရှင်က အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၃၈။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်း ရေးသားပြုစုခဲ့သော မြန်မာ နိုင်ငံရှိ ကျား/မ ရေးရာ အခြေအနေ ဆန်းစစ်မှုစစ်တမ်း အစီရင်ခံစာ (ပထမမူကြမ်း) အပေါ် သဘောထား မှတ်ချက်များပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၏ ၅-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁-၈/၁၈၈ (Gender)/ ၆၈၄၃ ဖြင့် တောင်းခံလာသဖြင့် ၂၀-၁၁-၂၀၁၄ ရက်နေ့တွင် ကော်မရှင်၏ သဘောထားမှတ်ချက်ကို ပြန်လည်ပေးပို့ခဲ့ပါသည်။ ယင်း သဘောထားမှတ်ချက်တွင် (ပထမမူကြမ်း) ၌ ပါရှိသည့် စကားအသုံးအနှုန်း တစ်ပြေးညီ ဖြစ်ရေးကို ပြန်လည်သုံးသပ် ပြင်ဆင်ဖော်ပြသင့်ကြောင်း၊ (ပထမမူကြမ်း) ၌ ဖော်ပြပါရှိသည့် ဥပဒေပြဋ္ဌာန်းချက်၊ လိုအပ်ချက် အင်္ဂါရပ်များကို ပြည့်စုံစွာ ဖတ်ရှုသုံးသပ်ပြီး ဥပဒေ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုက သင့်မြတ်မှန်ကန်နိုင်မည်ဖြစ်ကြောင်း၊ (ပထမမူကြမ်း) ၌ ပါရှိသော ရေးသားဖော်ပြချက်များ မှန်/ မမှန်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

## ပြည်သူ့လွှတ်တော်သို့ တင်သွင်းမေးမြန်းလာသော အဆို/ မေးခွန်းများ ဖြေကြားခြင်း

၃၉။ ၁၃-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ် ၂၄/၄၃၇ (၁ပသ)/အဖရ (၂၀၁၄) ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းက "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အစိုးရ လက်နက်ကိရိယာတစ်ခု သို့မဟုတ် သီးခြား လွတ်လပ်သည့် အဖွဲ့တစ်ခုဖြစ်ကြောင်း သိရှိလိုခြင်းနှင့် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်မှု အကျဉ်းတို့ကို သိရှိလိုခြင်း" ဟု ခေါင်းစဉ်ဖြင့် မေးခွန်းမေးမြန်းလာခဲ့ပါသည်။

၄၀။ မေးခွန်း၏ ပထမ အပိုင်းဖြစ်သည့် "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အစိုးရ လက်နက်ကိရိယာတစ်ခု သို့မဟုတ် သီးခြားလွတ်လပ်သည့် အဖွဲ့တစ်ခုဖြစ်ကြောင်း သိရှိလိုခြင်း" နှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ က အောက်ပါအတိုင်း ရှင်းလင်း ဖြေကြားခဲ့ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန် ၂၈-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၂၁၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ နှင့်အညီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၄-၉-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော် သမ္မတ၏ အမိန့်အမှတ် ၂၃/၂၀၁၄ ဖြင့် ဖွဲ့စည်း ပေးခဲ့ပါသည်။

(ခ) ကော်မရှင်ဥပဒေအရ ဖွဲ့စည်းသည့် ကော်မရှင်လောင်း စိစစ်ရွေးချယ်ရေး အဖွဲ့သည် ကော်မရှင် အဖွဲ့ဝင်လောင်း ၃၀ ဦးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ပြီးနောက် နိုင်ငံတော်သမ္မတထံ တင်ပြရပါသည်။ နိုင်ငံတော် သမ္မတသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းပြီး ကော်မရှင် အဖွဲ့ဝင် (၁၁) ဦးပါ လက်ရှိ ကော်မရှင်အဖွဲ့သစ်ကို ရွေးချယ်ခန့်အပ် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

(ဂ) ကော်မရှင်ဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးကို နိုင်ငံတော်က ထောက်ပံ့ရမည်ဟု ကော်မရှင် ဥပဒေ၏ ပုဒ်မ ၄၆ တွင် ဖော်ပြပါရှိပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ ငွေကြေးထောက်ပံ့မှုကို ရယူသော်လည်း ကော်မရှင်သည် မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိကြောင်းကို ကော်မရှင် ဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် အတိအလင်း ဖော်ပြပါရှိပါသည်။

(ဃ) ကော်မရှင်၏ အစီရင်ခံစာ တင်သွင်းမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဠ) တွင် နိုင်ငံတော်၏ လူ့အခွင့်အရေး အခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြု ထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

(င) သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတော်က ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍ ဖွဲ့စည်းပေးပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေ ပံ့ပိုးမှုရယူပြီး လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်ကြောင်း ဖြေကြား ခဲ့ပါသည်။

၄၁။ "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်မှုအကျဉ်းတို့ကို သိရှိလိုပါသည်" မေးခွန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြကြ အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ပါသည်-

(က) ကုလသမဂ္ဂက ချမှတ်ထားသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြေခံမူများ (ပါရီအခြေခံမူများ) နှင့်အညီ ဖွဲ့စည်း တည်ထောင်ထားသည့် အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အသီးသီး တို့၏ အဓိက လုပ်ငန်းတာဝန် (၃) ရပ်ဖြစ်သော လူ့အခွင့်အရေး မြင့်တင်ရေး၊ ကာကွယ် ရေးနှင့် အခြားသော အမျိုးသား လူ့အခွင့်အရေးကော်မရှင်များ၊ ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ထမ်းဆောင်လျက် ရှိပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေး ဖောက်ဖျက်ခံရမှု တိုင်တန်းချက်များကို လက်ခံစိစစ်ပြီး ကော်မရှင်၏ အကြံပြု ထောက်ခံချက်နှင့် အတူ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြဖြေရှင်းပေးလျက်ရှိပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးမှုကြောင့် နိုင်ငံသားများ၏ အလေးထား အားကိုးယုံကြည်မှုကို အထိုက်အလျောက် ရရှိလျက် ရှိပါသည်။

(ဂ) ထို့ကဲ့သို့ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် လူ့အခွင့်အရေး ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသော နေရာဒေသများသို့ ကွင်းဆင်းစစ်ဆေးမှု (၁၉) ကြိမ်၊ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ စစ်ဆေး မှု (၁၀) ကြိမ် သွားရောက် ပြုလုပ်ခဲ့ခြင်း။

(ဃ) ထို့အပြင် ကော်မရှင်က လွတ်လပ်မှုကို အခြေခံ၍ စတင်ဖွဲ့စည်းသည်မှ ယနေ့အထိ သတင်းထုတ်ပြန်ချက်ပေါင်း (၂၁) ရပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ပြန်နိုင်ခဲ့ပြီး၊ "ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း" ကို မြန်မာဘာသာ သို့ ပြန်ဆိုဖြန့်ဝေခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

(င) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF) ၏ တင်းပြည့် အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း များ ဖိုရမ် (APF) ၏ တွဲဖက်အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခွင့် ရရှိနေပြီ ဖြစ်ပါသည်။

(စ) ကော်မရှင်သည် မြို့နယ်များသို့ သွားရောက်၍ လူ့အခွင့်အရေးအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခြင်း (၄၇) ကြိမ်၊ ကုလသမဂ္ဂနှင့် အခြား အဖွဲ့အစည်းများမှ ကျွမ်းကျင်သူ ပညာရှင်များအား ဖိတ်ကြား၍ အလုပ်ရုံ ဆွေးနွေးပွဲပေါင်း (၁၅) ကြိမ် ကျင်းပခဲ့ခြင်း၊ ကော်မရှင်အဖွဲ့ဝင်နှင့် ဝန်ထမ်းများသည် အရှေ့တောင် အာရှဒေသအတွင်း ကျင်းပခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပေါင်း (၅၀) ကျော်သို့ ပါဝင်တက်ရောက်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကော်မရှင် အဖွဲ့ဝင် များသည် ပြည်နယ် (၇) ခုသို့ သွားရောက်၍ နိုင်ငံ့ဝန်ထမ်းများအတွက် လူ့အခွင့်အရေး ဘာသာရပ် အလုပ်ရုံသင်တန်း ကျင်းပရန် စီစဉ်ထားရာ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့သို့ သွားရောက် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

(ဆ) ကော်မရှင်အနေဖြင့် မဟာဗျူဟာ စီမံကိန်းနှင့် လုပ်ငန်း စီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ရာ ၎င်းစီမံချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကုလသမဂ္ဂက ဖွဲ့စည်းတည်ထောင်ထားသည့် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ (International Coordinating Committee for National Human Rights Institutions) တွင် တင်းပြည့် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် ရရှိစေရေး ဆောင်ရွက်လျက် ရှိပါသည်။

(ဇ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် ဒုတိယအကျော့ လုပ်ငန်းစဉ် (Second Cycle of UPR) တွင် မြန်မာနိုင်ငံ သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၌ သုံးသပ်ခံရန်ရှိရာ ယင်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း၊ အစီရင်ခံစာ ညှိနှိုင်းပြုစုခြင်းနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ သွားရောက်ဖြေဆိုခြင်းတို့ကို အစိုးရပိုင်းမှဆောင်ရွက်ရာတွင် မိမိတို့ ကော်မရှင်က ပံ့ပိုးကူညီခြင်းနှင့် ကော်မရှင်၏ သီးခြားအစီရင်ခံစာ ပြုစုတင်သွင်းခြင်းတို့ ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။

**အထွေထွေလုပ်ဆောင်ချက်များ**

၄၂။ RWI မှ ဦးဆောင်ပြီး မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ ၂၀-၁၂-၂၀၁၄ ရက်နေ့မှ ၂၃-၁၂-၂၀၁၄ ရက်နေ့ထိ Mandalay Hill Resort Hotel ၌ ကျင်းပပြုလုပ်သော "NHRI's Role in Human Rights Education and Myanmar National Human Rights Commission Practice" လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့မှ Resource Person အဖြစ် ပို့ချခဲ့ပါသည်။

၄၃။ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနမှ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးရာ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights) ကို မြန်မာဘာသာ (မူကြမ်း) သို့ ၃၁-၁၂-၂၀၁၄ ရက်နေ့တွင် ပြန်ဆိုခဲ့ပြီး ဖြစ်ပါသည်။

## မူဝါဒနှင့် ဥပဒေဆိုင်ရာ အကြံပြုချက်များ

၄၄။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဓိကစာချုပ် (၉) ရပ် အနက် (၃) ရပ်ကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights-ICESCR) ကိုလည်း မြန်မာနိုင်ငံက ပါဝင်လက်မှတ် ရေးထိုးသင့်ကြောင်းကို ၂၉-၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော် သမ္မတထံသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ တင်ပြထားခြင်းအပေါ် စဉ်းစား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၄၅။ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict) အပေါ် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သဘောထားမှတ်ချက် တောင်းခံလာသည့်အတွက် ယင်းနောက် ဆက်တွဲ စာချုပ်ကို မြန်မာနိုင်ငံအနေဖြင့် ပါဝင်ချုပ်ဆိုသင့်ပါကြောင်း ၂၄-၃-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ပြန်ကြားခဲ့ပြီး ဖြစ်ပါသဖြင့် ယင်းပြန်ကြား ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြ အပ်ပါသည်။

၄၆။ မြန်မာနိုင်ငံ၏ တည်ဆဲကလေးသူငယ်ဥပဒေ (၁၉၉၃ ခုနှစ်) သည် မြန်မာနိုင်ငံက ပါဝင် ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ၂၀၁၂ ခုနှစ်တွင် ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်များအား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ညစ်ညမ်းရုပ်သံ၊ စာများတွင် အသုံးပြုခြင်းတို့နှင့် စပ်လျဉ်းသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ စာချုပ်၏ နောက်ဆက်တွဲစာချုပ်တို့နှင့် ကိုက်ညီမှု ရှိစေရေးအပြင် ပြောင်းလဲလာသော ယနေ့ဖြစ်စဉ်များနှင့် လိုက်လျောညီထွေရှိစေမည့် ကလေး သူငယ် ဥပဒေအသစ်ကို မူကြမ်းရေးဆွဲနေပြီ ဖြစ်သဖြင့် အမြန် အကောင်အထည်ဖော် ဆောင်ရွက် သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

၄၇။ မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းစာချုပ်နှင့် လိုက်လျောညီထွေ ရှိပြီး ပိုမို ကျယ်ပြန့်လျက် ထိရောက်မှုရှိစေမည့် ပြည်တွင်းဥပဒေတစ်ရပ် ဖြစ်သည့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိရာ ဆောလျင်စွာ အတည်ပြု ပြဋ္ဌာန်းသင့်ပါသည်။

၄၈။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ်ကို ပါဝင် ချုပ်ဆိုထားသည့် နိုင်ငံဖြစ်ပါသည်။ သို့ဖြစ်၍ ပြောင်းလဲလာသော ယနေ့ဖြစ်စဉ်များနှင့် လိုက်လျော ညီထွေရှိသည့်အပြင် ပိုမိုကျယ်ပြန့်ပြီး ထိရောက်မှုရှိစေမည့် ပြည်တွင်းဥပဒေတစ်ရပ် ဖြစ်သည့် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိရာ ဆောလျင် စွာ အတည်ပြု ပြဋ္ဌာန်း ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါသည်။

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ လုပ်ဆောင်မှုများ

### လုပ်ငန်းတာဝန်များ

၄၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ အခန်း (၅) တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သော အောက်ပါလုပ်ငန်း တာဝန်များကို စီမံဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနကို ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(က) လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ခ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ၊ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့် နေရာသို့ သွားရောက် စစ်ဆေးခြင်း၊

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားသည့် နေရာသို့ သွားရောက် စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်း စောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက် စစ်ဆေးခြင်း။

၅၀။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနတွင် ကော်မရှင်ရုံး ဝန်ထမ်းများ အဖြစ် ဒုတိယ ညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦး၊ ဒုတိယ လူ့အခွင့်အရေးဦးစီးမှူး (၃) ဦး၊ အငယ်တန်းစာရေး (၃) ဦးတို့ကို တာဝန်ပေး ခန့်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနအား ကြီးကြပ်ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော ကော်မရှင်မျက်နှာ စုံညီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၄) ဆုံးဖြတ်ချက်ဖြင့် အောက်ပါ ကော်မရှင်အဖွဲ့ဝင်များ အား တာဝန်ပေးအပ်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးဇော်ဝင်း | အဖွဲ့ဝင် |
| (ခ) | ဒေါက်တာဉာဏ်ဇော် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်မြမြ | အဖွဲ့ဝင် |

၅၁။ အထက်ပါအဖွဲ့သည် တိုင်တန်းချက်များ စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစနစ်နှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစနစ်တို့ကို အသေးစိတ်ရေးဆွဲပြီး၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်၍ ယခင် ကော်မရှင် အဖွဲ့ဟောင်း လက်ထက်မှ လက်ကျန် တိုင်တန်းချက် အမှုပေါင်း (၁၈၈) မှုနှင့် အသစ် ထပ်မံ လက်ခံရရှိသော တိုင်တန်းချက် အမှုပေါင်း (၂၂၅) မှု တို့ကို ၂၀၁၄ ခုနှစ်အတွင်း ကြားနာ စစ်ဆေးခဲ့ပါသည်။

**တိုင်တန်းချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ**

၅၂။ ၂၀၁၄ ခုနှစ်အတွင်း တိုင်တန်းချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **၂၀၁၃ ခုနှစ် လက်ကျန် အမှုများအား ဆောင်ရွက်မှု အခြေအနေ**။ တိုင်တန်းချက်များ စိစစ်ရေးအဖွဲ့သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဌာနသို့ ၂၀၁၃ ခုနှစ်အတွင်း တိုင်တန်းခဲ့သည့် လက်ကျန်အမှု (၄၃၂) မှု ကို ၂-၁-၂၀၁၄ ရက် နေ့မှ ၁၃-၃-၂၀၁၄ ရက်နေ့အထိ အစည်းအဝေး (၃၈) ကြိမ်ပြုလုပ်၍ ကြားနာ စိစစ်ခဲ့ပြီး အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(၁) ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ ညှိနှိုင်း မေးမြန်းတင်ပြမှု (၁၂၃) မှု၊

(၂) တိုင်တန်းသူများသို့ အကျိုးအကြောင်း ဖော်ပြပြန်ကြားမှု (၄၅) မှု၊

(၃) တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှု မရှိ၍လည်းကောင်း၊ တိုင်တန်းရာတွင် အချက်အလက် အထောက်အထား မပြည့်စုံ၍လည်းကောင်း မှတ်တမ်းတင်သည့် အမှုပေါင်း (၂၆၄) မှု။

(ခ) **ပြည်တွင်းမှ တိုင်တန်းသော အမှုများအား ဆောင်ရွက်မှု အခြေအနေ**။ ၂၀၁၄ ခုနှစ်အတွင်း တိုင်တန်းချက်ပေါင်း (၁၈၅၅) စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို ဤကာလအတွင်း တိုင်တန်းချက်များစိစစ်ရေးအဖွဲ့ အစည်းအဝေး (၁၃၇) ကြိမ် ပြုလုပ်၍ ကြားနာစိစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ အကြောင်းကြားစာ ပေးပို့ခြင်း၊ သက်ဆိုင်ရာသို့ ပေးပို့မေးမြန်းထားကြောင်း တိုင်တန်းသူများထံ ပြန်ကြားခြင်း၊ အမှုကိစ္စများနှင့် ပတ်သက်သည့် လူပုဂ္ဂိုလ်များအား လိုအပ်ပါက ဆင့်ခေါ်၍ အချက်အလက် တောင်းခံခြင်း၊ စုံစမ်းစစ်ဆေး မေးမြန်းခြင်း၊ တရားစီရင်ရေး နည်းလမ်းဖြင့် ဆောင်ရွက်နေသည့် အမှုများအား ကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့် အကျုံးမဝင်ကြောင်း ပြန်ကြားခြင်း၊ ကော်မရှင်၏ ကာလ သတ်မှတ်ချက်နှင့် အကျုံးမဝင်သည့် တိုင်တန်းချက်များကို အကျုံးမဝင်ကြောင်း ပြန်ကြားခြင်းနှင့် မိတ္တူပေးပို့သော အမှုကိစ္စများအား မှတ်တမ်းတင်ခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များသို့ ညှိနှိုင်းမေးမြန်း တင်ပြမှုများ | ၅၄၃ မှု၊ |
| (၂) | သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများမှ စုံစမ်းစစ်ဆေးမှုများအရ တိုင်တန်းသူများထံသို့ ပြန်ကြားမှုများ | ၁၆၇ မှု၊ |

(၃) ကော်မရှင် ဥပဒေပုဒ်မ ၃၇ ပါအချက်များနှင့် ကိုက်ညီမှုမရှိခြင်း တိုင်တန်းချက် အင်္ဂါရပ်များနှင့် ပြည့်စုံမှုမရှိခြင်းတို့ကြောင့် မှတ်တမ်း တင်ထားသည့်အမှုများ ၉၁၆ မှု၊

(၄) စိစစ်ရန် ကျန်ရှိသည့်အမှု ၂၂၉ မှု။

(ဂ) **ပြည်ပမှ တိုင်တန်းသော အမှုများအား ဆောင်ရွက်မှု အခြေအနေ။** ၂၀၁၄ ခုနှစ် အတွင်း ပြည်ပမှ e-mail၊ g-mail၊ fax တို့ဖြင့် ပေးပို့လာသော တိုင်တန်းသည့် အမှုပေါင်း (၁၁၅) မှု ရှိပြီး၊ ၎င်းတို့ကို ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးသို့ တင်ပြခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်း၊ သက်ဆိုင်ရာ ဌာနနှင့် ပုဂ္ဂိုလ်များထံ ပြန်ကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဃ) **ထိုင်းနိုင်ငံ၊ ခိုတောင်းကျွန်း၌ ဗြိတိန်နိုင်ငံသား (၂) ဦး အသတ်ခံရမှု။** ၁၅-၉-၂၀၁၄ ရက်နေ့က ထိုင်းနိုင်ငံ ခိုတောင်းကျွန်း၌ ဗြိတိန်နိုင်ငံသား (၂) ဦး အသတ်ခံရမှုနှင့် ပတ်သက်၍ စွပ်စွဲဖမ်းဆီးခြင်း ခံနေရသော မြန်မာနိုင်ငံသား မောင်ဇော်လင်းနှင့် မောင်ဝင်းဇော်ထွန်းတို့ကို ညှဉ်းပန်းနှိပ်စက်မှု မပြုရေး၊ မိသားစုနှင့် တွေ့ဆုံခွင့်ပြု ရေး၊ ဥပဒေနှင့်အညီ စစ်ဆေးစီရင်ရေး၊ လူ့အခွင့်အရေး ဖောက်ဖျက်မှု မခံရစေရေး အတွက် ပံ့ပိုးကူညီပေးပါရန် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ မေတ္တာရပ်ခံစာ ပေးပို့ခဲ့ပါသည်။ (နောက်ဆက်တွဲ - က)

၅၃။ ၂၀၁၄ ခုနှစ်အတွင်း လက်ခံရရှိခဲ့သော တိုင်တန်းချက်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမျိုးအစား ခွဲခြားရာတွင် (၂၁) မျိုးရှိကြောင်း တွေ့ရှိရပါသည်။ ယင်းတို့ အနက် မြေယာ အငြင်းပွားမှုများမှာ အများဆုံးဖြစ်ပြီး၊ ရန်ကုန်တိုင်း ဒေသကြီးသည် တိုင်တန်းမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်ကို တွေ့ရှိရပါသည်။ (နောက်ဆက်တွဲ - ခ)

၅၄။ တိုင်တန်းချက်များအား ကြားနာစိစစ်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ရုံးများသို့ တင်ပြ အကြောင်းကြားခဲ့ရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၃၈ နှင့် အညီ ရက်ပေါင်းသုံးဆယ်အတွင်း ကော်မရှင်သို့ ပြန်ကြား စာ ပေးပို့ခဲ့သည့် အမှုများမှာ (၁၂) မှု သာ ရှိပြီး၊ ရက်ပေါင်း (၉၀) ကျော်လွန်မှ လက်ခံရရှိသော ပြန်ကြားစာများမှာ အများဆုံး ဖြစ်နေ သည်ကို တွေ့ရှိရပါသည်။ (နောက်ဆက်တွဲ - ဂ)

၅၅။ ၂၀၁၄ ခုနှစ်အတွင်း လအလိုက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ ဌာနများမှ ပြန်ကြားစာများ လက်ခံရရှိမှု အခြေအနေကို စိစစ်ရာတွင် ဒီဇင်ဘာလ၌ အများဆုံး လက်ခံရရှိ ခဲ့ပြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ အများဆုံး ပြန်ကြားခဲ့သည်ကို စာရင်းအရ တွေ့ရှိရပါသည်။ (နောက်ဆက်တွဲ - ဃ)

၅၆။ လက်ခံရရှိခဲ့သော ပြန်ကြားစာ (၂၈၈) စောင်အား သက်ဆိုင်ရာ တိုင်တန်းသူများ ထံသို့ ဆက်လက် အကြောင်းကြားခဲ့မှုမှာ (၄၁) မှုဖြစ်ပြီး၊ ဆောင်ရွက်ရန်ကျန် (၂၄၇) မှု ဖြစ်ပါသည်။

၎င်းတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးပြတ်အောင် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ နောက်ဆက်တွဲ (င)

**ကွင်းဆင်းစစ်ဆေးမှုအခြေအနေ**

၅၇။ ၂၀၁၄ ခုနှစ်အတွင်း တိုင်တန်းချက်များနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၃၀-၁-၂၀၁၄ ရက်နေ့မှ ၃-၂-၂၀၁၄ ရက်နေ့ထိ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်ခရိုင်၊ မောင်တော မြို့နယ်သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးလှမြင့်၊ အဖွဲ့ဝင် ဦးခွထီးယိုး၊ အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော် တို့ပါဝင်သောအဖွဲ့မှ ဒူချီးယားတန်းကျေးရွာဖြစ်စဉ်အား သွားရောက်စုံစမ်း စစ်ဆေးခဲ့ပါသည်။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒူချီးယားတန်းကျေးရွာ အဖြစ်အပျက်ကို စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်ကို ၁၄-၂-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် Website တွင် ဖော်ပြခဲ့ပါသည်။ (နောက်ဆက်တွဲ - စ)

(ခ) ၃၀-၄-၂၀၁၄ ရက်နေ့မှ ၅-၅-၂၀၁၄ ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်ဖျာကျေးရွာသို့ ကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခွထီးယိုး၊ အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်တို့ ပါဝင်သောအဖွဲ့မှ ပြင်ဦးလွင် ခရိုင်အတွင်း နယ်မြေများ စုံစမ်းစစ်ဆေးခြင်းနှင့် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။

(ဂ) ၃-၇-၂၀၁၄ ရက်နေ့မှ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်မှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောက်ကျင်း၊ ငန်းတေးရပ်ကွက်သို့ ဦးညွှန့်လွင်၏ လယ်ယာမြေများကို ထပရ (၅၂၅) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ဥပဒေမဲ့ မတရား သိမ်းဆည်းခဲ့ခြင်း ကိစ္စအား သွားရောက်၍ စုံစမ်းစစ်ဆေးခဲ့ပါသည်။

(ဃ) ၇-၇-၂၀၁၄ ရက်နေ့တွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်နှင့် ရုံးအဖွဲ့ (၁) ဦးတို့မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မရမ်းချောင်ကျေးရွာရှိ မေတ္တာပရဟိတဂေဟာသို့ သွားရောက်ပြီး ဂေဟာအတွင်း ငွေအလွဲသုံးစား ပြုလုပ်ခြင်း၊ အနာကြီးရောဂါသည် သက်ကြီးရွယ်အိုများအား ရိုင်းစိုင်းစွာ ဆဲဆိုကြိမ်းမောင်းခြင်း၊ မုဒိမ်းမှုဆန်ဆန် ဖြစ်ပွားမှုကို သက်ဆိုင်ရာသို့ တိုင်းကြားပေးခြင်းမရှိဘဲ ဖုံးကွယ်ထားမှုများ မှန်ကန်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

(င) ၁-၁၁-၂၀၁၄ ရက်နေ့မှ ၈-၁၁-၂၀၁၄ ရက်နေ့ထိ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးဇော်ဝင်း၊ အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်တို့ ပါဝင်သော အဖွဲ့မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ကျိုက်မရောမြို့နှင့် ရွှေဝါချောင်ကျေးရွာသို့ သွားရောက်၍ ကိုအောင်နိုင် (ခ) ပါကြီး သေဆုံးမှုအား အဖြစ်မှန်ပေါ်ပေါက် ရေးအတွက် ပထမအကြိမ် စုံစမ်းစစ်ဆေးခဲ့ပါသည်။ ထို့နောက် ၁၂-၁၁-

၂၀၁၄ ရက်နေ့မှ ၁၄-၁၁-၂၀၁၄ ရက်နေ့ထိ ဒုတိယအကြိမ် စုံစမ်းစစ်ဆေးခဲ့ပါသည်။ ၁-၁၂-၂၀၁၄ ရက်နေ့တွင် စစ်ဆေးတွေ့ရှိချက်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သုံးသပ်ချက်၊ အကြံပြုချက်၊ တိုက်တွန်းချက်များနှင့်တကွ နိုင်ငံတော် သမ္မတထံသို့ တင်ပြခဲ့ပါသည်။ ၎င်းသေဆုံးမှုနှင့် ပတ်သက်သည့် သတင်း ထုတ်ပြန်ချက်ကိုလည်း ၂-၁၂-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Website တွင် ဖော်ပြခဲ့ပါသည်။ (နောက်ဆက်တွဲ - ဆ)။ ထို့အပြင် ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုအပေါ် သက်သေထွက်ဆိုချက်ပေးရန် ပျက်ကွက်ခဲ့ကြသူများနှင့် ပတ်သက်သည့် သတင်းကို ၅-၁၂-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

(စ) စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ခြံစည်းရိုး ကာရံရေးလုပ်ငန်း ဆောင်ရွက်စဉ် ရွာသူ၊ ရွာသားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ အဓိကရုဏ်းဖြစ်ပွားပြီး မိုးကြိုးပြင် (အလယ်) ကျေးရွာသူ ဒေါ်ခင်ဝင်း (၅၃) နှစ်၊ သေဆုံးမှုအား အဖြစ်မှန် ပေါ်ပေါက်ရေးအတွက် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော် နှင့် ဦးစိုးဘုန်းမြင့်တို့ ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ၃၀-၁၂-၂၀၁၄ ရက်နေ့မှ ၂-၁-၂၀၁၅ ရက်နေ့အထိ မုံရွာမြို့နှင့် ဆားလင်းကြီးမြို့နယ်သို့ သွားရောက်ပြီး ရှင်းလင်းတင်ပြချက်များနှင့် သက်သေ ထွက်ဆိုချက်များကို ရယူခဲ့ပါသည်။ ၃၁-၁၂-၂၀၁၄ ရက်နေ့တွင် အခင်း ဖြစ်ပွားခဲ့သည့် နေရာအား သွားရောက်ကြည့်ရှု လေ့လာခဲ့ပါသည်။ ထို့နောက် ၁၂-၁-၂၀၁၅ ရက်နေ့တွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အဓိကရုဏ်းဖြစ်စဉ်နှင့် ပတ်သက်၍ ကော်မရှင်၏ အစီရင်ခံစာကို နိုင်ငံတော်သမ္မတ ထံသို့ တင်ပြခဲ့ပါသည်။ ၁၄-၁-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် Website တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ (နောက်ဆက်တွဲ - ဇ)

## အခြားဆောင်ရွက်ချက်များ

၅၈။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဌာနသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ အတွင်း တိုင်တန်းချက်များ စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစနစ်နှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစနစ်တို့ကို ရေးသား ပြုစုခဲ့ပါသည်။

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပြုချက်များ

၅၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ နှင့်အညီ ဌာန၊ အဖွဲ့အစည်းများသည် ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေကို ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားပေးခြင်းနှင့် ပတ်သက်၍ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားလာသော ဌာနအချို့ ရှိသကဲ့သို့ အောက်ပါအတိုင်း ပျက်ကွက်မှုရှိသော အခြေအနေ များကိုလည်း တွေ့ရှိရပါသည် -

(က) လုံးဝပြန်ကြားခြင်း မပြုခဲ့သော ဌာနများ၊

(ခ) ရက်ပေါင်း ၃၀ ကျော်မှ ပြန်ကြားသော ဌာနများ၊

(ဂ) အပြီးသတ်ဆောင်ရွက် ပြီးစီးမှုကို ဖော်ပြနိုင်ခြင်းမရှိဘဲ ဆောင်ရွက်နေဆဲ ဖြစ်သည် ဟု ပြန်ကြားသော ဌာနများ၊

၆၀။ သို့ဖြစ်ပါ၍ အထက်ပါ ဌာနများအနေဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ပေးပါရန် အကြံပြု တိုက်တွန်း အပ်ပါသည်။

၆၁။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရသဖြင့် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်က စုံစမ်းစစ်ဆေးပြီး ဆုံးရှုံးနစ်နာမှုရှိကြောင်း တွေ့ရှိရပါက အဆိုပါ နစ်နာမှုအပေါ် ကုစား ဖြေရှင်း ပေးရေးအတွက် နည်းလမ်းချမှတ် ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တိုက်တွန်းအပ်ပါသည်။

## နိုင်ငံတကာဆက်ဆံရေးဌာန၏ လုပ်ဆောင်မှုများ

### လုပ်ငန်းတာဝန်များ

၆၂။ နိုင်ငံတကာဆက်ဆံရေးဌာနသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ အခန်း (၅)၊ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဆ) တွင် ပြဋ္ဌာန်းပါရှိသည့် ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များနှင့်အညီ ကမ္ဘာ့နိုင်ငံ အားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန် သုံးသပ်သည့် လုပ်ငန်းစဉ် အပါအဝင် အခြား အမျိုးသားအဆင့်၊ ဒေသဆိုင်ရာ အဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် သင့်လျော်သလို တိုင်ပင် ဆွေးနွေးခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၆၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေးနှင့် ပတ်သက် သော ဒေသဆိုင်ရာ အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်း၊ အရှေ့တောင် အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) နှင့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (APF) ကဲ့သို့သော ဒေသအဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း စသည်ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ နိုင်ငံ တကာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု မြင့်တင်ရန် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။

၆၄။ နိုင်ငံတကာဆက်ဆံရေးဌာနတွင် ကော်မရှင်ရုံးဝန်ထမ်းများအဖြစ် ဒုတိယညွှန်ကြားရေး မှူး (၁) ဦး၊ လက်ထောက် ညွှန်ကြား ရေးမှူး (၁) ဦး၊ လူ့အခွင့်အရေးအရာရှိ (၁) ဦး၊ ဒုတိယ လူ့အခွင့်အရေးဦးစီးမှူး (၁) ဦး၊ အငယ်တန်းစာရေး (၁) ဦးတို့ကို တာဝန်ပေး ခန့်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတကာ ဆက်ဆံရေးဌာနအား ကြီးကြပ်ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော

ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၄) ဆုံးဖြတ်ချက်ဖြင့် အောက်ပါ ကော်မရှင် အဖွဲ့ဝင်များအား တာဝန် ပေးအပ် ခဲ့ပါသည်-

(က) ဦးညွန့်ဆွေ အဖွဲ့ဝင်
(ခ) ဒေါက်တာမြင့်ကြည် အဖွဲ့ဝင်

၆၅။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ လူ့အခွင့်အရေး နေ့၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက် တွင်လည်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဒေသတွင်း လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့ အစည်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်းကို အလေးထား ဖော်ပြခဲ့ပါသည်။

**အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်** [၁]

၆၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ တင်းပြည့်အဖွဲ့ဝင် ဖြစ်ပြီးနောက် ဖိုရမ်၏ အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လျက် ရှိပါသည်။ ဖိုရမ်အနေဖြင့် ပုံမှန်အားဖြင့် တစ်နှစ်လျှင် နှစ်ပတ်လည် အစည်းအဝေး (Annual Meeting) တစ်ကြိမ်နှင့် လုပ်ငန်းအဖွဲ့ အစည်းအဝေး (Technical Working Group Meeting _ TWG) နှစ်ကြိမ် ကျင်းပပါသည်။

၆၇။ ၂၀၁၄ ခုနှစ်အတွင်း ဖိုရမ်၏ ဥက္ကဋ္ဌအဖြစ် အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က တာဝန်ယူ ဆောင်ရွက်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဥက္ကဋ္ဌ တာဝန်ယူထားသည့် ကာလအတွင်း၌ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဦးခွထီးယိုးတို့သည် အခြားဖိုရမ်အဖွဲ့ဝင် ကော်မရှင် (၅) ဖွဲ့နှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

၆၈။ SEANF ၏ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် အဓိကအားဖြင့် နှစ်ပတ်လည် အစည်းအဝေး ၌ ဆွေးနွေးမည့် ဘာသာရပ်များကို ဆွေးနွေး အဆိုပြုကြပါသည်။ ကျန်ဘာသာရပ်အနေဖြင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ အမြဲတမ်း အတွင်းရေးမှူး ချုပ်ရုံး တည်ထောင်ရေးကိစ္စ၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် Land Watch Asia (LWA) နှင့် International Land Coalition (ILC) တို့နှင့် ပူးပေါင်း၍ မြေယာအခွင့်အရေး (Land Rights) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်ကိစ္စ၊ အင်ဒိုနီးရှား အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကပင် နိုင်ငံရေး ခိုလှုံခွင့်နှင့် စပ်လျဉ်းသည့် ဒေသဆိုင်ရာ အစည်းအဝေး ကျင်းပရန် ရည်ရွယ်သည့်ကိစ္စ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

---

[၁] *Southeast-Asia National Human Rights Institutions Forum -SEANF*

က Raoul Wallenberg Institute (RWI) မှ ဘဏ္ဍာငွေ ပံ့ပိုးမှု ရရှိပါက ၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ကျင်းပရန် ရည်ရွယ်သည့် ကိစ္စ၊ ဖိလစ်ပိုင်နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က SEANF Website တည်ထောင်ထားသဖြင့် Website ၌ တင်လိုသည့် သတင်းအချက်အလက်များ ရှိပါက ပေးပို့ရန် ကိစ္စတို့ အပါအဝင် ဘာသာရပ်များ စုံလင်စွာ ဆွေးနွေး ကြပါသည်။

၆၉။ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဦးခင်မောင်လေးတို့သည် အခြား ဖိုရမ်အဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် အဓိကအားဖြင့် ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးက ရေးဆွဲထားသည့် နှစ်ပတ်လည် အစည်းအဝေးအတွက် အစည်းအဝေး အစီအစဉ် မူကြမ်းကို ပြင်ဆင်ဖြည့်စွက်ကြပါသည်။ ဘာသာရပ်များအနေဖြင့် ဆွေးနွေးရာတွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကို အဓိက ဆွေးနွေးကြပါသည်။

၇၀။ အင်ဒိုနီးရှားနိုင်ငံ ကော်မရှင်က အဆိုပါ အတွင်းရေးမှူးချုပ်ရုံးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ တည်ထောင် ဖွင့်လှစ်ရန် အဆိုပြုကြောင်း၊ ASEAN အတွင်းရေးမှူးချုပ်ရုံးမှာ ဂျကာတာမြို့၌ ရှိသဖြင့် အဆိုပြုခြင်းဖြစ်ကြောင်း၊ ရုံးခန်းအတွက် ၎င်းတို့ ကော်မရှင်က စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ် အချို့ကို ပြင်ပအကူအညီမှ ရရှိနိုင်ကြောင်း၊ အသေးစိတ်အချက်များကို ရေးဆွဲတင်ပြမည် ဖြစ်ကြောင်း စသည်ဖြင့် တင်ပြပါသည်။ အခြားဘာသာရပ်များကို ဆွေးနွေးရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) နှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံ အစိုးရချင်းဆိုင်ရာ ကော်မရှင်၏ ထိတွေ့မှု ကိစ္စအား တင်ပြဆွေးနွေးပါသည်။

၇၁။ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ၎င်းတို့အနေဖြင့် SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် တင်ပြခဲ့သည့်အတိုင်း မြေယာ အခွင့်အရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့ကြောင်း တင်ပြပါသည်။ ဖိလစ်ပိုင်နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က စီးပွားရေး လုပ်ငန်းနှင့် လူ့အခွင့်အရေး (Business and Human Rights) ဘာသာရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပါသည်။

၇၂။ SEANF ၏ နှစ်ပတ်လည် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၌ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့ ပါဝင် တက်ရောက်ခဲ့ကြပါသည်။ နှစ်ပတ်လည် အစည်းအဝေးတွင် အဓိက ဆွေးနွေးခဲ့သော ကိစ္စရပ်မှာ SEANF ၏ ယာယီ အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ကိစ္စဖြစ်ပြီး အဆိုပါ ရုံးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ

မြို့ရှိ အင်ဒိုနီးရှား အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ဖွင့်လှစ်ရန် သဘောတူခဲ့ကြပါသည်။

၇၃။ အခြား ဆွေးနွေးသော ကိစ္စရပ်များမှာ ပဋိပက္ခကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရာတွင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ အခန်းကဏ္ဍ၊ အာဆီယံ အသိုက်အဝန်း ၂၀၁၅ နှင့် စပ်လျဉ်းသည့်ကိစ္စ၊ SEANF ဖိုရမ်အဖွဲ့ဝင်များ အနေဖြင့် ၂၀၁၂ ခုနှစ် တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ကျင်းပခဲ့သော နှစ်ပတ်လည် အစည်းအဝေးက သတ်မှတ်ထားသည့် ဘာသာရပ် (၅) ရပ်အနက် မိမိတို့ သက်ဆိုင်ရာ ဘာသာရပ် အသီးသီးကို တာဝန်ယူ ဆောင်ရွက်ကြရန်ကိစ္စ၊ အသက်အရွယ် ကြီးရင့်သူများ အခွင့်အရေးနှင့် စပ်လျဉ်း၍ အာဆီယံ ကွန်ဗင်းရှင်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် SEANF အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန် ကိစ္စတို့ကို ဆွေးနွေးကြ ပါသည်။

၇၄။ အစည်းအဝေးအပြီးတွင် ၂၀၁၅ ခုနှစ်အတွက် SEANF ဥက္ကဋ္ဌ တာဝန်ကို မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လွှဲပြောင်း ပေးအပ်ပါသည်။ အဖွဲ့ဝင် နိုင်ငံများသည် အက္ခရာစဉ်အလိုက် လွှဲပြောင်း တာဝန်ယူကြရသည်ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် SEANF ဥက္ကဋ္ဌ တာဝန်ကို ၂၀၁၆ ခုနှစ်တွင် တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (APF)** [၂]

၇၅။ APF သည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် APF ၏ တွဲဖက်အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံအဖြစ် လက်ခံခဲ့ပါသည်။ ဤကဲ့သို့ တွဲဖက်အဖွဲ့ဝင်အဖြစ် လက်ခံခြင်းမှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အနေဖြင့် ကုလသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ (International Coordinating Committee for NHRIs_ ICC) သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်း မပြုရသေးသဖြင့် တွဲဖက်အဖွဲ့ဝင်အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ICC တွင် "အေ" အဆင့် အဖွဲ့ဝင်အဖြစ် လက်ခံပြီးပါက APF ကလည်း မိမိတို့ ကော်မရှင်အား တင်းပြည့် အဖွဲ့ဝင်အဖြစ် တိုးမြှင့်၍ လက်ခံမည် ဖြစ်ပါသည်။

၇၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် APF ၏အကူအညီဖြင့် ၂၀၁၄-၂၀၁၆ ခုနှစ်အတွက် Strategic Planကို ၂၀၁၃ ခုနှစ်တွင် ရည်ရွယ်ချက် (၅) ရပ်ဖြင့် ရေးဆွဲချမှတ်ခဲ့ပြီး ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နှစ်အလိုက် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၄ ခုနှစ်အတွင်း APF မှ ကြီးမှူးကျင်းပခဲ့သော အစည်းအဝေးများသို့လည်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

---

၂ *Asia Pacific Forum (APF)*

၇၇။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးလှမြင့်တို့သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်သော APF ၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကိုယ်စားလှယ်အဖွဲ့က ပြည်ထောင်စု လွှတ်တော်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခြင်း၊ ကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၄-၂၀၁၆ မဟာဗျူဟာ စီမံကိန်း ရေးဆွဲချမှတ်မှုတို့ကို တင်ပြ ဆွေးနွေးခဲ့ပါသည်။

၇၈။ အဆိုပါ နှစ်ပတ်လည် အစည်းအဝေးတွင် APF ၏ ၂၀၁၅-၂၀၂၀ မဟာဗျူဟာ စီမံကိန်းကို ချမှတ်နိုင်ခဲ့ပြီး APF ၏ ဘဏ္ဍာရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ဆွေးနွေးရာတွင် ကော်မရှင် ကိုယ်စားလှယ် အဖွဲ့မှ အကြံပြုချက်များ တင်ပြဆွေးနွေးခဲ့ ပါသည်။ APF ၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ကာဇက်စတန် နိုင်ငံ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းအား APF ၏ တွဲဘက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သဖြင့် APF ၏ အဖွဲ့ဝင် နိုင်ငံပေါင်းမှာ (၂၂) နိုင်ငံ ရှိလာခဲ့ပြီ ဖြစ်ပါသည်။ APF ၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် မွန်ဂိုလျားနိုင်ငံ၌ ကျင်းပသွားရန် ယင်းအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

## Raoul Wallenberg Institute (RWI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၇၉။ RWI သည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် စတင်ဖွဲ့စည်း တည်ထောင်သည့် အချိန်မှစ၍ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး လုပ်ငန်းများတွင် လိုအပ်သည့် ရန်ပုံငွေ ထောက်ပံ့မှုများကို အစဉ်တစိုက် ပြုလုပ်ပေးခဲ့သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်း၊ ကော်မရှင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ RWI နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ ပူးပေါင်းကာ ၂၀၁၂-၂၀၁၆ လုပ်ငန်းစီမံချက်များရေးဆွဲ၍ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွီဒင်နိုင်ငံ၏ Swedish International Development Agency (Sida) ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် Raoul Wallenberg Institute (RWI) နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၈၀။ ၂၀၁၄ ခုနှစ်အတွင်း၌ အစိုးရဝန်ထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများကို မြန်မာနိုင်ငံ၏ ပြည်နယ် (၇) ခု၌ RWI ၏ ရန်ပုံငွေ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်နိုင်ခဲ့ပြီး၊ ကျန်ရှိသော တိုင်းဒေသကြီးများတွင် ၂၀၁၅ ခုနှစ် အတွင်း၌ ပြုလုပ်သွားရန် စီစဉ်ထားရှိပါသည်။

၈၁။ ပြည်သူများ လူ့အခွင့်အရေးဆိုင်ရာ အသိပညာနှင့် ဗဟုသုတများ တိုးပွားစေရန် လူ့အခွင့်အရေး မြှင့်တင်ပညာပေးသည့် အနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှတစ်ဆင့် လူ့အခွင့်အရေး ပညာပေး ဇာတ်လမ်းတိုများအား ၂၀၁၅

ခုနှစ်အတွင်း၌ ရိုက်ကူး ထုတ်လွှင့်ရန်အတွက် RWI ၏ ရန်ပုံငွေ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၄ ခုနှစ်တွင် စီစဉ် ဆောင်ရွက် ခဲ့ပါသည်။

၈၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် RWI နှင့် ပူးပေါင်း၍ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့ရှိ Inya Lake Hotel တွင် Training Workshop on National Inquiries on the Rights of Persons with Disabilities ကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မသန်စွမ်းသူများ အခွင့်အရေးနှင့် မသန်စွမ်းသူများ လူ့အဖွဲ့ အစည်းအတွင်း အကျိုးရှိစွာနှင့် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြ ပါသည်။

**အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ [၃] သို့ ဝင်ရောက်ခွင့် ရရှိရေး ဆောင်ရွက်ခြင်း**

၈၃။ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ (ICC) သည် ကုလသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ နိုင်ငံ တကာ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ICC သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို ICC ၏ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီမှ လက်ခံပြီး ပါရီမူဝါဒနှင့် ကိုက်ညီမှုရှိသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအား အဆင့် "အေ"အဖြစ်လည်းကောင်း၊ ပါရီမူဝါဒနှင့် အချို့ အချက်များ ကိုက်ညီမှုရှိပြီး အချို့အချက်များ ကိုက်ညီမှုမရှိသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများကို အဆင့် "ဘီ"အဖြစ် လည်းကောင်း၊ ပါရီမူဝါဒနှင့် ကိုက်ညီမှုမရှိသေးသည့် လူ့အခွင့်အရေး အဖွဲ့အစည်းများကို အဆင့် "စီ" အဖြစ်လည်းကောင်း သတ်မှတ်ပါသည်။ မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်းတွင် ICC အဖွဲ့ဝင် အဖြစ် လျှောက်ထားရန် စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။ ICC တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ပါ က ဒေသဆိုင်ရာအဆင့်တွင်သာမက နိုင်ငံတကာ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ နှင့်ပါ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အတွေ့အကြုံ ဖလှယ်ခွင့်များ ရရှိလာနိုင်မည် ဖြစ်ပါသည်။

**ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း**

၈၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဒေသတွင်း အလုပ်ရုံ ဆွေးနွေးပွဲ တစ်ရပ်ဖြစ်သည့် Workshop on Human Rights and Agribusiness in Southeast Asia ကို Forest Peoples Programme (FPP) နှင့် RECOFTC- The Center for People and Forests and the Rights and Resources Initiative တို့၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ရှိ Kandawgyi Palace Hotel တွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့

---

[၃] *International Coordinating Committee for NHRIs_ ICC*

တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် လည်းကောင်း (၃) ကြိမ် ကျင်းပခဲ့ပြီး ၎င်းအလုပ်ရုံ ဆွေးနွေးပွဲများ၏ နောက်ဆက်တွဲအဖြစ် ကျင်းပ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

၈၅။ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံ (၅) နိုင်ငံရှိ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် များမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း (၆၅) ဦးခန့် ပါဝင်တက်ရောက်ခဲ့ပြီး အရှေ့တောင် အာရှရှိ စိုက်ပျိုးရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး ကိစ္စ ရပ်များ၊ ဒေသအဆင့် မဟာဗျူဟာ ချမှတ်နိုင်ရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး ကိစ္စရပ်များ အား ဆွေးနွေးခဲ့ကြပါသည်။ ယင်း အလုပ်ရုံဆွေးနွေးပွဲမှ "Yangon Statement on Human Rights and Agribusiness in Southeast Asia" ထုတ်ပြန်ချက် တစ်ရပ်ကိုလည်း ထုတ်ပြန် နိုင်ခဲ့ပါသည်။

## အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ခြင်း

၈၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်ရေးတို့နှင့် သက်ဆိုင်သည့် စံနမူနာများကို လေ့လာရန် ရည်ရွယ်ချက်ဖြင့် ပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများသို့ တက်ရောက်ခြင်း၊ အခြားသော လူ့အခွင့်အရေး ကော်မရှင်များ၊ အဖွဲ့ အစည်းများသို့ သွားရောက် လေ့လာခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၄ ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါ နိုင်ငံများသို့ သွားရောက်၍ အစည်းအဝေးများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် သင်တန်းများသို့ ပါဝင် တက်ရောက်ခဲ့ပါသည်-

(က) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ကျင်းပ ပြုလုပ်သည့် OHCHR Regional Workshop on Combating, Discrimination, Promotion Equality and Social Cohesion သို့ ကော်မရှင် အဖွဲ့ဝင် ဦးလှမြင့် တက်ရောက်ခြင်း၊

(ခ) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Southeast Asia National Human Rights Institution Fourm (SEANF) Technical Working Group Meeting (TWG) သို့ ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် အဖွဲ့ဝင် ဦးခွထီးယိုး တို့ တက်ရောက်ခြင်း၊

(ဂ) အိန္ဒိယနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Asia-Pacific Dialogue on National Implementation of Business & Human Rights Framework သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့ တက်ရောက်ခြင်း၊

(ဃ) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ် သည့် AICHR Regional Consultation with ASEAN Sectoral Bodies and

Civil Society Organizations (CSOs) on the Review of the Terms of Reference (TOR) of the AICHR သို့ ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေ တက်ရောက်ခြင်း၊

(င) သြစတြေးလျနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Asia Pacific Regional Workshop on the Rights of Older Persons သို့ ကော်မရှင် အဖွဲ့ဝင် ဦးလဖိုင်ဇော်ဂွန်း တက်ရောက်ခြင်း၊

(စ) စင်္ကာပူနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Workshop on the Social Integration and the Rights of Older Persons in the Asia Pacific Region သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့ တက်ရောက်ခြင်း၊

(ဆ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ၂၈ ရက် နေ့အထိ ကျင်းပ ပြုလုပ်သည့် Regional Consultation on the Contribution to the Review of the AICHR's Terms of Reference သို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ တက်ရောက်ခြင်း၊

(ဇ) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့ အထိ ကျင်းပပြုလုပ်သည့် The 7th Summer Institute for International Human Rights သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့ တက်ရောက်ခြင်း၊

(ဈ) အိန္ဒိယနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Asia-Pacific Forum နှစ်ပတ်လည် အစည်းအဝေးသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးလှမြင့်တို့ တက်ရောက်ခြင်း၊

(ည) ထိုင်းနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Kachin Workshop သို့ ကော်မရှင် အဖွဲ့ဝင် ဦးလဖိုင်ဇော်ဂွန်း တက်ရောက်ခြင်း၊

(ဋ) ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ကျင်းပပြုလုပ်သည့် Regional Workshop on Land Rights သို့ ကော်မရှင် အဖွဲ့ဝင် ဦးလှမြင့် တက်ရောက်ခြင်း၊

(ဌ) ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ မွန်ဂိုလျားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လူ့အခွင့် အရေး လေ့လာရေး အဖွဲ့အစည်းများသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ ခေါင်းဆောင် ၍ အဖွဲ့ဝင်များအဖြစ် ဦးညွန့်ဆွေ၊ ဒေါက်တာဉာဏ်ဇော်၊ ဦးတင်ညို၊ ဒေါက်တာ ဒေါ်သန်းနွဲ့တို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ လေ့လာရေးခရီး သွားရောက်ခြင်း၊

(ဥ) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် SEANF 2nd Technical Working Group Meeting (TWG) (Pre Annual Meeting) သို့ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဦးခင်မောင်လေးတို့ တက်ရောက်ခြင်း၊

(ပ) ထိုင်းနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၂ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် Workshop on the Social Integration and the Rights of Older Persons သို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် တက်ရောက်ခြင်း၊

(ဏ) မလေးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် Third International Conference on Human Rights and Peace & Conflict in Southeast Asia သို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော် တက်ရောက်ခြင်း၊

(တ) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် AICHR Follow-up Workshop on Post Millennium Development Goals and Human Rights သို့ ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်လေး တက်ရောက်ခြင်း၊

(ထ) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် 11th SEANF Annual Meeting သို့ ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့ တက်ရောက်ခြင်း၊

(ဒ) အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် Third Jakarta Human Rights Dialogue ( JHRD ) on Rights to life and Moratorium of Death Penalty in the ASEAN Region Workshop သို့ ကော်မရှင် အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ခြင်း၊

(ဓ) ထိုင်းနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့ အထိ ကျင်းပ ပြုလုပ်သည့် AICHR Workshop on Regional Mechanisms and Regional Consultation to Developing ASEAN Standard and Mechanism on the Rights of Workers သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့ တက်ရောက် ခြင်း၊

(န) ထိုင်းနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပ သည့် High Level Dialogue on National Inquiries သို့ ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေ၊ ဒေါက်တာမြင့်ကြည်နှင့် ဒေါက်တာဉာဏ်ဇော်တို့ တက်ရောက်ခြင်း။

(ပ) မလေးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် NHRIs Regional Meeting သို့ ဒေါက်တာ ဒေါ်သန်းနွဲ့ တက်ရောက်ခြင်း၊

(ဖ) လာအိုနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် Regional Workshop on Cooperative Domestication of Human Rights Treaty Obligation in ASEAN သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့ တက်ရောက်ခြင်း။

**ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပသင်တန်းများ တက်ရောက်ခြင်း**

၈၇။ ကော်မရှင်ရုံးဝန်ထမ်းများ၏အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့အခွင့်အရေး ဆိုင်ရာ သင်တန်းများသို့ ၂၀၁၄ ခုနှစ်အတွင်း အောက်ဖော်ပြပါအတိုင်း စေလွှတ်နိုင်ခဲ့ပါသည်-

(က) ၁၆-၆-၂၀၁၄ ရက်နေ့မှ ၂၁-၆-၂၀၁၄ ရက်နေ့အထိ မလေးရှားနိုင်ငံတွင် ကျင်းပ ပြုလုပ်သော Blended Learning Course on the Equal Status and Human Rights of Women သို့ ကော်မရှင်ရုံး ဝန်ထမ်းများဖြစ်သော ဒေါ်မီမီစန်းအောင် နှင့် ဒေါ်ရွှေရည်စံတို့ တက်ရောက်ခဲ့ကြပါသည်။

(ခ) ၂၃-၆-၂၀၁၄ ရက်နေ့မှ ၂၆-၆-၂၀၁၄ ရက်နေ့အထိ ဩစတြေးလျနိုင်ငံတွင် ကျင်းပ ပြုလုပ်သော Senior Executive Officer Meeting သို့ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး တက်ရောက် ခဲ့ပါသည်။

(ဂ) ၂၁-၈-၂၀၁၄ ရက်နေ့မှ ၂၉-၈-၂၀၁၄ ရက်နေ့အထိ တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပ ပြုလုပ်သော Asia-Pacific Training Workshop on Education for International Understanding သို့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာလင်း တက်ရောက်ခဲ့ပါသည်။

(ဃ) ၃၁-၈-၂၀၁၄ မှ ၂၉-၁၁-၂၀၁၄ ရက်နေ့ထိ ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်သော Training Fellowship Programme for the NHRI's Staff သို့ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းသီတာလွင် တက်ရောက်ခဲ့ပါသည်။

(င) ၁၆-၉-၂၀၁၄ ရက်နေ့မှ ၂၁-၉-၂၀၁၄ ရက်နေ့အထိ မလေးရှားနိုင်ငံတွင် ကျင်းပ ပြုလုပ်ခဲ့ သော Followup Blended Learning Course on the Equal Status Human Rights of Women သို့ ကော်မရှင်ရုံး ဝန်ထမ်းများဖြစ်သော ဒေါ်မီမီစန်းအောင်နှင့် ဒေါ်ရွှေရည်စံတို့ တက်ရောက်ခဲ့ကြပါသည်။

(စ) ၂၂-၉-၂၀၁၄ မှ ၂၆-၉-၂၀၁၄ ရက်နေ့ထိ မလေးရှားနိုင်ငံတွင် ဖွင့်လှစ်သော Blended Learning Course on HR Library and Information Resource Management 2014 သို့ ကော်မရှင်ရုံးမှ လက်ထောက် စာကြည့်တိုက်မှူး ဦးစောဟယ်ရီစယ်နှင့် ဦးရဲထက်ကိုတို့ တက်ရောက်ခဲ့ကြပါသည်။

(ဆ) ၁၃-၁၀-၂၀၁၄ ရက်နေ့မှ ၁၇-၁၀-၂၀၁၄ ရက်နေ့အထိ ဆွီဒင်နိုင်ငံတွင် ဖွင့်လှစ်သော Librarian Training သို့ ကော်မရှင်ရုံးမှ လက်ထောက်စာကြည့်တိုက်မှူး ဦးစောဟယ်ရီစယ် တက်ရောက်ခဲ့ပါသည်။

(ဇ) ၁၀-၁၁-၂၀၁၄ ရက်နေ့မှ ၅-၁၂-၂၀၁၄ ရက်နေ့အထိ ဆွီဒင်နိုင်ငံတွင် ဖွင့်လှစ်သော Intensive Training Programme For HR သင်တန်းသို့ ကော်မရှင်ရုံးမှ ဒေါက်တာ ခိုင်ခိုင်ဝင်း၊ ဒေါ်ဖြိုးသီရိဝင်းနှင့် ဒေါ်ဝတ်ရည်ဝင်းတို့ တက်ရောက်ခဲ့ကြပါသည်။

(ဈ) ၂၀၁၄ ဩဂုတ်လမှစ၍ ထိုင်းနိုင်ငံ၊ မဟီဒေါ တက္ကသိုလ်တွင် စတင် ဖွင့်လှစ်သော MA (Human Rights) သင်တန်းသို့ ကော်မရှင်ရုံးမှ ဒေါ်နန်းရှန်အောင်နှင့် ဒေါ်ဟေမာမြင့်အေးတို့ တက်ရောက်လျက်ရှိပါသည်။

(ည) ထိုင်းနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်သော Blended learning Course on HR and the Roles and Functions in Asia-Pacific သို့ အငယ်တန်းစာရေး ဒေါ်တင်တင်ခိုင်နှင့် အငယ်တန်းစာရေး ဒေါ်ဝင်းမင်းအေးတို့ တက်ရောက်ခဲ့ကြပါသည်။

(ဋ) Australis Volunteers International ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်အားပေး ဆရာမ Ms. Jenny Blessing, English Language Training Specialist က ကော်မရှင်ရုံး ဝန်ထမ်းများအား English 4 Skills တိုးတက်စေရေးအတွက် နေ့စဉ် သင်တန်း ပို့ချလျက် ရှိပါသည်။ Ms. Jenny Blessing အနေဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လမှစ၍ ၂၀၁၅ ခုနှစ် မေလကုန်အထိ တစ်နှစ်တာ သင်ကြားရေး တာဝန်များကို ထမ်းဆောင် သွားမည် ဖြစ်ပါသည်။

## ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း

၈၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ယခုနှစ် ၂၀၁၄ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း စုစုပေါင်း (၅၉) ဖွဲ့ခန့်က အောက်ပါအတိုင်း လာရောက် တွေ့ဆုံခဲ့ပါသည်-

(က) **ဇန်နဝါရီလ**

(၁) ၇-၁-၂၀၁၄ ရက်နေ့တွင် ဗြိတိန်နိုင်ငံ Foreign and Commonwealth Office မှ Deputy Team Leader, UN Team ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၁၀-၁-၂၀၁၄ ရက်နေ့တွင် MRTV4 သတင်းမှ ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံ မေးမြန်းခြင်း၊

(၃) ၃၀-၁-၂၀၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ဒုတိယခေါင်းဆောင်က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(ခ) **ဖေဖော်ဝါရီလ**

(၁) ၄-၂-၂၀၁၄ ရက်နေ့တွင် Human Rights Watch (HRW) မှ Senior Researcher, Asia Division ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၅-၂-၂၀၁၄ ရက်နေ့တွင် Konard Adenaues Foundation Regional Programme Political Dialogue Asia မှ ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(၃) ၁၀-၂-၂၀၁၄ ရက်နေ့တွင် Human Rights Watch (HRW) မှ Senior Researcher, Asia Division က ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၄) ၁၃-၂-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူး အစီရင်ခံစာ တင်သွင်းသူ ဦးဆောင်သော အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၅) ၁၇-၂-၂၀၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံ Mahidol University မှ ကိုယ်စားလှယ် အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက် တွေ့ဆုံခြင်း၊

(၆) ၁၈-၂-၂၀၁၄ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာ မင်းကြီးရုံး၊ ဘန်ကောက်မြို့ရှိ Regional Representative ဦးဆောင် သော ကိုယ်စားလှယ် အဖွဲ့က ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၇) ၁၈-၂-၂၀၁၄ ရက်နေ့တွင် International Politics School of International Studies, Kwasai University, Nishinomiya, Japan မှ Associate Professor က ကော်မရှင်သို့ လာရောက်တွေ့ဆုံခြင်း၊

(၈) ၂၀-၂-၂၀၁၄ ရက်နေ့တွင် Social & Environmental Responsibility, USA မှ Vice President ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၉) ၂၄-၂-၂၀၁၄ ရက်နေ့တွင် ဂျာမနီနိုင်ငံ၊ HR & Peace desk မှ Policy Advisor နှင့်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(၁၀) ၂၅-၂-၂၀၁၄ ရက်နေ့တွင် Australian Volunteers International မှ Country Manager နှင့် အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၁၁) ၂၇-၂-၂၀၁၄ ရက်နေ့တွင် ICRC Resident Representative Staff က ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(၁၂) ၂၈-၂-၂၀၁၄ ရက်နေ့တွင် နယူးယောက် တက္ကသိုလ်မှ ကျောင်းသား များက ကော်မရှင်ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(ဂ) **မတ်လ**

(၁) ၁-၃-၂၀၁၄ ရက်နေ့တွင် ပဏ္ဍိတဖွံ့ဖြိုးရေး အင်စတီကျူးရှင်းမှ သင်တန်းသား (၄၀) ဦးက ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၄-၃-၂၀၁၄ ရက်နေ့တွင် Charge d’ Affairs of New Zealand Embassy Office, Yangon က ကော်မရှင်ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(၃) ၅-၃-၂၀၁၄ ရက်နေ့တွင် ကော်မရှင် ဥက္ကဋ္ဌက The Voice Journal မှ တွေ့ဆုံမေးမြန်းမှုကို လက်ခံတွေ့ဆုံခြင်း၊

(၄) ၁၀-၃-၂၀၁၄ ရက်နေ့တွင် The Danish Institute for Human Rights မှ Department Director နှင့် အဖွဲ့က ကော်မရှင်အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၅) ၂၁-၃-၂၀၁၄ ရက်နေ့တွင် Royal Netherland Institute of Southeast Asia & Caribbean Studies မှ ကိုယ်စားလှယ်က ကော်မရှင် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၆) ၂၄-၃-၂၀၁၄ ရက်နေ့တွင် University of Indonesia, Human Rights Resource Centre မှ Deputy Director က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၇) ၂၅-၃-၂၀၁၄ ရက်နေ့တွင် Save the Children မှ စီမံကိန်း အကဲဖြတ် အတိုင်ပင်ခံက ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အား လာရောက် တွေ့ဆုံခြင်း၊

(၈) ၂၅-၃-၂၀၁၄ ရက်နေ့တွင် London School of Economics မှ ကျောင်းသား (၉) ဦးက ကော်မရှင် ဥက္ကဋ္ဌအား လာရောက် တွေ့ဆုံခြင်း၊

(၉) ၂၆-၃-၂၀၁၄ ရက်နေ့တွင်Regional Programme Coordinator for Asia & Pacific Islands မှ ကိုယ်စားလှယ်က ကော်မရှင် အဖွဲ့ဝင်နှင့် လာရောက်တွေ့ဆုံခြင်း၊

(၁၀) ၂၈-၃-၂၀၁၄ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ ဘန်ကောက်မှ ဒုတိယခေါင်းဆောင်က ကော်မရှင် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(ဃ) **ဧပြီလ**

(၁) ၇-၄-၂၀၁၄ ရက်နေ့တွင် Forest Peoples Programme, UK မှ Senior Policy Advisor ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင်အဖွဲ့ဝင်များအား လာရောက် တွေ့ဆုံခြင်း၊

(၂) ၂၄-၄-၂၀၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံ Mahidol University မှ ကိုယ်စားလှယ်အဖွဲ့က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက် တွေ့ဆုံခြင်း၊

(င) **မေလ**

(၁) ၂-၅-၂၀၁၄ ရက်နေ့တွင် ကနေဒါနိုင်ငံ သံအမတ်မှ ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၈-၅-၂၀၁၄ ရက်နေ့တွင် ဆွီဒင်နိုင်ငံ Raoul Wallenberg Institute, Lund University မှ Head of Asia Unit ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့က ကော်မရှင် အဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံခြင်း၊

(၃) ၈-၅-၂၀၁၄ ရက်နေ့တွင် The German Federal Government Commissioner for Human Rights & Humanitarian Aid မှ Commissioner ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၄) ၁၃-၅-၂၀၁၄ ရက်နေ့တွင် Former Special Envoy of UN Secretary General to Myanmar က ကော်မရှင်ဥက္ကဋ္ဌအား လာရောက် တွေ့ဆုံခြင်း၊

(၅) ၁၄-၅-၂၀၁၄ ရက်နေ့တွင် ကရင် လူ့အခွင့်အရေးအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၆) ၂၀-၅-၂၀၁၄ ရက်နေ့တွင် Forest Peoples Programme မှ Project Officer က ကော်မရှင် အဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံခြင်း၊

(၇) ၂၀-၅-၂၀၁၄ ရက်နေ့တွင် ဥရောပသမဂ္ဂ (EU) မှ EU Special Representative for Human Rights ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၈) ၂၂-၅-၂၀၁၄ ရက်နေ့တွင် Law University, Pennsylvania မှ Professor ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အား လာရောက်တွေ့ဆုံခြင်း၊

(၉) ၂၆-၅-၂၀၁၄ ရက်နေ့တွင် Diplomacy Training Program, Australia မှ Executive Director ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံခြင်း၊

(စ) **ဇွန်လ**

(၁) ၁၆-၆-၂၀၁၄ ရက်နေ့တွင် Human Rights Osaka မှ ကိုယ်စားလှယ်က ကော်မရှင် ဥက္ကဋ္ဌနှင့် လာရောက်တွေ့ဆုံခြင်း၊

(၂) ၃၀-၆-၂၀၁၄ ရက်နေ့တွင် Democracy & Rule of Law အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့က ကော်မရှင်အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(ဆ) **ဇူလိုင်လ**

(၁) ၁၇-၇-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူး အစီရင်ခံစာတင်သွင်းသူ Ms Yanghee Lee ဦးဆောင်သော အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၂၉-၇-၂၀၁၄ ရက်နေ့တွင် Embassy of the United States မှ Political Officer က ကော်မရှင် ဥက္ကဋ္ဌအား ၂၉-၇-၂၀၁၄ ရက်နေ့တွင် လာရောက် တွေ့ဆုံခြင်း၊

(ဇ) **ဩဂုတ်လ**

(၁) ၂၁-၈-၂၀၁၄ ရက်နေ့တွင် New Zealand Embassy မှ Charge ‘d Affairs က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၂၂-၈-၂၀၁၄ ရက်နေ့တွင် Danish Institute for Human Rights (DIHR) မှ ကိုယ်စားလှယ်အဖွဲ့က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(ဈ) **စက်တင်ဘာလ**

(၁) ၁-၉-၂၀၁၄ ရက်နေ့တွင် Ambassador of Pakistan က ကော်မရှင် ဥက္ကဋ္ဌနှင့် လာရောက်တွေ့ဆုံခြင်း၊

(၂) ၂-၉-၂၀၁၄ ရက်နေ့တွင် Organization of Islamic Cooperation (OIC) မှ ကိုယ်စားလှယ်အဖွဲ့နှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကော်မရှင် အဖွဲ့ဝင်များ တွေ့ဆုံခြင်း၊

(ည) **အောက်တိုဘာလ**

(၁) ၃-၁၀-၂၀၁၄ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ရုံး၊ ဘန်ကောက်မြို့ရှိ Regional Representative ဦးဆောင်သော

ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၃-၁၀-၂၀၁၄ ရက်နေ့တွင် Member of Parliament, UK ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၃) ၁၀-၁၀-၂၀၁၄ ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ Lund University ရှိ Raoul Wallenberg Institute မှ ကိုယ်စားလှယ်က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၄) ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် Swedish International Development Agency (SIDA) မှ ကိုယ်စားလှယ်က ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၅) ၁၅-၁၀-၂၀၁၄ ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ Lund University ရှိ Raoul Wallenberg Institute မှ ကိုယ်စားလှယ်က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၆) ၁၇-၁၀-၂၀၁၄ ရက်နေ့တွင် Plan International အဖွဲ့အစည်းမှ ကိုယ်စားလှယ်က ကော်မရှင် ဒုတိယ ဥက္ကဋ္ဌနှင့် လာရောက်တွေ့ဆုံခြင်း၊

(၇) ၂၇-၁၀-၂၀၁၄ ရက်နေ့တွင် International Federation for Human Rights (FIDH) မှ ကိုယ်စားလှယ်များက ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၈) ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် Australian Volunteer International (AVI) မှ ကိုယ်စားလှယ်က ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

**(ဋ) နိုဝင်ဘာလ**

(၁) ၁၉-၁၁-၂၀၁၄ ရက်နေ့တွင် Office of the High Commissioner for Human Rights (OHCHR) မှ ကိုယ်စားလှယ်က ကော်မရှင် အဖွဲ့ဝင်နှင့် လာရောက်တွေ့ဆုံခြင်း၊

(၂) ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် Indevelop အဖွဲ့အစည်းမှ Project Manager နှင့် အကြံပေးပုဂ္ဂိုလ်တို့မှ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၃) ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ Lund University ရှိ Raoul Wallenberg Institute မှ ကိုယ်စားလှယ်က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(ဃ) **ဒီဇင်ဘာလ**

(၁) ၁၉-၁၂-၂၀၁၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံအမတ်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံခြင်း၊

(၂) ၂၉-၁၂-၂၀၁၄ ရက်နေ့တွင် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ ရုပ်ရှင်သိပ္ပံ သင်တန်းကျောင်းမှ လာရောက်တွေ့ဆုံမေးမြန်းမှုကို ကော်မရှင် ဥက္ကဋ္ဌမှ လက်ခံတွေ့ဆုံခြင်း၊

(၃) ၃၀-၁၂-၂၀၁၄ ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ Lund University ရှိ Raoul Wallenberg Institute မှ ကိုယ်စားလှယ်က ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များအား လာရောက် တွေ့ဆုံခြင်း၊

**နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အကြံပြုချက်များ**

၈၉။ နိုင်ငံတော်အနေဖြင့် ၂၀၁၅ ခုနှစ် ကုန်ပိုင်းတွင် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေ အနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review) အရ ဒုတိယ အကြော့ သုံးသပ်မှုခံယူရန်အတွက် အစီရင်ခံစာ ပြုစုတင်သွင်းရာတွင် လူ့အခွင့်အရေး မြှင့်တင် ရေးနှင့် ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လွတ်လပ်မှု အခြေခံဖြင့် အကြံပြုချက်များကို အလေးထား စဉ်းစားပေးပါရန် အကြံပြုအပ် ပါသည်။

၉၀။ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည် ဆိုင်ရာ အဓိကစာချုပ်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကော်မတီ အသီးသီးသို့ အစီရင်ခံစာ တင်သွင်းရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လွတ်လပ်မှု အခြေခံဖြင့် အကြံပြုချက်များကို ထည့်သွင်း စဉ်းစားပေးပါရန် အကြံပြုအပ်ပါသည်။

၉၁။ နိုင်ငံတော်အနေဖြင့် လူ့အခွင့်အရေး ဘာသာရပ်နှင့်စပ်လျဉ်း၍ အခြားနိုင်ငံ/ အဖွဲ့အစည်း များနှင့် ဆွေးနွေးပွဲများ ကျင်းပရာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ် ရေး ဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား သင့်လျော်ပါက ဖိတ်ကြားပေးပါရန် အကြံပြု အပ်ပါသည်။

## လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၏ လုပ်ဆောင်မှုများ

### လုပ်ငန်းတာဝန်များ

၉၂။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၏ ဌာနတစ်ခုဖြစ်သော လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာနအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပါ လူ့အခွင့်အရေးကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များပါအတိုင်း ပြည်သူ များအား လူ့အခွင့်အရေး အသိပညာ မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေး လုပ်ငန်းများကို ပြည်တွင်းနှင့် နိုင်ငံတကာရှိ အဖွဲ့အစည်း အသီးသီးနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိရာ ရည်မှန်းထားသည့်အတိုင်း တိုးတက်မှုများ ရရှိနေပြီ ဖြစ်ပါသည်။

၉၃။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၄) ဆုံးဖြတ်ချက်အရ လူ့အခွင့်အရေး အသိပညာ မြှင့်တင် ရေးနှင့် လေ့ကျင့်ပညာပေးရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အောက်ပါ ကော်မရှင် အဖွဲ့ဝင်များအား တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ဦးယုလွင်အောင် အဖွဲ့ဝင်
(ခ) ဦးခင်မောင်လေး အဖွဲ့ဝင်

၉၄။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာနတွင် ကော်မရှင်ရုံး ဝန်ထမ်း များအဖြစ် ဒုတိယညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦး၊ လူ့အခွင့် အရေးအရာရှိ (၁) ဦး၊ လက်ထောက် စာကြည့်တိုက်မှူး (၁) ဦး၊ အကြီးတန်းစာရေး (၂) ဦးနှင့် အငယ်တန်းစာရေး (၃) ဦးတို့ ခန့်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါ သည်။

### လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ကျင်းပခြင်း

၉၅။ ၂၀၁၄ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန အနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာ နှီးနှောဖလှယ် ပွဲ (၁) ကြိမ်၊ သင်တန်း (၂) ကြိမ်နှင့် အလုပ်ရုံ ဆွေးနွေးပွဲ (၄) ကြိမ် စုစုပေါင်း (၇) ကြိမ် ကျင်းပ ပြုလုပ်နိုင်ခဲ့ပါသည်။

၉၆။ **နှီးနှောဖလှယ်ပွဲ**။ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အဓိကကျသော နိုင်ငံတကာ သဘောတူ စာချုပ်များအနက် တစ်ခုအပါအဝင်ဖြစ်သော Convention against Torture and other Cruel, Inhuman or Degrading Treatment or Punishment (CAT) ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Seminar) တစ်ရပ်ကို ဆွီဒင်နိုင်ငံ (Raoul Wallenberg Institute (RWI) ၏ ပံ့ပိုးကူညီမှုဖြင့် နေပြည်တော်၊ အမရာဟိုတယ်တွင် ၁၈-၃-၂၀၁၄ ရက်နေ့မှ ၂၀-၃-၂၀၁၄ ရက်နေ့ အထိ (၃) ရက်ကြာ ကျင်းပခဲ့ပါသည်။

(က) **တက်ရောက်ခဲ့ကြသူများ**။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ ဝင်များ၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု

ရှေ့နေချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ အရာရှိကြီးများ အပါအဝင် စုစုပေါင်း (၂၈) ဦး တက်ရောက် ခဲ့ကြပါသည်။

(ခ) **ဆွေးနွေးခဲ့သောဘာသာရပ်။** လူ့အခွင့်အရေး၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်စွာ၊ လူမဆန်စွာ (သို့) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာ သဘောတူစာချုပ်ဆိုင်ရာ အသိပညာများ။

(ဂ) **ပါဝင် ပို့ချခဲ့သော Resource Persons များ**

(၁) Ms. Miriam Estrada Castillo (Human Rights Expert)

(၂) Mr. Matthew Sands (Human Rights Expert)

(၃) Ms. Shazeera Zawawi (Program Officer)

၉၇။ **သင်တန်းများ**

(က) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးဝန်ထမ်းများ၏ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေးနှင့် လူ့အခွင့်အရေး အသိပညာ ပြန့်ပွားရေးတို့အတွက် ရည်ရွယ်၍ ၁၃-၁-၂၀၁၄ ရက်နေ့မှ ၁၇-၁-၂၀၁၄ ရက်နေ့ထိ ထိုင်းနိုင်ငံ၊ မဟီဒေါ တက္ကသိုလ် (Mahidol University ) Institute of Human Rights and Peace Studies (IHRP), Working Group for an ASEAN Human Rights Mechanism တို့နှင့် ပူးပေါင်း၍ Training for Capacity Building of NHRI Officers and Academia သင်တန်းကို ရန်ကုန်မြို့၊ Hotel Yangon တွင် ပြုလုပ်ခဲ့ပါသည်။

(၁) **အဖွင့်အမှာစကား ပြောကြားခဲ့ကြသူများ**

- **ဦးဝင်းမြ။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ
- **Dr. Sriprapha Petcharamesree။** လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင် Former Thai Representative to the (AICHR)၊ အာဆီယံ လူ့အခွင့်အရေး ယန္တရား လုပ်ငန်းအဖွဲ့၏ ပူးတွဲ သဘာပတိနှင့် ထိုင်းနိုင်ငံ၊ မဟီဒေါ တက္ကသိုလ် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းမှုလေ့လာရေးဌာန (IHRP) မှ ပါမောက္ခ။

(၂) **ဆွေးနွေးပို့ချခဲ့ကြသူများ**

- Dr. Sriprapha Petcharamesree,

- Ms.Heike Alefson (Deputy Head of Office, Regional office for South-East Asia Office of the United Nations High Commissioner for Human Rights),
- Mr. Ray Paolo Santiago (Secretary) General, Working Group for an ASEAN Human Rights Mechanism and Executive Director of Ateneo Human Rights Center School of Law, Ateneo de Manila University , Philippine),
- Mr. Mark Capaldi (Human Rights and Peace Studies Program, Mahidol University),
- Ms. May Sabai Phyu (Senior Coordinator , Gender Equality Network),
- U Nyunt Swe (Commissioner, Myanmar National Human Rights Commission),
- Professor Vitit Muntarbhorn (Former United Nation Special Rapportorteur on the Situation of Human Rights in Democratic People's Republic of Korea-North Korea)

(၃) **သင်တန်းတွင် ပို့ချသော ဘာသာရပ်များ**

- Understanding Theories and Concepts of Human Rights
- International Human Rights Technologies
- Introduction and Overview of International Human Rights Standards and their Development
- International Human Rights Law and International Humanitarian
- International Human Rights Mechanisms, Treaty Bodies, Charter Bodies, etc...
- Understanding CEDAW, CRC and CRPD
- Roles of Civil Society in Promotion and Protection of Human Rights
- ASEAN Intergovernmental Commission on Human Rights (AICHR)
- National Human Rights Institutions

(၄) ယင်းဘာသာရပ်များအပြင် လူ့အခွင့်အရေးဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် အရည်အသွေးလေ့ကျင့်မှု (Skills Training) အဖြစ် အောက်ပါ အကြောင်းအရာများကို ပို့ချ၍ သင်တန်းတက်ရောက် လာကြသူများနှင့် ပြန်လှန်ဆွေးနွေး၊ လေ့ကျင့်ခြင်းများကိုလည်း ပြုလုပ်ခဲ့ပါသည်-

- Assessment of Existing Skills at Myanmar National Human Rights Commission (MNHRC)
- Identifying Human Rights Issues
- Fact Finding and Investigation
- Human Rights Discommendation and Reporting
- Writing Statement

(ခ) Raoul Wallenberg Institute (RWI) ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ရုံးဝန်ထမ်း (၂၆) ဦးအား လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်တာများ ပိုမိုသိရှိစေရန် ရည်ရွယ်၍ Training for Myanmar National Human Rights Commission Staffs on Human Rights and Roles and Functions of NHRIs သင်တန်းကို ၂၃-၄-၂၀၁၄ ရက်နေ့မှ ၂-၅-၂၀၁၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။

(၁) **ဆွေးနွေးပို့ချခဲ့ကြသော RWI မှ လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် သူ ပညာရှင်များ**

- Prof. Brain Burdekin AO, Visiting Professor at RWI,
- Prof. Miriam Estrada, Mr. Peter Hosking

(၂) **ပို့ချပေးခဲ့သော ဘာသာရပ်များ**

- Best Practices in the Region. The Legistative mandate of the MNHRC under the New Law
- Dealing with Systemic Violations of Human Rights
- The Core Conventions of the UN
- Best Traetices in Dealing with Violations of the Convention Against Torture (CAT)
- Core Human Rights Conventions in the Myanmar Contest

- Convention on the Elimination of all forms of Discrimination Against Women (CEDAW)
- Convention on the Rights of Persons with Disabilities (CRPD)
- Techinques of Investigastion and Enquiries
- Case Studies on NHRI Investigation and Enquiries
- Discussion on CEDAW, CRC, CRPD and the Process of Ratification

၉၈။ **အလုပ်ရုံဆွေးနွေးပွဲများ**

(က) မြန်မာနိုင်ငံအနေဖြင့် အဓိကကျသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်တစ်ခု ဖြစ်သည့် Convention on the Rights of Persons with Disabilities (CRPD) အဖွဲ့ဝင် နိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ အခွင့်အရေးကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်စေရန် မသန်စွမ်း လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ "Introductory Training Workshop on National Inquiries on the Rights of Persons with Disabilities" ကို Raoul Wallenberg Institute (RWI)၏ ပံ့ပိုး ကူညီမှုဖြင့် ရန်ကုန်မြို့၊ အင်းလျားလိတ် ဟိုတယ်တွင် ၁၄-၇-၂၀၁၄ ရက်နေ့မှ ၁၆-၇-၂၀၁၄ ရက်နေ့ ထိ (၃) ရက်ကြာ ကျင်းပခဲ့ပါသည်။

(၁) **တက်ရောက်ဆွေးနွေးခဲ့ကြသူများ**

- Mr. Innes Graeme Gordon, Former Federal Disability Discrimination Commissioner of Australia Mr. Innes Graeme Gordon, Visiting Professor (RWI) and
- Prof.Brian Burdenkim AO, Former Special Advisor to the High Commissioner for Human Rights on National Institutions, regional arrangements and Preventive Strategies

(၂) **ပို့ချခဲ့သော ဘာသာရပ်များ**

- Survey, Research and data Collection related with Disability in Myanmar and Disability Sitution in Myanmar
- What's a National Inquiry? 'the Concept and its history
- Back ground and main principles of the Convention on the Rights of Person with Disabilities (CRPD)

- National Inquriy: Choosing the subject 'How, Why and When?'
- How do we achieve this? (Nothing about us, without us)
- The Major Challenger in gathering evidence, making recommendations and setting results
- Promoting and Protection the Rights of Persons with Disabilities Lessons Learned and the best way ahead

(ခ) အဓိကကျသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ် တစ်ခု ဖြစ်သော International Convention on the Elimination of all forms of Racial Discrimination (CERD) နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ (Training workshop on the International Convention on the Elimination of all forms of Racial Discrimination- CERD) ကိုလည်း နေပြည်တော်ရှိ အမရာဟိုတယ်၌ ၂၆-၈-၂၀၁၄ ရက်နေ့မှ ၂၇-၈-၂၀၁၄ ရက်နေ့ အထိ (၂) ရက်ကြာ ကျင်းပခဲ့ပါသည်။

(၁) **ဦးဆောင်ဆွေးနွေးခဲ့ကြသူများ**

- Prof. Chris Maina peter, RWI Resource Person (Former Committee member of CERD,
- Mr. Peter Hosking, Current member of the International Law Commission (ILC), (Former Procedings Commissioner of the New Zealand Human Rights Commission)

(၂) **ဆွေးနွေးခဲ့သော အကြောင်းအရာများ**။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် (CERD) နှင့် စပ်လျဉ်းသည့် အကြောင်းအရာများနှင့် မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ပါ အချက်အလက်များကို နှိုင်းယှဉ် သုံးသပ်ခြင်း၊ CERD လက်မှတ်ရေးထိုးရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှု များ စသည့် အကြောင်းအရာများကို အဓိကထား ဆွေးနွေးခဲ့ကြပါသည်။

(၃) **ဆွေးနွေးပို့ချခဲ့သော ဘာသာရပ်များ**

- Introduction to the International Convention on the Elimination of all forms of Racial Discrimination
- CERD and Myanmar Constitution (2008)
- CERD

- Reporting Mechanisms of CERD
- CERD – Experience sharing from other countries
- The Application of CERD – Challenges ahead

(ဂ) Forest Peoples Program ၏ပံ့ပိုးကူညီမှုဖြင့် အရှေ့တောင်အာရှအတွင်း လူ့အခွင့်အရေးနှင့် စိုက်ပျိုးစီးပွားဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ၊ (Workshop on Human Rights and Agribusiness in Southeast Asia) ကို ရန်ကုန်မြို့၊ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင် ၄-၁၁-၂၀၁၄ ရက်နေ့မှ ၆-၁၁-၂၀၁၄ ရက်နေ့အထိ (၃) ရက် ကြာကျင်းပခဲ့ပါသည်။

(၁) **အဖွင့်အမှာစကား ပြောကြားခြင်းနှင့် ပါဝင်ဆွေးနွေးကြသူများ**

- မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြကအဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။
- မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ UN Special Rapporteur on the Rights to Food၊ UN Special Rapporteur on the Rights of Indigenous Peoples၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ကိုယ်စားလှယ်များက Human Rights and Agribusiness နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

(၂) အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ Mr. Hilal Elver (UN Special Rapporteur on the Rights to Food) Mr. Vicky Corpuz (UN Special Rapporteur on the Rights of Indigenous Peoples) တို့အပြင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာနကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

(၃) ဆွေးနွေးပွဲ၏ရလဒ်အဖြစ် Yangon Statement on Human Rights and Agribusiness in Southeast Asia ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

(ဃ) **တစ်ကမ္ဘာလုံး ပါဝင်သည့် လူ့အခွင့်အရေး အခြေအနေကို ပုံမှန် သုံးသပ်နိုင်ရေး ဆွေးနွေးပွဲ**။ မြန်မာနိုင်ငံက တစ်ကမ္ဘာလုံး ပါဝင်သည့် လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်[၄] အစီရင်ခံစာ ပြုစု တင်သွင်းနိုင်ရေးနှင့်

[၄] *Universal Periodic Review- (UPR)*

ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို RWI ၏ ပံ့ပိုး ကူညီမှုဖြင့် နေပြည်တော်ရှိ၊ အမရာဟိုတယ်တွင် ၂၄-၁၁-၂၀၁၄ ရက်နေ့မှ ၂၅-၁၁-၂၀၁၄ ရက်နေ့အထိ (၂) ရက်ကြာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(၁) **ရည်ရွယ်ချက်**။ မြန်မာနိုင်ငံအနေဖြင့် UPR ၏ ပထမအကျော့ (1st Cycle) ကို ၂၀၁၁ ခုနှစ်က အစီရင်ခံစာ တင်သွင်းခဲ့ရာတွင် ကမ္ဘာ့နိုင်ငံပေါင်း (၅၇) နိုင်ငံက Recommendation (၁၉၀) ကို ပြုလုပ်ခဲ့သည့်အနက် (၇၄) ချက်ကို မြန်မာနိုင်ငံက လက်ခံခဲ့ပြီး၊ (၄၆) ချက်ကို စဉ်းစားသုံးသပ်ရန် သဘောတူခဲ့၍ ကျန်သုံးသပ်ချက် (၇၀) ချက်ကိုမူ လက်မခံဘဲ ပယ်ချခဲ့ပါသည်။ ယခုအခါ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြုလုပ်မည့် UPR ၏ ဒုတိယအကျော့ (2nd Cycle) အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဖြစ်ပါသည်။

(၂) **ဆွေးနွေးပို့ချပေးခဲ့သူများ**

- Ms. Azwa Petra, OHCHR;
- Mr.Wan Kasim Bin Wan Kadir, Malaysia;
- Mr. Peter Edwin Gill Hosking, Newzeland.

(၃) **ဆွေးနွေးခဲ့သည့် အကြောင်းအရာများ**။ ဆွေးနွေးပွဲအတွင်း လာမည့် UPR Report ပြုစုရေးအတွက် အစီရင်ခံစာ ပြုစုရေး ဦးစီးကော်မတီနှင့် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ အချိန်နှင့်တပြေးညီ စနစ်တကျ ပြုစုတင်သွင်းနိုင်ရေးအတွက် အသေးစိတ် အချက်အလက်များကို ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

## ပြည်နယ် (၇) ခုတွင် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများ ပြုလုပ်ခြင်း

၉၉။ ၂၀၁၄ ခုနှစ်အတွင်းက လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံ သင်တန်းများကို ပြည်နယ် (၇) ခုတွင် ဖွင့်လှစ် ပို့ချခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည်-

(က) လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများအား ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် ပြန့်ပွားစေရန်၊

(ခ) ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် မြန်မာနိုင်ငံက ပါဝင်အတည်ပြုလက်မှတ် ရေးထိုးထားသော လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (၃) ခုနှင့် နောက်ဆက်တွဲ သဘောတူစာချုပ် (၁) ခုတို့အား ရှင်းလင်းစွာ သိရှိ နားလည်သဘော ပေါက်စေရန်၊

(ဂ) လူ့အခွင့်အရေး သမိုင်းကြောင်း အကျဉ်းချုပ်နှင့် လူ့အခွင့်အရေး အယူအဆများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရား၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ နှင့် ပါရီအခြေခံမူများအား သိရှိနားလည် သဘောပေါက်စေရန်၊

(ဃ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းမှု၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေနှင့် တိုင်တန်းချက် လုပ်ထုံးလုပ်နည်း တို့ကို သိရှိနားလည်ပြီး လူ့အခွင့်အရေး စံချိန်စံညွှန်းများ တိုးတက်ရေး လုပ်ငန်း စဉ်တွင် အထောက် အကူဖြစ်စေရန်၊ ရည်ရွယ်၍ ပြည်နယ် (၇) ခုသို့ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင်များက အဖွဲ့များ ခွဲ၍ သွားရောက်ပို့ချ ဆွေးနွေးခဲ့ကြပါသည်။

၁၀၀။ အလုပ်ရုံ သင်တန်းတွင် အောက်ဖော်ပြပါ ဘာသာရပ် (၁၁) ရပ်ကို အခြေခံ၍ ဆွေးနွေး ပို့ချမှု များ ပြုလုပ်ခဲ့ကြပါသည်-

(က) လူ့အခွင့်အရေး သမိုင်းကြောင်း အကျဉ်းချုပ်နှင့် လူ့အခွင့်အရေး အယူအဆများ၊
(ခ) ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်း၊
(ဂ) အဓိက လူ့အခွင့်အရေး စာချုပ် (၉) ခု၊
(ဃ) ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ် ဥပဒေနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ခြင်း၊
(င) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာစာချုပ်၊
(စ) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာစာချုပ်၊
(ဆ) ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊
(ဇ) အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပါရီအခြေခံမူများ၊
(ဈ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊
(ည) တိုင်တန်းချက် လုပ်ထုံးလုပ်နည်း၊
(ဋ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ

၁၀၁။ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ပြည်နယ် (၇) ခုတွင် အောက်ပါ အတိုင်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်-

(က) **မွန်ပြည်နယ်**

(၁) မော်လမြိုင်မြို့တွင် ၂၈-၇-၂၀၁၄ ရက်နေ့မှ ၃၀-၇-၂၀၁၄ ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး ယင်းသင်တန်းတွင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးလှမြင့်နှင့် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်တို့မှ ပါဝင်ကြီးကြပ် ဟောပြော ပို့ချခဲ့ပါသည်။

(၂) သင်တန်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၃၀) ဦး၊ ခရိုင်အဆင့် ဌာန ဆိုင်ရာ (၈) ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ (၁၂) ဦး တက်ရောက် ခဲ့ကြပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်

နယ်စပ်ရေးရာ ဝန်ကြီး တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပြီး ပိတ်ပွဲ အခမ်းအနားသို့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ လူမှုရေး ဝန်ကြီးတို့ တက်ရောက်၍ သင်တန်းဆင်း လက်မှတ်များပေးအပ် ခဲ့ကြပါသည်။

(ခ) **ကယားပြည်နယ်**

(၁) လွိုင်ကော်မြို့၊ မြို့တော်ခန်းမတွင် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံ သင်တန်းကို ၁၈-၈-၂၀၁၄ ရက်နေ့မှ ၂၀-၈-၂၀၁၄ ရက်နေ့အထိ ဖွင့်လှစ် ခဲ့ပြီး အလုပ်ရုံသင်တန်းတွင် အဖွဲ့ဝင်ဦးညွန့်ဆွေ၊ အဖွဲ့ဝင် ဒေါက်တာ ဉာဏ်ဇော်နှင့် အဖွဲ့ဝင်ဦးခွထီးယိုးတို့မှ ပါဝင်ကြီးကြပ် ဟောပြော ပို့ချခဲ့ ပါသည်။

(၂) သင်တန်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၂၂) ဦး၊ ခရိုင်အဆင့် ဌာန ဆိုင်ရာ (၉) ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ (၁၉) ဦး တက်ရောက်ခဲ့ ကြပြီး သင်တန်း ဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားသို့ ကယားပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တက်ရောက်၍ အမှာ စကား ပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပါသည်။

(ဂ) **ရှမ်းပြည်နယ်**

(၁) တောင်ကြီးမြို့၊ ဆရာဝန်များအသင်းတိုက် ခန်းမတွင် လူ့အခွင့်အရေး ဆိုင်ရာ အလုပ်ရုံသင်တန်းကို ၁၈-၁၀-၂၀၁၄ ရက်နေ့မှ ၂၀-၁၀-၂၀၁၄ ရက် နေ့အထိ ဖွင့်လှစ်ခဲ့ပြီး အလုပ်ရုံသင်တန်းအား ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့နှင့် အဖွဲ့ဝင် ဒေါ်မြမြတို့က ပါဝင် ကြီးကြပ် ဟောပြော ပို့ချခဲ့ပါသည်။

(၂) သင်တန်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၁၀) ဦး၊ ခရိုင်အဆင့် ဌာန ဆိုင်ရာ (၂၀) ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ (၂၀) ဦးတို့အပြင် တောင်ကြီး တက္ကသိုလ်မှ ပါရဂူဘွဲ့ရ ပညာရှင် (၃) ဦးတို့ကလည်း သင်တန်း တက်ရောက်လိုကြောင်း ညှိနှိုင်း အကြောင်းကြားချက်အရ တက်ရောက်ခဲ့ ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ကိုယ်စား ပြည်နယ်ဥပဒေချုပ် တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်နယ်တရား လွှတ်တော်ချုပ်နှင့် ပြည်နယ် ဥပဒေချုပ်တို့ တက်ရောက်၍ သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ ကြပါသည်။

(၃) ၂၃-၁၀-၂၀၁၄ ရက်နေ့တွင် ဟဲဟိုးလေဆိပ်၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့နှင့်

လားရှိုးမြို့များတွင်လည်း လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ဟောပြောပွဲများ ပြုလုပ်ပေးပါရန် အကြံပြု ပြောကြားခဲ့ပါသည်။

(ဃ) **ချင်းပြည်နယ်**

(၁) ဟားခါးမြို့၊ မြို့တော်ခန်းမတွင် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံ သင်တန်းကို ၁၁-၁၁-၂၀၁၄ ရက်နေ့မှ ၁၃-၁၁-၂၀၁၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး ယင်းအလုပ်ရုံသင်တန်းအား အဖွဲ့ဝင် ဦးယုလွင်အောင်၊ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ ပါဝင် ကြီးကြပ်ဟောပြော ပို့ချခဲ့ပါသည်။

(၂) သင်တန်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၂၂) ဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ (၁၀) ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ (၁၈) ဦး တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနား နှစ်ရပ်လုံးသို့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

(င) **ကရင်ပြည်နယ်**

(၁) ဘားအံမြို့၊ မြို့တော်ခန်းမတွင် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံ သင်တန်းကို ၂၅-၁၁-၂၀၁၄ ရက်နေ့မှ ၂၇-၁၁-၂၀၁၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး အလုပ်ရုံ သင်တန်းအား ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်နှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့မှ ပါဝင် ကြီးကြပ် ဟောပြောပို့ချခဲ့ပါသည်။

(၂) သင်တန်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၂၀) ဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ (၇) ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ (၂၃) ဦး တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။

(၃) ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ပြီး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

(စ) **ရခိုင်ပြည်နယ်**

(၁) စစ်တွေမြို့၊ မင်းသူရိယခန်းမတွင် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို ၂၅-၁၁-၂၀၁၄ ရက်နေ့မှ ၂၇-၁၁-၂၀၁၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး အလုပ်ရုံသင်တန်းအား ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့မှ ပါဝင် ကြီးကြပ် ဟောပြော ပို့ချခဲ့ပါသည်။

(၂) သင်တန်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၁၉) ဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ (၉) ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ (၂၀) ဦး တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက် အမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်း လက်မှတ်များကို ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ပေးအပ်ခဲ့ ကြပါသည်။

(ဆ) **ကချင်ပြည်နယ်**

(၁) မြစ်ကြီးနားမြို့၊ နန်းသီတာ ဟိုတယ်တွင် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို ၂၅-၁၁-၂၀၁၄ ရက်နေ့မှ ၂၇-၁၁-၂၀၁၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး အလုပ်ရုံသင်တန်းအား ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါ်မြမြနှင့် အဖွဲ့ဝင်ဦးခင်မောင်လေးတို့က ပါဝင်ကြီးကြပ် ဟောပြောပို့ချခဲ့ပါသည်။

(၂) သင်တန်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၂၈) ဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ (၁၄) ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ (၇) ဦး တက်ရောက်ခဲ့ ကြပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် သင်တန်းဆင်းပွဲ အခမ်းအနားသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။

**လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း**

၁၀၂။ ပြည်သူများအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိအမြင်၊ ဗဟုသုတများ ရရှိစေရန် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများကို ၂၀၁၄ ခုနှစ်အတွင်း အောက်ပါအတိုင်း ပြည်နယ် (၂) ခုနှင့် တိုင်းဒေသကြီး (၅) ခုတို့ရှိ မြို့ပေါင်း (၂၂) မြို့တွင် ဟောပြော ပို့ချခဲ့ကြပါသည်-

(က) ၆-၁-၂၀၁၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၃၀၅) ဦးတက်ရောက်ခဲ့ကြပါသည်။

(ခ) ၇-၁-၂၀၁၄ ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မြရွှေဝါ ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၂၄၆) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဂ) ၇-၁-၂၀၁၄ ရက်နေ့ နေ့လည်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ် ထွေ/အုပ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၂၀၆) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဃ) ၈-၁-၂၀၁၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် ထွေ/အုပ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံ ပြည်သူလူထု (၂၆၂) ဦး တက်ရောက်ခဲ့ကြပါသည်။

(င) ၈-၁-၂၀၁၄ ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံမြို့နယ် အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၁၅၀) ဦး တက်ရောက်ခဲ့ပါသည်။

(စ) ၉-၁-၂၀၁၄ ရက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေမြိုင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၂၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဆ) ၉-၁-၂၀၁၄ ရက်နေ့ နေ့လည်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ထွေ/အုပ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၁၈၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဇ) ၁၀-၁-၂၀၁၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူလူထု (၃၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဈ) ၂၄-၂-၂၀၁၄ ရက်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် ထွေ/အုပ် ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၂၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ည) ၂၄-၂-၂၀၁၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၃၁၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဋ) ၂၄-၂-၂၀၁၄ ရက်နေ့ နေ့လည်ပိုင်း၌ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြည်သူ့ ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၆၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဌ) ၂၅-၂-၂၀၁၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ထွေ/အုပ် ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံ ပြည်သူလူထု (၃၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဍ) ၂၆-၂-၂၀၁၄ ရက်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် ပြည်သာယာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၂၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဎ) ၂၆-၂-၂၀၁၄ ရက်နေ့ နေ့လည်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၃၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဏ) ၂၇-၂-၂၀၁၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် ရန်ကြီးအောင် ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၂၉၀) ဦး တက်ရောက်ခဲ့ ကြပါသည်။

(တ) ၂-၅-၂၀၁၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ရွှေဝါထွန်း ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၁၅၀) ဦးခန့် တက်ရောက် ခဲ့ကြပါသည်။

(ထ) ၃-၅-၂၀၁၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ပတ္တမြားမြေ ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၃၅၀) ဦးခန့် တက်ရောက် ခဲ့ကြပါသည်။

(ဒ) ၄-၅-၂၀၁၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အထက (၁) ဧရာဝတီခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံ ပြည်သူလူထု (၄၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

(ဓ) ၁၇-၉-၂၀၁၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြို့နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဟင်္သာတခရိုင် မြို့နယ် (၆) မြို့နယ်မှ ဒေသခံ ပြည်သူလူထု (၅၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

(န) ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၂၇၂) ဦး တက်ရောက်ခဲ့ကြပါသည်။

(ပ) ၁၅-၁၀-၂၀၁၄ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ခပေါင်း ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၁၉၀) ဦးခန့် တက်ရောက်ခဲ့ ကြပါသည်။

(ဖ) ၁၅-၁၀-၂၀၁၄ ရက်နေ့ နေ့လည်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် မြို့နယ်၊ သီရိမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံပြည်သူလူထု (၃၉၂) ဦး တက်ရောက်ခဲ့ပါသည်။

**အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၁၀၃။ ကော်မရှင်သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများက ကျင်းပပြုလုပ်သော အောက်ပါ အလုပ်ရုံ ဆွေးနွေးပွဲများသို့ တက်ရောက်၍ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေး ဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) Falam Youth Conference ၏ စီစဉ်မှုဖြင့် ၂၈-၁၂-၂၀၁၄ ရက်နေ့မှ ၂-၁-၂၀၁၄ ရက်နေ့အထိ ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် ကျင်းပပြုလုပ်သော ဖလမ်း လူငယ် ညီလာခံသို့ ကော်မရှင်အဖွဲ့ဝင်ကိုယ်စား ဦးခွထီးယိုး တက်ရောက်၍ လူ့အခွင့် အရေးဆိုင်ရာများ ရှင်းလင်း ဆွေးနွေး ဟောပြောခဲ့ ပါသည်။

(ခ) UNSW Australia Faculty of Law နှင့် Equality Myanmar တို့ ပူးပေါင်း၍ ၁၉-၅-၂၀၁၄ ရက်နေ့မှ ၂၈-၅-၂၀၁၄ ရက်နေ့အထိ ရန်ကုန်မြို့၊ Excel Tower Hotel တွင် ကျင်းပ ပြုလုပ်ခဲ့သော Workshop on Human Rights in Advocacy for Development and Business in Training Programme for Community Advocates in Asia Pacfic Region သို့ ကော်မရှင်ဥက္ကဋ္ဌ တက်ရောက်၍ မိန့်ခွန်း ပြောကြားခဲ့ပါသည်။

(ဂ) OHCHR နှင့် Equality Myanmar တို့ပူးပေါင်း၍ ၁၁-၆-၂၀၁၄ ရက်နေ့မှ ၁၂-၆-၂၀၁၄ ရက်နေ့အထိ မန္တလေးမြို့၊ Golden Country Hotel တွင် ကျင်းပ ပြုလုပ်ခဲ့သော Workshop on Human Rights Training for the Civil Society Organization သို့ ကော်မရှင်အဖွဲ့ဝင် ဦးလှမြင့် တက်ရောက်၍ ကော်မရှင်၏ လုပ်ဆောင်ချက်များကို ရှင်းလင်းဆွေးနွေး ခဲ့ပါသည်။

(ဃ) Myanmar People Forum Working Group နှင့် မွန်ပြည်နယ်အတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ၂၅-၆-၂၀၁၄ ရက်နေ့မှ ၂၇-၆-၂၀၁၄ ရက်နေ့အထိ မော်လမြိုင်မြို့တွင် ကျင်းပပြုလုပ်သော Mon People Forum သို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော် တက်ရောက်၍ လူ့အခွင့်အရေးဆိုင်ရာ ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(င) Child Rights Coaliton, Asia နှင့် Equality Myanmar တို့ပူးပေါင်း၍ ၂၁-၆-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၊ Excel Tower Hotel ၌ ကျင်းပပြုလုပ်ခဲ့သော Workshop on Third Optimal Protocol to the Convention on the Rights of the Child on a Communications Procedure (OP-3 CRC) သို့ ကော်မရှင် ဥက္ကဋ္ဌ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

(စ) အရပ်ဘက် လူမှုအဖွဲ့အစည်းများက ၁၀-၁၂-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်ရှိ စမ်းချောင်းသာတွင် ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးနေ့ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ တက်ရောက်၍ မိန့်ခွန်း ပြောကြားခဲ့ပါသည်။

၁၀၄။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖော်ပြပါ အလုပ်ရုံ ဆွေးနွေးပွဲများသို့ သွားရောက်၍ ပါဝင်သကဲ့သို့ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၏ ဖိတ်ခေါ်မှုအရ အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှု မြှင့်တင်ရေး သင်တန်း များတွင် လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးခြင်းကို ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး အဆင့်ရှိ အရာထမ်းများက ၂၀၁၄ ခုနှစ်အတွင်း မတ်လနှင့် စက်တင်ဘာလများတွင် သွားရောက် ပို့ချခဲ့ပါသည်။

၁၀၅။ အလားတူ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်း အမှတ်စဉ် (၁၃) သို့ သွားရောက် ၍ ကော်မရှင်အဖွဲ့ဝင်တစ်ဦးက လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်ကို ပို့ချခဲ့ပါသည်။

## စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း

၁၀၆။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ကော်မရှင်ရုံးမှ ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်စေရန်နှင့် ကိုးကားနိုင်စေရန်တို့အတွက် စာကြည့်တိုက် (Resource Center) တစ်ခု ဖွင့်လှစ်ထားရှိပါသည်။ စာကြည့်တိုက်တွင် RWI မှ ပေးပို့ လှူဒါန်းထားသော လူ့အခွင့် အရေးဆိုင်ရာနှင့် ပတ်သက်သည့် စာအုပ်များနှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ကိုးကား နိုင်စေမည့် စာအုပ်များ၊ အဘိဓာန်များ၊ ဥပဒေစာအုပ်များ၊ ဂျာနယ်များကို ဝယ်ယူ စုဆောင်း ထားရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာဘာသာဖြင့် (၉၄၉) အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် (၅၄၅) အုပ်၊ စုစုပေါင်း အုပ်ရေ (၁၄၉၄) အုပ်အား သိမ်းဆည်းထားရှိပြီး ဖြစ်ပါသည်။ ၄င်းတို့ အနက်မှ အုပ်ရေ (၇၄၀) ခန့်ကို Electronic books များအဖြစ် ပြောင်းလဲထားရှိပြီး ဖြစ်ပါသည်။

၁၀၇။ ပြည်သူများအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရေးနှင့် မြှင့်တင်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ ပို့ချပေးနေသည့် သတင်းများ၊ ကော်မရှင်မှ အခါ အားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်များကို အချိန်နှင့်တပြေးညီ ပြည်သူများ သိရှိစေနိုင် ရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဝက်ဘ်ဆိုဒ် www.mnhrc.org.mm ကိုလည်း တည်ထောင်ထားပြီး ကော်မရှင် လုပ်ဆောင်ချက် သတင်းများအား အချိန်နှင့် တပြေး ညီ တင်ဆက် လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ အကြံပြုချက်များ

၁၀၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လွတ်လပ်စွာ ရပ်တည်သည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီး (၃) ရပ်နှင့် သဟဇာတမျှတစွာ အပြန်အလှန် အကျိုးပြု ဆောင်ရွက်ခြင်း၊ အကြံပြုတင်ပြခြင်းများ ပြုလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် အစိုးရဌာန/ အဖွဲ့အစည်းများ၊ လွှတ်တော်များ၊ တရား စီရင်ရေးမဏ္ဍိုင် အသီးသီးတို့တွင် ကော်မရှင်နှင့် ဆက်သွယ် ဆောင်ရွက်နိုင်သည့် အဓိက ဆက်သွယ်ရန် ပုဂ္ဂိုလ် (Contact Person) များ သတ်မှတ်ပေးရေးအတွက် အကြံပြု တင်ပြ အပ်ပါသည်။

၁၀၉။ လူ့အခွင့်အရေး ဘာသာရပ်ကို ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်းများ သိရှိနားလည်သဘောပေါက်ပြီး လက်တွေ့နယ်ပယ်တွင် ကျင့်သုံးနိုင်ရန်အတွက် ဝန်ကြီးဌာန အသီးသီးတွင် ကျင်းပလျှက်ရှိသော ဌာနဆိုင်ရာ သင်တန်းများတွင် ထည့်သွင်း၍ လည်းကောင်း၊ သီးခြားသင်တန်းအဖြစ်လည်းကောင်း ပို့ချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါသည်။

## နိဂုံး

၁၁၀။ ပါရီအခြေခံမူများ (Paris Principles) နှင့်အညီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်း နိုင်ခဲ့ပါသည်။ ယင်းကော်မရှင် ဥပဒေနှင့်အညီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သစ်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၂၃/ ၂၀၁၄ ဖြင့် ဖွဲ့စည်း နိုင်ခဲ့ပါသည်။ ဤကာလအတွင်း လူ့အခွင့်အရေးဆိုင်ရာ ပြည်တွင်း၊ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲ များ၊ အစည်းအဝေးများကို ပါဝင်တက်ရောက် ဆွေးနွေးနိုင်သည့်အပြင် လိုအပ်သော သဘောထား မှတ်ချက်များကိုလည်း လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်မှ ဆွေးနွေး တင်ပြခြင်း၊ အကြံပြုခြင်း များကို ပြုလုပ်နိုင်ခဲ့ပါသည်။

၁၁၁။ ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ကျား၊ မ ရေးရာ အခြေအနေဆန်းစစ်မှု စစ်တမ်းအစီရင်ခံစာ (ပထမမူကြမ်း) အပေါ် မြန်မာနိုင်ငံ အမျိုး သားလူ့အခွင့်အရေး ကော်မရှင်၏ သဘောထားမှတ်ချက်ကို ပြန်လည်ပေးပို့ နိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို ရေးဆွဲခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များဖြစ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြားသော ရက်စက်စွာ၊ လူမဆန်စွာ သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ပြုမူ ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာ သဘောတူစာချုပ် (CAT) နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC) တို့ကို ဘာသာပြန်ဆိုပြီး ကော်မရှင်မှ အပြီးသတ် အတည်ပြုနိုင်ရေး ဆောင်ရွက် လျက်ရှိပါသည်။

၁၁၂။ လူ့အခွင့်အရေးနှင့် ပတ်သက်သော ဒေသဆိုင်ရာ အစည်းအဝေးများတွင် ပါဝင် တက်ရောက်ခြင်း၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် SEANF နှင့် အာရှ-ပစိဖိတ်ဖိုရမ် APF ကဲ့သို့သော ဒေသအဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်ရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးကိစ္စ ရပ်များကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် ဖွဲ့စည်း ထားသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ (International Coordinating Committee for NHRIS_ ICC) သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းကိစ္စရပ်ကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ၂၀၁၆ ခုနှစ်တွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF) ဥက္ကဋ္ဌတာဝန်ယူ ရမည်ဖြစ်ရာ ယင်းကာလတွင် အစည်းအဝေးများကို လက်ခံ တာဝန်ယူ ကျင်းပရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်ကိုလည်း ကြိုတင် ပြင်ဆင် လျက်ရှိပါသည်။

၁၁၃။ ၂၀၁၄ ခုနှစ်အတွင်း သက်ဆိုင်ရာ ဆက်နွယ်နေသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သဖြင့် အတိုင်းအတာတစ်ခုအနေဖြင့် အောင်မြင်ခဲ့သည်ဟု သုံးသပ်ရပါသည်။ လူ့အခွင့်အရေးဆိုင်ရာ အခြေခံများကို ပြည်သူလူထု

အတွင်း ကျယ်ပြန့်စွာ ရောက်ရှိသွားနိုင်ရေးအတွက် အခြေခံပညာကျောင်းများတွင် ကလေးသူငယ်နှင့် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို ထိရောက်စွာ သင်ကြား ပေးနိုင်ရေးနှင့် တက္ကသိုလ် များတွင်ပါတိုးချဲ့ သင်ကြားပို့ချ နိုင်စေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။ ထို့အပြင် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ သဘောတရားများ ပျံ့နှံ့ ရောက်ရှိစေရေးအတွက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့် ပညာပေးရေး သင်တန်းများကို Grass Root Levels အထိ ဖွင့်လှစ် ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

၁၁၄။ သို့ဖြစ်ပါ၍ လာမည့် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အသိပညာများ တိုးတက်သိမြင် လာစေပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုတိုးတက် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်း ဆောင်ရွက်လျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

နောက်ဆက်တွဲ(က)

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
Myanmar National Human Rights Commission

သို့

ဥက္ကဋ္ဌ
ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ရက်

ခင်ဗျား၊

၁။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့က ထိုင်းနိုင်ငံ၊ ခိုတောင်းကျွန်း၌ ဗြိတိန်နိုင်ငံသား စုံတွဲဖြစ်သည့် Mr. David Miller နှင့် Ms. Hannah Witheridge တို့ အသတ်ခံရမှုနှင့် စပ်လျဉ်း၍ မြန်မာအလုပ်သမားနှစ်ဦးဖြစ်သည့် မောင်ဇော်လင်းနှင့် မောင်ဝင်းဇော်ထွန်းတို့ကို လူသတ်မှုနှင့် မုဒိန်းမှုတို့ ကျူးလွန် သည်ဟု စွပ်စွဲကာ ထိုင်းနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးချုပ်နှောင် ထားရှိကြောင်း ကြားသိရပါသည်။

၂။ ၎င်းတို့နှစ်ဦးအနေဖြင့် ပြစ်မှုကျူးလွန်သည်မှာ မှန်ကန်မှုရှိပါလျှင် ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်သော်လည်း ပြစ်မှုကို စုံစမ်းဖော်ထုတ်ရာတွင် တရားမျှတမှုရှိရှိ ဆောင်ရွက်ပေးပို့ဖို့ လိုအပ်ပါသည်။ ထို့ပြင် ၎င်းတို့နှစ်ယောက်ကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးကာ သူတို့ပြစ်မှု ကျူးလွန်ပါသည်ဟု ဝန်ခံအောင် ရိုက်နှက်နှိပ်စက်ခဲ့သည်ဟူသော သတင်းများလည်း ထွက်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ရာ ကမ္ဘာ့လူ့အခွင့်အရေး ကြေငြာစာတမ်းတွင် ပါရှိသည့်အတိုင်း ညှင်းပမ်းနှိပ်စက်ခြင်း မခံရစေရေးနှင့် လိုအပ်သည်ထက် ပို၍မကြာစေရေးအတွက် ထိုင်းနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လိုအပ်သကဲ့သို့ ကူညီပံ့ပိုး ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါသည်။

၄။ ထိုင်းနိုင်ငံ အစိုးရအနေဖြင့် ၎င်းတို့နှစ်ဦးအား ဗန်ကောက်မြို့ရှိ မြန်မာသံအရာရှိများက ကောင်စစ်အလုပ် ဝတ္တရားများနှင့်အညီ တွေ့ဆုံဆောင်ရွက်ခွင့်ကိုလည်းကောင်း၊ ၎င်းတို့၏ မိဘဆွေမျိုးများက လာရောက်တွေ့ဆုံ ခွင့်ပြုရေးကို လူသားချင်း စာနာထောက်ထားမှု အရလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးမည်ဟု မျှော်လင့်ပါသည်။

၅။ အချုပ်အားဖြင့်ဆိုရပါလျှင် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံ အလုပ်သမားနှစ်ဦး၏ လူ့အခွင့်အရေး ဖောက်ဖျက်မခံရစေရေးအတွက် အတတ်နိုင်ဆုံး ပံ့ပိုးကူညီ ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အလေးအနက် မေတ္တာရပ်ခံ အပ်ပါသည်။

ခင်မင်လေးစားစွာဖြင့်

(ဝင်းမြ)
ဥက္ကဋ္ဌ

No. 27, Pyay Road, Hlaing Township, Yangon, Republic of the Union of Myanmar.
Tel : 95-1-654681, Fax : 95-1-654673

## ၂၀၁၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှုအမျိုးအစားစာရင်း

နောက်ဆက်တွဲ (ခ)

| စဉ် | အမှုအမည် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | နေပြည်တော် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေမှု | ၅ | | ၁၁ | ၅ | ၆၃ | ၁၀ | ၅၁ | ၄၉ | ၁၆၄ | ၆၅ | ၄၈ | ၂၇၀ | ၅၂ | ၁၃၄ | ၁၇ | **၉၄၄** |
| ၂ | တရားရေး | ၃ | | ၂ | | ၁၂ | ၁ | ၂၂ | ၇ | ၃၃ | ၄ | | ၅၂ | ၂ | ၂၅ | ၃ | **၁၆၆** |
| ၃ | ငွေကြေး | ၂ | | | | | ၁ | ၅ | ၁ | ၅ | ၁ | ၁ | ၂၃ | ၄ | ၁ | | **၄၄** |
| ၄ | ထောင်မှု | | | | | ၁ | | ၁ | | | | | ၁ | | ၁ | | **၄** |
| ၅ | အုပ်ချုပ်ရေးမှုး | ၃ | | | ၂ | ၄ | ၁ | ၁၀ | ၁၀ | ၁၈ | ၁ | ၃ | ၁၈ | ၃ | ၁၉ | ၄ | **၉၆** |
| ၆ | အလုပ်သမား | | | | ၁ | | | | | ၁ | | | | | | | **၂** |
| ၇ | ပင်စင်+ ဝန်ထမ်း | ၂ | | | ၁ | ၈ | ၁ | ၅ | ၅ | ၃၅ | ၂ | ၃ | ၇၃ | ၅ | ၆ | ၁ | **၁၄၇** |
| ၈ | စည်ပင် | ၁ | | | | ၃ | ၁ | ၁ | ၂ | ၄ | ၂ | | ၂၃ | ၁ | ၄ | | **၄၂** |
| ၉ | သာသနာရေး | | | | | ၂ | | ၂ | | ၁ | | | ၃ | | | | **၈** |
| ၁၀ | အင်းကိစ္စ | | | | | | | ၁ | | | ၁ | | ၂ | | ၁ | | **၅** |
| ၁၁ | ရဲမှု | ၅ | | ၂ | | ၃ | ၂ | ၁၀ | ၃ | ၁၅ | ၂ | ၁ | ၃၃ | ၅ | ၃ | ၂ | **၈၆** |
| ၁၂ | လူကုန်ကူး | | | | | | | ၁ | | ၃ | ၄ | | ၂ | | | ၁ | **၁၁** |
| ၁၃ | အမျိုးသမီး | | | | | | ၁ | ၅ | ၂ | ၂ | | | ၄ | | ၃ | | **၁၇** |
| ၁၄ | အကြမ်းဖက်မှု | ၃ | | | | ၂ | | ၂ | | ၃ | ၁ | ၁ | ၂ | ၂ | ၁ | | **၁၇** |
| ၁၅ | မြစ်ဆုံ | ၁၆ | | | | | | | | | | | | | | | **၁၆** |
| ၁၆ | ကလေးစစ်သား | | | | | | | | | ၂ | | | ၂ | | ၁ | | **၅** |
| ၁၇ | ရွှေ့နေလိုင်စင် | | | | | | | | | ၂ | | | ၁ | | | | **၃** |
| ၁၈ | သဘော်သား | | | | | | | | | | ၁ | | ၅ | | ၁ | | **၇** |
| ၁၉ | တပ် | ၁ | | | | | | | | | | | | ၁ | | | **၂** |
| ၂၀ | တိုင်းရင်းသား+ မျိုးနွယ်စုကိစ္စ | ၁ | ၄ | | | ၂ | | | | | | | ၂ | | | | **၉** |
| ၂၁ | အခြား | ၄ | ၁ | ၁ | ၁ | ၁၃ | ၅ | ၂၄ | ၁၀ | ၄၂ | ၈ | ၄ | ၆၇ | ၅ | ၂၀ | ၃ | **၂၀၈** |
| | **စုစုပေါင်း** | **၄၆** | **၅** | **၁၆** | **၁၀** | **၁၁၃** | **၂၃** | **၁၄၀** | **၈၉** | **၃၃၀** | **၉၂** | **၆၁** | **၅၈၃** | **၈၀** | **၂၂၀** | **၃၁** | **၁၈၃၉** |

**စုစုပေါင်းစာရင်းချုပ် = ၁၈၃၉ မှု**

## ၂၀၁၄ ခုနှစ်အတွင်းပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မရှင်သို့ ရက်ပေါင်း (၃၀)အတွင်းနှင့် ရက်ပေါင်း (၃၀) ကျော်လွန်ပြီးနောက် ပေးပို့သောပြန်ကြားစာရရှိမှု အခြေအနေ

နောက်ဆက်တွဲ (ဂ)

| စဉ် | အမှုအမျိုးအစား | ရက်ပေါင်း (၃၀)အတွင်း ပြန်ကြားစာ | ရက်ပေါင်း (၆၀)အတွင်း ပြန်ကြားစာ | ရက်ပေါင်း (၉၀)အတွင်း ပြန်ကြားစာ | ရက်ပေါင်း (၉၀) ကျော်လွန်သော ပြန်ကြားစာ များ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | အိမ်ခြံမြေ | ၄ | ၁ | - | ၆၁ | ၆၇ |
| ၂ | လယ်ယာမြေ | ၂ | - | - | ၄၄ | ၄၆ |
| ၃ | တရားရေး | ၁ | - | - | ၂၆ | ၂၇ |
| ၄ | အခြား | - | - | - | ၂၃ | ၂၃ |
| ၅ | ဝန်ထမ်း | - | - | - | ၂၂ | ၂၂ |
| ၆ | နိုင်ငံခြား | - | - | - | ၂၂ | ၂၂ |
| ၇ | စည်ပင် | - | ၁ | - | ၁၇ | ၁၈ |
| ၈ | ရဲ | ၁ | - | - | ၁၅ | ၁၆ |
| ၉ | အုပ်ချုပ်ရေးမှုး | ၁ | - | - | ၁၂ | ၁၃ |
| ၁၀ | အလုပ်သမား | ၁ | - | - | ၇ | ၈ |
| ၁၁ | အကျဉ်းသား | - | - | - | ၅ | ၅ |
| ၁၂ | ကလေးစစ်သား | - | - | - | ၄ | ၄ |
| ၁၃ | တပ်သား | ၂ | - | - | ၂ | ၄ |
| ၁၄ | သာသနာ | - | - | - | ၃ | ၃ |
| ၁၅ | တရားသူကြီး | - | - | - | ၂ | ၂ |
| ၁၆ | ရွှေ့နေလိုင်စင် | - | - | - | ၂ | ၂ |
| ၁၇ | သမမှု | - | - | - | ၂ | ၂ |
| ၁၈ | အမျိုးသမီး | - | - | - | ၂ | ၂ |
| ၁၉ | ငွေကြေး | - | - | - | ၂ | ၂ |
| စုစုပေါင်း | | ၁၂ | ၂ | ၁ | ၂၇၃ | ၂၈၈ |

# ၂၀၁၄ ခုနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လအလိုက် ပြန်ကြားမှု အခြေအနေ

နောက်ဆက်တွဲ (ဃ)

| စဉ် | ပေးပို့သည့် ဝန်ကြီးဌာန | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၃၅ | ၅၁ | ၄၅ | ၃၂ | ၁ | - | - | - | - | ၁ | - | ၁၀၃ | ၂၆၈ |
| ၂ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၃ | ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၄ | ကယားပြည်နယ်အစိုးရအဖွဲ့ရုံး | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၅ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၆ | မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး | - | - | - | - | - | - | - | - | - | - | - | ၂ | ၂ |
| ၇ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၈ | ပြည်ထဲရေးဝန်ကြီးဌာန | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၉ | ကာကွယ်ရေးဝန်ကြီးဌာန | - | - | - | - | - | - | - | - | - | - | - | ၂ | ၂ |
| ၁၀ | နိုင်ငံခြားရေးဝန်ကြီးဌာန | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၁၁ | လယ်/ဆည် ဝန်ကြီးဌာန | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၁၂ | ပို့ဆောင်ရေးဝန်ကြီးဌာန | - | - | - | - | - | - | - | - | ၁ | - | - | - | ၁ |
| ၁၃ | အားကစားဝန်ကြီးဌာန | - | - | - | - | - | - | - | ၁ | - | - | - | - | ၁ |
| ၁၄ | ပညာရေးဝန်ကြီးဌာန | - | - | - | - | - | - | - | ၁ | - | - | - | - | ၁ |
| ၁၅ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | - | ၁ | - | - | - | - | - | - | - | - | - | - | ၁ |
| ၁၆ | ကရင်ပြည်နယ်တရားလွှတ်တော် | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၁၇ | ရန်ကုန်မြို့တော် စည်ပင်ကော်မတီ | - | - | ၁ | ၁ | - | - | - | - | - | - | - | | ၂ |
| ၁၈ | မိခင်နှင့်ကလေးစောင့်ရှောက်ရေး | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| **စုစုပေါင်း** | | ၃၅ | ၅၂ | ၄၆ | ၃၃ | ၁ | - | - | ၂ | ၁ | ၁ | - | ၁၁၇ | ၂၈၈ |

## ၂၀၁၄ ခုနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်ကြားချက်များအပေါ် ကော်မရှင်မှ တိုင်ကြားသူများအား ပြန်လည်အကြောင်းကြားပြီးစီးမှု အခြေအနေ

နောက်ဆက်တွဲ (င)

| စဉ် | အမှုအမျိုးအစား | အရေအတွက် | သက်ဆိုင်ရာ တိုင်ကြားသူများထံသို့ ဆက်လက်အကြောင်းကြားပြီး | ဆောင်ရွက်ရန်ကျန် | ပြန်ကြားသည့်ဌာနများ |
|---|---|---|---|---|---|
| ၁ | အိမ်ခြံမြေမှု | ၆၇ | ၇ | ၆၀ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကချင်ပြည်နယ် အစိုးရအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ ကရင်ပြည်နယ် တရားလွှတ်တော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ကယားပြည်နယ် အစိုးရအဖွဲ့၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ အားကစား ဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ |
| ၂ | လယ်ယာမြေမှု | ၄၆ | ၁၀ | ၃၆ | |
| ၃ | တရားရေး | ၂၇ | ၃ | ၂၄ | |
| ၄ | အခြား | ၂၃ | ၇ | ၁၆ | |
| ၅ | ဝန်ထမ်း | ၂၂ | ၄ | ၁၈ | |
| ၆ | နိုင်ငံခြားမှု | ၂၂ | - | ၂၂ | |
| ၇ | စည်ပင် | ၁၈ | ၄ | ၁၄ | |
| ၈ | ရဲမှု | ၁၆ | - | ၁၆ | |
| ၉ | အုပ်ချုပ်ရေးမှုး | ၁၃ | ၁ | ၁၂ | |
| ၁၀ | အလုပ်သမား | ၈ | - | ၈ | |
| ၁၁ | အကျဉ်းသား | ၅ | ၁ | ၄ | |
| ၁၂ | ကလေးစစ်သား | ၄ | - | ၄ | |
| ၁၃ | တပ်သား | ၄ | - | ၄ | |
| ၁၄ | သာသနာ | ၃ | ၂ | ၁ | |
| ၁၅ | တရားသူကြီး | ၂ | - | ၂ | |
| ၁၆ | ရှေ့နေလိုင်စင် | ၂ | - | ၂ | |
| ၁၇ | သမမှု | ၂ | - | ၂ | |
| ၁၈ | အမျိုးသမီး | ၂ | ၂ | - | |
| ၁၉ | ငွေကြေး | ၂ | - | ၂ | |
| **စုစုပေါင်း** | | **၂၈၈** | **၄၁** | **၂၄၇** | |

မှတ်ချက်။ (၂၄၇) မှုမှာ (၂၄-၉-၂၀၁၄) ရက်နေ့၊ ကော်မရှင်အသစ် မဖွဲ့စည်းမီ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်ကြားစာများဖြစ်ပြီး နှစ်လွန်အမှုများလည်း ပါဝင်ပါသည်။ ယခင် ကော်မရှင်အဖွဲ့ဟောင်း လက်ထက်တွင် အဆိုပါ ပြန်ကြားစာများအပေါ် လူပုဂ္ဂိုလ်ထံသို့ (၄၁) မှုသာ ပြန်ကြားခဲ့ပါသည်။

# ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာ အဖြစ်အပျက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် (၂/၂၀၁၄)

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာ အဖြစ်အပျက်နှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့သည့် သတင်းများကို စုံစမ်းရန်အလို့ငှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၃) ဦးပါ ကော်မရှင်အဖွဲ့သည် ၃၀-၁-၂၀၁၄ ရက်နေ့မှ ၃-၂-၂၀၁၄ ရက်နေ့အထိ စစ်တွေ၊ မောင်တောမြို့နယ်များသို့ သွားရောက်ခဲ့ပြီး ဒုချီးရားတန်း ကျေးရွာအုပ်စု သို့လည်း သွားရောက်ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါခရီးစဉ်အတွင်း ကော်မရှင်အဖွဲ့သည် -

(က) ဇန်နဝါရီလ (၉) ရက်နေ့တွင် ဘင်္ဂါလီ (၈) ဦးအား ရခိုင်တိုင်းရင်းသားများက သတ်ဖြတ်ခဲ့သည်ဆိုသော သတင်း

(ခ) ဇန်နဝါရီလ (၁၃) ရက်နေ့တွင် ရဲတပ်ဖွဲ့လုပ်သွ့်ကင်းအား ဒုချီးရားတန်း အလယ်ရွာမှ ဘင်္ဂါလီများက အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်စပ်၍ ရဲတပ်ဖွဲ့မှ ပစ်ခတ်သတ်ဖြတ်သဖြင့် ဘင်္ဂါလီ (၄၀) ဦးသေဆုံးသည်ဆိုသော သတင်းနှင့်

(ဂ) အထက်ပါ ပစ်ခတ်မှုများကြောင့် ဒဏ်ရာရလူနာ (၂၂) ဦးအား MSF (Medicines Sans Frontiers) အဖွဲ့မှ ဆေးကုသပေးခဲ့ရသည်ဆိုသော အင်တာနက်သတင်းတို့နှင့် ပတ်သက်၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

- ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးအချို့နှင့် ၃၀-၁-၂၀၁၄ ရက်နေ့နှင့် ၃-၂-၂၀၁၄ ရက်နေ့များတွင် တွေ့ဆုံဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ ထွက်ဆိုချက်များ ရယူခြင်း၊
- ရဲအရာရှိကြီး (၃) ဦးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး အပါအဝင် တာဝန်ရှိသူများ၊ ကင်းချောင်းအုပ်ချုပ်ရေးမှူးနှင့် ရွာသားအချို့၊ မောင်တောရဲစခန်းတွင် စစ်ဆေးလျက်ရှိသော အချုပ်သား (၄) ဦးအား စစ်ဆေးမေးမြန်း၍ ထွက်ဆိုချက်များ ရယူခြင်း၊
- ဒုချီးရားတန်းကျေးရွာနှင့် အနီးတဝိုက်ရှိ ဘင်္ဂါလီရွာများမှ အမျိုးသား၊ အမျိုးသမီးများအား မေးမြန်းခြင်း၊ စစ်ဆေး၍ ထွက်ဆိုချက်များရယူခြင်း၊
- ဒုချီးရားတန်းအလယ်ရွာ မူလတန်းကျောင်းတွင် ဒုချီးရားတန်းကျေးရွာမှ ကျေးရွာလူကြီးများနှင့် ဘာသာရေးခေါင်းဆောင် (၂၀) ခန့်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘင်္ဂါလီ (၈) ဦးနှင့် (၄၀) ခန့်အား သတ်ဖြတ်ခဲ့သည်ဆိုသော သတင်းကို စိစစ်ခြင်း၊
- ဒုချီးရားတန်းကျေးရွာမှ အမျိုးသမီး (၂၀၀) ကျော်အား တွေ့ဆုံကာ ဒုချီးရားတန်း ဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းတို့ တိုင်ကြားချက်များကိုလက်ခံရယူခြင်း၊ အချို့ထံမှ ထွက်ချက်များရယူခြင်း၊

- UNHCR, UNOCHA နှင့် MSF အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သတင်းများ စိစစ်ခြင်း၊
- မောင်တောမြို့နယ်ရှိ ရခိုင်တိုင်းရင်းသား ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေး ခြင်း၊
- မောင်တောမြို့နယ်ရှိ အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ နှင့် တွေ့ဆုံဆွေးနွေးခြင်း၊
- အကြမ်းဖက်မှု ဖြစ်ပွားခဲ့သော ၂၈-၁-၂၀၁၄ ရက်နေ့တွင် မီးလောင်မှု ဖြစ်ပွားခဲ့ သည့် ဒုချီးရားတန်း အနောက်ရွာ အပါအဝင် ဒုချီးရားတန်းကျေးရွာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးခြင်း၊
- ခရေမြိုင်ကျေးရွာ သင်္ချိုင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခြင်း၊

၃။ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များမှ ကော်မရှင်အဖွဲ့၏ တွေ့ရှိချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) ဇန်နဝါရီလ (၉) ရက်နေ့တွင် ဘင်္ဂါလီ (၈) ဦး အသတ်ခံရသည့် သတင်းမှာ ရခိုင် တိုင်းရင်း သားများနေထိုင်သည့် ခရေမြိုင်ရွာနှင့် ကင်းချောင်းရွာတို့တွင် မြေပြင် သတင်းများ မဖြစ်ပေါ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ရာတွင် ကောလာဟလ အဖြစ် အရပ်သတင်း ဖြစ်နေသည်ကို တွေ့ရပါသည်။

(ခ) ဘင်္ဂါလီ (၈) ဦးအား ခရေမြိုင်သင်္ချိုင်းတွင် မြှုပ်ထားသည်ကို ထင်းခုတ်သမား တစ်ဦး က တွေ့မြင်ခဲ့သည်ဟူသော သတင်းသည် ဒုချီးရားတန်း ဘင်္ဂါလီရွာများတွင် ဖြစ်ပေါ်ခဲ့သော်လည်း ၎င်းသတင်းကို အတည်ပြုနိုင်သော အထောက်အထားများ မတွေ့ရှိရပါ။

(ဂ) ရခိုင်တိုင်းရင်းသားများ အနေဖြင့်မူ ၎င်းသတင်းအား အင်တာနက်သတင်းအဖြစ်သာ သိရှိ ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ဃ) ၎င်းသတင်းများကို ဒုချီးရားတန်းရွာမှ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များ နှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ ဒုချီးရားတန်းရွာမှ အမျိုးသမီး (၂၀၀) ကျော်နှင့် တွေ့ဆုံရာ တွင်လည်းကောင်း မည်သူကမျှတင်ပြခြင်း၊ ထွက်ဆိုခြင်းများ မရှိကြောင်း တွေ့ရှိရပါ သည်။

(င) ဘင်္ဂါလီ(၈)ဦးအား သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲထားသည့် သတင်းအမျိုးမျိုးသည် အတည်ပြု၍ မရသည်ကို တွေ့ရပါသည်။

(စ) ဇန်နဝါရီလ (၁၃) ရက်နေ့ ဒုချီးရားတန်း (အလယ်ရွာ) ဖြစ်စဉ်ဖြစ်ပွားပြီး ယင်းည တွင် တပ်နှင့်ရဲတပ်ဖွဲ့တို့မှ ဒုချီးရားတန်းရွာတွင်းသို့ ဝင်ရောက်၍ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း အား ရှာဖွေခဲ့ကြောင်း သိရပါသည်။

(ဆ) ဒုချီးရားတန်း ဘင်္ဂါလီရွာများမှ ဘင်္ဂါလီ (၄၀) အသတ်ခံရသည်ဟူသော သတင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရဲအရာရှိကြီးများ၊ ရဲတပ်သားများ၊ သက်ဆိုင် ရာကျေးရွာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒုချီးရားတန်းရွာမှ ဘင်္ဂါလီ ရပ်မိရပ်ဖများနှင့် အမျိုးသမီးများထံမှ ကော်မရှင်အဖွဲ့က ထွက်ဆိုချက်များ ရယူခဲ့ရာတွင် အဆိုပါ သတင်းများ မှန်ကန်ကြောင်း အတည်ပြုချက် မရရှိခဲ့ပါ။

(ဇ) ဘင်္ဂါလီ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် အမျိုးသမီးများအား ၎င်းတို့၏ အမြင်များကို ပွင့်လင်းစွာတင်ပြရန် မိမိတို့ ကော်မရှင်က တိုက်တွန်းခဲ့သော်လည်း ထွက်ဆို ချက်များသည် အတည်ပြုနိုင်သော သတင်းအချက်အလက် တစ်စုံတစ်ရာ မပါရှိကြောင်း တွေ့ရပါသည်။

(ဈ) ဘင်္ဂါလီရွာသားများ၏ ထွက်ဆိုချက်များတွင်လည်း ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း ဦးဆောင်သည့် ကင်းလှည့်အဖွဲ့အား ရွာသားများက အကြမ်းဖက်သည့်ဖြစ်စဉ်နှင့် ပတ်သက် ၍ တစ်စုံတစ်ရာမျှ ထွက်ဆိုခြင်း မရှိခဲ့သည်ကိုလည်း သတိပြုမိခဲ့ပါသည်။

(ည) ဘင်္ဂါလီများ သတ်ဖြတ်ခံရသည့် သတင်းကို ဖော်ပြရာတွင်လည်း ကွဲလွဲနေသည်ကို တွေ့ရပါ သည်။ ဥပမာ- ဇန်နဝါရီလ (၁၃) ရက်နေ့ညတွင် ရဲများပစ်ခတ်မှုကြောင့် လူပေါင်း (၁၀၀) ကျော် သေဆုံးခဲ့သည်ဟူသော သတင်းများရှိခဲ့သကဲ့သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့လည်း အသတ်ခံရသူ (၅၂) ဦးစာရင်း ပေးခဲ့သည်ဟူသော သတင်းမှားများ ဖေါ်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ သို့သော် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ အသတ်ခံရသူ (၅၂) ဦးစာရင်းကို အမှန်တကယ် ပေးခဲ့ခြင်းမရှိပါ။

၄။ ကော်မရှင်အဖွဲ့သည် MSF အဖွဲ့ကို တွေ့ဆုံဆွေးနွေးရာတွင် MSF အဖွဲ့က သေနတ်ဒဏ်ရာ ရရှိသူ (၁) ဦး၊ ညိုမဲဒဏ်ရာရရှိသူ (၄)ဦး၊ ပြတ်ရှဒဏ်ရာရရှိသူ (၁၀) ဦးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက် ခံစားရသူ (၇) ဦး၊ စုစုပေါင်း (၂၂) ဦးအား ကုသပေးခဲ့သည်ဟု ဖြေကြားပါသည်။ သို့ရာတွင်၎င်း အဖွဲ့အစည်းက လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းသဘာဝကြောင့် လူနာအမည်စာရင်း သည် အတွင်းရေးကိစ္စဖြစ်သဖြင့် လူနာ အမည်စာရင်း ပေးအပ်နိုင်ခြင်းမရှိကြောင်း ဖြေကြားပါ သည်။ မေးမြန်းရာတွင် သေနတ်ဒဏ်ရာ လူနာကိစ္စကိုမူ ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနသို့ အသိပေးခဲ့ခြင်း မရှိကြောင်း၊ ယင်းလူနာအား ဆေးရုံသို့ သွားရောက်ရန်သာ တိုက်တွန်းခဲ့ကြောင်း ပြောကြားပါသည်။ သို့သော် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ကျန်းမာရေးဦးစီးမှူး၏ စစ်ဆေး ဖော်ထုတ်ချက်အရ MSF ဆေးခန်းတွင် ယင်းကဲ့သို့သော ဒဏ်ရာရရှိသူများအား ကုသပေးရခြင်း မရှိကြောင်း အဆိုပါ ဆေးခန်းမှ ဆရာဝန်နှစ်ဦးက ထွက်ဆိုခဲ့သည်ကိုလည်း သိရှိရပါသည်။

၅။ ကော်မရှင်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်များကို ၅-၂-၂၀၁၄ ရက်နေ့တွင် ကျန် ကော်မရှင်အဖွဲ့ဝင်များနှင့် ဆွေးနွေးပြီး အောက်ပါသုံးသပ်ချက်နှင့် အကြံပြုချက်များ ရရှိခဲ့ကြ ပါသည် -

- ဘင်္ဂါလီ (၈) ဦးနှင့် (၄၀) ဦး အသတ်ခံရသည်ဟု စွပ်စွဲသည့် သတင်းကို ခိုင်မာသော မြေပြင် သတင်းမရှိသဖြင့် အတည်ပြု၍ မရသော သတင်းများဟု သုံးသပ်ပါသည်။

- ဒုချီးရားတန်းဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူ အစိုးရဌာန အဖွဲ့အစည်းများ အနေဖြင့် အခြေအနေမှန်ကို သတင်းထုတ်ပြန်ရန် နောက်ကျကြောင်း၊ ယင်း နောက်ကျမှုသည် ကောလာဟလနှင့် အခြေအမြစ်မရှိသည့် သတင်းများကို ဖြစ်စေခဲ့ သည်ဟု သုံးသပ်ပါသည်။

- ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းဦးစီးသည့် ရဲတပ်သား (၃) ဦးသည် ဘင်္ဂါလီ အုပ်စုက ဝိုင်း၍ တိုက်ခိုက်ရန်လာသည့်အခါ အမိန့်အတိုင်း ခြောက်လှန့်ပစ်ခတ်ရန် ကြိုးပမ်းခဲ့ သော်လည်း ကျည်မထွက်သဖြင့် အကြမ်းဖက်အုပ်စုအား တားဆီးနိုင်ခြင်း မရှိဘဲ အခြေအနေ ရှုပ်ထွေးသွားပြီး ရဲတပ်ကြပ်ကြီး ပျောက်ဆုံးသည်အထိ ဖြစ်သွား သည်ဟု သုံးသပ်ရပါသည်။ အလားတူ အဖြစ်အပျက်များ နောင်မဖြစ်စေရေးအတွက် လိုအပ်သည့် အရေးယူ ဆောင်ရွက် မှုပြုရန် အကြံပြုအပ်ပါသည်။

- ၁၃-၁-၂၀၁၄ ရက်နေ့ညတွင် ဒုချီးရားတန်းအရှေ့နှင့် အလယ်ရွာများမှ ရွာသားများ သည် ထွက်ပြေးတိမ်းရှောင်သွားမှုကြောင့် ရှုပ်ထွေးမှု ဖြစ်ပွားလာချိန်တွင် ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ ဆန်စပါးနှင့် ကျွဲနွားများ လုယက်ခြင်းခံခဲ့ရသည်ဟု ယူဆရပါသည်။ အဆိုပါကျေးရွာနှစ်ရွာတွင် စားနပ်ရိက္ခာနှင့် အခြားအခြေခံလိုအပ်ချက်များ ရှိနေပါ သဖြင့် ထောက်ပံ့ရေးကို လိုအပ်သကဲ့သို့ ဆောင်ရွက်သင့်ပါသည်။

- ဒုချီးရားတန်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် ကျေးရွာများအကြား တင်းမာမှုများ နှင့် စိုးရိမ်မှုများ ဆက်လက်ရှိနေသည်ကို ထောက်ရှုလျက် အဆိုပါ ဒေသများတွင် ပြဿနာများ ထပ်မံမပေါ်ပေါက်စေရန် အထူးလုံခြုံရေး အစီအမံများကို ဦးစားပေး ကိစ္စ အဖြစ်ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

## ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ စုံစမ်းစစ်ဆေးမှု ထုတ်ပြန်ချက်

၁။ ၂၄-၁၀-၂၀၁၄ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနက KKO (Klohhtoobor Karen Organization) မှ ဗိုလ်ကြီးအဆင့်ရှိ ပြန်ကြားရေးတာဝန်ခံ ကိုအောင်နိုင်ဆိုသူ သေဆုံးကြောင်း ၂၅-၁၀-၂၀၁၄ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ၎င်းကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် မင်းသီဟန် (Education Digest) ၏ "နိုင်ငံသားဂျာနယ်လစ် ကိုပါကြီး သေဆုံးမှုအပေါ် အဖြစ်မှန် အတိုင်း စုံစမ်းဖော်ထုတ်ပေးပါရန်" တိုင်တန်းချက်ကိုလည်းကောင်း၊ ရက်စွဲမပါ မသန္တာ၏ လိပ်စာ (၁၇) ခုသို့ "ဥပဒေမဲ့ မတရား ဖမ်းဆီးချုပ်နှောင်ထားခြင်း" တိုင်တန်းချက်ကို လည်းကောင်း၊ ၃၁-၁၀-၂၀၁၄ ရက်နေ့တွင် မသန္တာ၏ "ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး မတရား ဖမ်းဆီးညှင်းဆဲ သတ်ဖြတ်ခံရမှုအတွက် မိသားစုမှ တိုင်ကြားတင်ပြခြင်း" တိုင်တန်းချက်ကို လည်းကောင်း လက်ခံ ရရှိခဲ့ပါသည်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ဆောင်ရွက်ချက်များ**

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိ/မရှိ စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်း စစ်ဆေး ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းခဲ့ပါသည်-

(က) ဦးစစ်မြိုင်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ခ) ဦးဇော်ဝင်း<br>အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဂ) ဒေါက်တာဉာဏ်ဇော်<br>အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁-၁၁-၂၀၁၄ ရက်နေ့မှ ၈-၁၁-၂၀၁၄ ရက်နေ့အထိ မော်လမြိုင်မြို့နှင့် ကျိုက်မရောမြို့များသို့ ပထမအကြိမ် သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အခြား သော သက်သေများကို တွေ့ဆုံစစ်ဆေးခဲ့ပါသည်။

၄။ ၅-၁၁-၂၀၁၄ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် စုံစမ်းစစ်ဆေးရေး အဖွဲ့သည် တပ်မတော် စုံစမ်းစစ်ဆေးရေး ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာမှူး၊ တပ်ရင်းမှူးများနှင့် တပ်မတော်အရာရှိများ၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိများ၊ ဥပဒေနှင့် ဆေးပညာဌာန၊ အမှတ် (၂) ဆေးတက္ကသိုလ်၊ ရန်ကုန်မြို့မှ ပါမောက္ခ (ဌာနမှူး) နှင့် မှုခင်းဆရာဝန်ကြီးများ၊ ကျိုက်မရောမြို့နယ် တရားသူကြီး၊ သက်သေအဖြစ် ကျေးရွာလူကြီးများ၊ ဒေါ်သန္တာနှင့်အဖွဲ့ဝင်များ၊ အလောင်းတူးဖော်ကြ မည့်သူများနှင့်အတူ

ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးဆိုသူ၏ အလောင်းတူးဖော်မှုကို ကြည့်ရှုလေ့လာရန် ကျိုက်မရောမြို့နယ်၊ ရွှေဝါချောင်ကျေးရွာသို့ သွားရောက်ခဲ့ကြ ပါသည်။ နေ့လည် ၁:၄၅ နာရီအချိန်တွင် အလောင်းတူးဖော်မှုပြီးစီးခဲ့ပြီး အလောင်းကို မော်လမြိုင်မြို့၊ ပြည်သူ့ဆေးရုံ ရင်ခွဲတိုက်သို့ သယ်ဆောင်၍ ဆေးကြောခြင်း၊ ဓါတ်မှန်ရိုက်ခြင်း၊ ဒဏ်ရာဒဏ်ချက် ရှာဖွေခြင်း၊ ရင်ခွဲစစ်ဆေးခြင်းများကို ကြည့်ရှုလေ့လာခဲ့ပါသည်။

၅။ စုံစမ်းစစ်ဆေးရေး အဖွဲ့သည် ၁၃-၁၁-၂၀၁၄ ရက်နေ့မှ ၁၆-၁၁-၂၀၁၄ ရက်နေ့အထိ မော်လမြိုင်မြို့သို့ ဒုတိယအကြိမ်သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အခြားသက်သေများကို ထပ်မံတွေ့ဆုံစစ်ဆေးခဲ့ပါသည်။

၆။ တွေ့ဆုံစစ်ဆေးခဲ့သော သက်သေများမှာ-

| | | | |
|---|---|---|---|
| (က) | မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီး | (၁) | ဦး |
| (ခ) | တပ်မတော်မှ တပ်မှူးကြီးနှင့် စုံစမ်းစစ်ဆေးရေး ခုံရုံးဥက္ကဋ္ဌအပါအဝင် တပ်မတော်သားများ | (၂၀) | ဦး |
| (ဂ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ | (၆) | ဦး |
| (ဃ) | မှူခင်းဆရာဝန်ကြီး | (၁) | ဦး |
| (င) | သတင်းစာဆရာများ | (၅) | ဦး |
| (စ) | သာသနာ့ဝန်ထမ်း ကျောင်းထိုင်ဆရာတော် | (၁) | ပါး |
| (ဆ) | ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများ | (၁၁) | ဦး |
| (ဇ) | မွန်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့မှ ဒုဗိုလ်မှူးကြီးအဆင့်ရှိသူ | (၁) | ဦး |
| (ဈ) | ဒီမိုကရေစီနှင့် အမျိုးသမီးကွန်ယက်အဖွဲ့ဝင် | (၁) | ဦး |
| | **စုစုပေါင်း** | **(၄၇)** | **ဦး** |

၇။ စာရွက်စာတမ်းအထောက်အထားများကိုပေးအပ်ခဲ့ကြသော ဌာနများမှာ -

(က) ပြည်ထဲရေးဝန်ကြီးဌာန

(ခ) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဂ) ကျန်းမာရေးဝန်ကြီးဌာန

(ဃ) မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

(င) အရှေ့တောင်တိုင်းစစ်ဌာနချုပ်

(စ) အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်

(ဆ) ဓါတုဗေဒဝန်ရုံး

(ဇ) မှုခင်းတပ်ဖွဲ့မှူးရုံး

၈။ ဖတ်ရှုလေ့လာခဲ့သောစာနယ်ဇင်းများမှာ -

(က) မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ၏ ၄-၅-၂၀၁၂ နေ့ထုတ် ထုတ်ပြန်ချက်၊

(ခ) မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) ဒုဥက္ကဋ္ဌ ဦးခင်မောင်လေး၏ ၂၄-၁၀-၂၀၁၄ နေ့ထုတ် Eleven Media Group တွင် ရေးသား ဖော်ပြချက်၊

(ဂ) လဝန်းဆိုသူ၏ ၁၂-၁၁-၂၀၁၄ နေ့ထုတ် ပြည်မြန်မာ နေ့စဉ်သတင်းစာ၌ ရေးသား ဖော်ပြမှု၊

(ဃ) ပြည်ကျော်ဆိုသူ၏ ၅-၁၁-၂၀၁၄နေ့ထုတ် အဓိပတိဂျာနယ်၌ ဖော်ပြထားသော "KKO ဒုဥက္ကဋ္ဌမှူးကြီး စောမိုရှေးနှင့်တွေ့ဆုံခြင်း" သတင်း

(င) သတင်းထောက် ပါကြီးဆိုသူနှင့်ပတ်သက်၍ ရေးသားဖော်ပြခဲ့ကြသော ပြည်တွင်းထုတ် စာနယ်ဇင်းများ၊

(စ) ၁-၁၂-၂၀၁၄နေ့တွင် လက်ခံရရှိခဲ့သော ဒေါ်သန္တာ၏ရှေ့နေဆိုသူ ဦးရောဘတ်စန်းအောင ၏ ၂၉-၁၁-၂၀၁၄ ရက်စွဲပါစာတွင် ဖော်ပြထားချက်များ။

**ကျိုက်မရောဒေသအခြေအနေ (၂၆-၉-၂၀၁၄ နေ့ မတိုင်ခင်)**

၉။ KKO ဗျူဟာမှူးအဆင့် စောဆန်းအောင်၏ကွပ်ကဲမှုအောက် စောဝင်းဇော် ဦးစီးအဖွဲ့သည် ကျိုက်မရောမြို့၊ ကရင်တောရွာအနီးသို့ ရောက်ရှိခဲ့သည့် ၂၀၁၄ခုနှစ် စက်တင်ဘာလ ၂၆ ရက် မတိုင်မီ ကာလများတွင် ကျိုက်မရောဒေသ၌ နယ်မြေခံအမှတ် (၂၀၈) ခြေမြန်တပ်ရင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များသည် ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်အတူ မြို့ လုံခြုံရေးအား ပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး အေးချမ်းသာယာသော ဒေသတစ်ခု ဖြစ်ခဲ့ကြောင်း၊ ဒေသအတွင်း တိုက်ပွဲ ကြီး/ငယ်များ ဖြစ်ပွားမှုမရှိခဲ့သလို နိုင်ငံတော်နှင့် အပစ်အခတ် ရပ်စဲထားသော KNU၊ DKBA၊ KKO အဖွဲ့များ၊ မွန်ငြိမ်းချမ်းရေးအဖွဲ့များနှင့်လည်း ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း စစ်ဆေးသိရှိရပါသည်။

၁၀။ သို့သော်သတင်းအရ စက်တင်ဘာလ ၂၀ ရက်နေ့ ည ၈:၁၀နာရီချိန်တွင် မုဒုံတပ်နယ်မှူး ဦးစီးတပ်၊ ရဲ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ပူးပေါင်းအဖွဲ့မှ မုဒုံမြို့ ရေစင်လမ်းကြားရှိ KKO နှင့် အဆက်အသွယ်ရှိသော ဦးဝင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ဩစတေးလျား နိုင်ငံလုပ် ၉မမ ပစ်စတိုသေနတ် (၁) လက်၊ ပွိုင့် ၃၈ ခြောက်လုံးပြူး (၁) လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ကြောင်း လက်နက်ခဲယမ်းများကို သိမ်းဆည်းခဲ့သော်လည်း မည်သူ့ကိုမျှ အရေးယူဖမ်းဆီးခဲ့ခြင်းမရှိခဲ့ကြောင်း ထွက်ဆိုချက်များအရ သိရှိရပါသည်။

**တပ်မတော်နှင့် စောဆန်းအောင်KKO အဖွဲ့တို့၏ဖြစ်စဉ်များ**

၁၁။ ၂၆-၉-၂၀၁၄ ရက်နေ့ နံနက် ၉:၀၀ နာရီချိန်ခန့်တွင် ကျိုက်မရောမြို့နယ်၊ နိတုံကျေးရွာဘက်မှ ယူနီဖောင်းဝတ် KKO လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ကျိုက်မရောမြို့ဘက်သို့ ဆင်းလာကြောင်း၊ ၎င်းKKO အဖွဲ့တွင် စောဝင်းဇော်နှင့် စောတိုးအောင် (ခ) ခေါင်းကြီးတို့ ခေါင်းဆောင်ပြီး အင်အား (၂၂) ဦးခန့်ရှိကြောင်း (၄၀) မမ ဗုံးပစ်လောင်ချာ (၃) လက်၊ (၆၀) မမ စိန်ပြောင်း (၁) လက်၊ RPG (၂) လက်နှင့် လက်နက်ငယ် မျိုးစုံ ကိုယ်စီပါရှိကြောင်း သတင်းရရှိသဖြင့် ကျိုက်မရော မြို့၊ အမှတ်

(၂၀၈) ခြေမြန်တပ်ရင်းမှ ဗိုလ်မှူး တစ်ဦးနှင့် ဗိုလ်ကြီးတစ်ဦးတို့ ဦးစီးတပ်ဖွဲ့ဝင် (၆) ဦးသည် ကျိုက်မရောရဲစခန်း နယ်ထိန်းရဲတပ်ကြပ်နှင့် အတူ လက်နက်ကိုင်အဖွဲ့အား တွေ့ဆုံညှိနှိုင်း စကား ပြောရန် ကျိုက်မရောမြို့နယ်၊ ကလိုင်းကနိုင် ကျေးရွာ အုပ်စု၊ ကရင်တောကျေးရွာဘက်သို့ ထွက်ခွါ သွားခဲ့ကြောင်း၊ အဆိုပါ သတင်းအရ ရဲသတင်းတပ်ဖွဲ့၊ ကျိုက်မရော နယ်မြေတာဝန်ခံ ဒုရဲအုပ်နှင့် စစ်ဖက်ရေးရာ လုံခြုံရေး တပ်ဖွဲ့မှ တပ်ကြပ်ကြီးတို့မှ သတင်း ရယူရန် ဆိုင်ကယ်ဖြင့် ကရင်တော ကျေးရွာဘက်သို့ လိုက်သွားခဲ့ကြောင်း၊ ကရင်တော (အပေါ်ရွာ)ရှိ KKO တပ်ဖွဲ့ အကောက်တဲတွင် အမှတ် (၂၀၈) ခြေမြန်တပ်ရင်းမှ ဗိုလ်မှူး၊ ဗိုလ်ကြီး၊ ကျိုက်မရော ရဲတပ်ဖွဲ့ မှ ဒုရဲအုပ်နှင့် နယ်ထိန်း ရဲတပ်ကြပ်တို့သည် KKO အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ စောဝင်းဇော်၊ စောတိုးအောင် (ခ) ခေါင်းကြီး တို့နှင့် အေးအေးဆေးဆေးထိုင်၍ စကားပြောခဲ့ကြကြောင်း၊ အမှတ် (၂၀၈) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးက "ယခုလက်ရှိနေရာသည် ခမရ (၂၀၈) လှုပ်ရှားနယ်မြေ ဖြစ်သဖြင့် KKO အဖွဲ့အနေဖြင့် ယူနီဖောင်းဝတ်၊ လက်နက်ကိုင်၍ ဆင်းလာမည်ဆိုပါက တပ်ရင်းသို့ အကြောင်းကြားရန် လိုအပ် ကြောင်း၊ စောဝင်းဇော်မှ ကျိုက်မရောသားဖြစ်၍ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်၍ လက်ကိုင် ဖုန်းဖြင့် ဆက်ပြောလျှင် ရပါကြောင်း" ပြောကြားခဲ့သည်ဟု စစ်ဆေးသိရှိခဲ့ရပါ သည်။

၁၂။ ထိုသို့ စကားပြောနေစဉ် KKO အဖွဲ့မှ ကျန်လက်နက်ကိုင်များသည် အကောက်တဲအတွင်း နှင့် ပတ်ဝန်းကျင်၌ နေရာယူထားကြောင်း၊ ၁၀:၁၅ နာရီအချိန်ခန့်တွင် KKO အဖွဲ့မှ ရုတ်ချည်း ထကာ အမှတ် (၂၀၈) ခြေမြန်တပ်ရင်းမှ ဗိုလ်မှူး၊ ဗိုလ်ကြီးနှင့်စစ်သည် (၂) ဦးထံမှ လက်နက် ခဲယမ်းများကို သိမ်းဆည်းပြီး အနီးရှိ ရဲအုပ် (သတရ)၊ တပ်ကြပ်ကြီး (စရဖ)၊ ကျိုက်မရောရဲစခန်းမှ နယ်ထိန်း ရဲတပ်ကြပ်နှင့် ယာဉ်စည်းကမ်းထိန်းရဲတို့ကိုပါ အကောက်တဲအတွင်း၌ ထိန်းသိမ်းခဲ့ ကြောင်း သိရှိရပါသည်။

၁၃။ ထိုသို့ထိန်းသိမ်းခံထားရစဉ် အမှတ် (၂၀၈) ခြေမြန်တပ်ရင်းမှ ဗိုလ်မှူးနောက်သို့ လိုက်ပါလာ သော ဗိုလ်ကြီး (ယာယီတပ်ခွဲမှူး၊ ဗိုလ်မှူး) ဦးစီးစစ်သည် (၁၀) ဦးတို့သည် အခင်းဖြစ်နေရာသို့ ကြယ် ၄၁၆၇(ဒ) စစ်သုံးယာဉ်ဖြင့် ရောက်ရှိလာရာ KKO အဖွဲ့မှ လက်နက်ငယ်များ၊ (၄၀) မမ ဗုံးသီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ၎င်း (ယာယီတပ်ခွဲမှူး၊ ဗိုလ်မှူး) ၏ ဝဲဖက်ပေါင် ရုပ်မှန်ဒဏ်ရာ (၁) ချက်၊ ယာဉ်မောင်းတပ်ကြပ် ဝဲဖက်ရင်အုံ ထိမှန် (၁) ချက်၊ တပ်ကြပ်ကြီး ယာဖက်လက်မောင်း ရှပ်မှန် (၁) ချက်တို့ ဒဏ်ရာရရှိပြီး မော်တော် ယာဉ်ရှေ့မှန်၊ တံခါးအောက်နှင့် ဝဲဘက်ရှေ့ဘီးတို့ သေနတ်ထိမှန်၍ ရပ်တန့်သွားခဲ့ကြောင်းနှင့် အနီးမှ ဖြတ်သန်းသွားလာသည့် ရွာသူ/ရွာသား (၁၅) ဦးခန့်အား KKO အဖွဲ့မှ ခေတ္တခေါ်ယူ ထိန်းသိမ်းထားပြီး နေ့လည် ၁၂:၀၀ နာရီချိန်ခန့်တွင် အရပ်သားများအား ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရှိရပါသည်။

၁၄။ ထိုသို့ဖြစ်ပွားပြီးနောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ညွှန်ကြားချက်အရ အမှတ် (၂၁၀) ခြေမြန် တပ်ရင်းမှ တပ်စု (၁) စုသည် စစ်ကူလိုက်သွားရာ နေ့လည် ၁:၀၀ နာရီအချိန်ခန့်တွင် ကရင်တော (အပေါ်ရွာ) ၌ KKO အဖွဲ့နှင့် ထိတွေ့မှုဖြစ်ခဲ့ကြောင်း၊ တိုက်ပွဲဖြစ်စဉ်တွင် လက်နက် ကြီး (၇) လုံးခန့် ပစ်ခတ်ခဲ့ပြီး လက်နက်ငယ်များဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့ကာ နှစ်ဖက်ထိခိုက် ဒဏ်ရာ ရရှိမှုမရှိဘဲ ရင်ဆိုင်ထားခဲ့ကြောင်း သိရှိရပါသည်။

၁၅။ ဖမ်းဆီးခံရသူများအနက် နယ်ထိန်းရဲတပ်ကြပ်၊ စရဖမှ တပ်ကြပ်ကြီးနှင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ်တို့သည် ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း၊ နေ့လည် ၃:၀၀ နာရီအချိန်ခန့်တွင်

စောဝင်းဇော်နှင့် စောတိုးအောင် (ခ) ခေါင်းကြီးတို့သည် ဖမ်းဆီးထားသည့် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင် (၁၆) ဦးအား ၎င်းတို့ ဆုတ်ခွာမည်ဖြစ်ကြောင်း၊ လမ်းတွင် ထွက်မပြေးရန် သတိပေးစကား ပြောကြားကာ ဖမ်းဆီးထားသူများအား ဓါးစာခံအဖြစ် ခေါ်ဆောင်၍ မွန်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့စခန်းမှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များဖြင့် အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့ကြရာ ကျိုက်မရောမြို့နယ် နိတုံ ကျေးရွာဆိပ်ကမ်းသို့ ညနေ ၄:၁၅ နာရီအချိန်ခန့်တွင် ရောက်ရှိခဲ့ကြောင်း၊ တပ်မတော်ပိုင် လက်နက်ခဲယမ်း များကိုယူဆောင်၍ စောဝင်းဇော်၊ စောတိုးအောင် (ခ) ခေါင်းကြီးဦးစီး KKO တပ်ဖွဲ့ဝင် (၂၂) ဦးတို့သည် စက်လှေ (၂) စီးဖြင့် အတ္ထရံမြစ်ကြောင်းအတိုင်း အထက်သို့ဆန်တက်ကာ ကွာင်နီးကျေးရွာဘက်သို့ ထွက်ခွာ သွားခဲ့ကြောင်းနှင့် ဖမ်းဆီးထားခဲ့သူ (၁၆) ဦးအား ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရှိရပါသည်။

၁၆။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် ၂၀၁၄ခု စက်တင်ဘာလ ၂၇ ရက်နေ့ ၁၃:၄၅ ချိန်ကြေးနန်းအမှတ် ၅ ဦး ၁ ဖြင့် ရှေ့တန်းအမှတ် (၁၉) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်၊ အမှတ် (၁၂)စစ်ဆင်ရေးကွပ်ကဲ ဌာနချုပ်နှင့် အခြေချစစ်ဗျူဟာအဖွဲ့ (ကြာအင်းဆိပ်ကြီး) တို့အား စက်တင်ဘာ ၂၇ ရက်နေ့ နံနက် ၈ နာရီအချိန်မှစ၍ တန်းပြည့်စစ်မှုထမ်းချိန်အဖြစ် သတ်မှတ်ကြောင်း အကြောင်းကြားခဲ့သည်ကို တွေ့ရှိရပါသည်။

၁၇။ ထို့ပြင် အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်နှင့် တပ်ရင်းများသည် ကျိုက်မရောမြို့နယ်အတွင်းသို့ ၂၆-၉-၂၀၁၄ ရက်နေ့ ညမှစ၍ စစ်ဆင်ရေး ဝင်ရောက်ခဲ့ပြီး၊ ဆုတ်ခွာသွားသော စောဆန်းအောင် KKO အဖွဲ့အား လိုက်လံရှင်းလင်းခဲ့ရာ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။

## ကိုအောင်နိုင်ဆိုသူအား ဖမ်းဆီးရမိခြင်း

၁၈။ ၃၀-၉-၂၀၁၄ ရက်နေ့နံနက် ၉:၃၀ နာရီချိန်ခန့်တွင် ကျိုက်မရောမြို့၊ စက်ကုန်းလမ်းဆုံ၌ ဆိုင်ကယ် တက္ကစီတစ်စီးအား တပ်မတော်၊ ရဲ၊ ရပ်ကွက်ပူးပေါင်းအဖွဲ့မှ ရပ်တန့်စစ်ဆေးခဲ့ရာ မသင်္ကာဘွယ်ရာ လူတစ်ဦး အားဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူပါရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြားအရ အောင်နိုင်၊ (၄၃)နှစ်၊ (ဘ)ဦးခိုင်၊ ၁၂/မဂဒ(နိုင်) ၀၁၃၄၉၈၊ အမှတ် (၂၇)၊ မင်္ဂလာလမ်း၊ ကြံခင်းစုရပ်ကွက် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၎င်းနှင့်အတူ စာရွက်စာတမ်းနှင့်ပစ္စည်းများ ၆၇ မျိုး သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေး ထွက်ဆိုချက်များအရ သိရှိ ရပါသည်။

၁၉။ ကိုအောင်နိုင်နှင့် အခြားသက်သေများအား စစ်ဆေးဖော်ထုတ်ချက်အရ ကိုအောင်နိုင်သည် ၂၆-၉-၂၀၁၄ ရက်နေ့မှ ၃၀-၉-၂၀၁၄ ရက်နေ့ နံနက်ပိုင်းအထိ KKO အဖွဲ့နှင့်အတူ ရှိနေခဲ့ကြောင်း၊ ၂၇-၉-၂၀၁၄ ရက်နှင့် ၂၈-၉-၂၀၁၄ ရက်နေ့များတွင် တပ်မတော်နှင့် KKO တို့တိုက်ပွဲများဖြစ်ပွားနေစဉ် KKO အဖွဲ့နှင့် အတူ ထွက်ပြေး ပုန်းအောင်းနေခဲ့ကြောင်း စစ်ဆေးသိရှိရပါသည်။

၂၀။ ၃၀-၉-၂၀၁၄ ရက်နေ့တွင် ကိုအောင်နိုင်အား ဖမ်းဆီးရမိပြီးနောက် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်သည် ၄-၁၀-၂၀၁၄ ရက်နေ့အထိ စစ်ကြောင်းများတွင် အဆင့်ဆင့် လွှဲပြောင်းတွဲဖက်ပြီး KKO စောဝင်းဇော် အဖွဲ့မှသိမ်းဆည်းသွားသော တပ်မတော်ပိုင် လက်နက်ခဲယမ်းများကို လိုက်လံ ရှာဖွေဖော်ထုတ် ခဲ့ကြောင်း၊ ကိုအောင်နိုင်၏ ပြသမှုကြောင့် စောဝင်းဇော်အဖွဲ့မှ သိမ်းဆည်းယူဆောင်သွားသော အမှတ် (၂၀၈) ခြေမြန်တပ်ရင်းမှ အမ်အေ- ၁၊ သေနတ် (၃) လက်နှင့်ခဲယမ်း

များ၊ KKO အဖွဲ့၏ လက်လုပ်မိုင်း ပစ္စည်းများကို ပြန်လည် သိမ်းဆည်းရရှိခဲ့ကြောင်း သိရှိရပါသည်။

## ကိုအောင်နိုင်ဆိုသူ သေဆုံးခြင်း

၂၁။ အမှတ် (၂၁၀) ခြေမြန်တပ်ရင်းသည် ၄- ၁၀- ၂၀၁၄ ရက်နေ့ ညနေတွင် ကိုအောင်နိုင်အား ကျိုက်မရော မြို့နယ် ရွှေဝါချောင်ဘုန်းကြီးကျောင်းအတွင်းရှိ ရှေ့တန်းအမှတ် (၂၂) ခြေမြန်တပ်မ ဌာနချုပ်ထံမှ လက်ခံရရှိခဲ့ကြောင်း၊ ရွှေဝါချောင်ရွာအနီးရှိ တောင်ကုန်းငယ်တစ်ခုသို့ ချီတက်ရောက်ရှိ ညအိပ်အခြေပြုခဲ့ကြောင်း၊ ကိုအောင်နိုင်အား တာဝန်ယူထိန်းသိမ်းသော တပ်စုမှူးမှ ခြေထောက်နှင့် လက်တို့ကိုကြိုးတုပ်၍ (၂) ယောက်တွဲ အစောင့်ကင်းချ ထိန်းသိမ်းခဲ့ကြောင်း၊ ကိုအောင်နိုင်မှ အပေါ့အလေးသွားချင်သည်ဟု ပြောသဖြင့် ကင်းစောင့်တပ်သားမှ ကြိုးဖြေပေးခဲ့ကြောင်း ညာဘက်လက်ကို ကြိုးချည်ထားကြောင်း၊ အပေါ့သွားပြီး၍ လက်နှစ်ဘက်အား ကြိုးတုပ်ရန်ဆောင်ရွက်စဉ် ကိုအောင်နိုင်မှ အစောင့်တပ်သားအား ကိုယ်လုံးဖြင့် တိုက်လိုက်သဖြင့် အစောင့်တပ်သား လဲကျသွားစဉ် ၎င်းကိုင်ဆောင်သော သေနတ်အားလုယူရန် ကြိုးစားခဲ့ သဖြင့် အနီးရှိ အစောင့်ဒုတပ်ကြပ်မှ ၎င်းကိုင်ဆောင်သော သေနတ်ဖြင့် အတွဲတို (၂) ချက် ပစ်ခတ်ခဲ့ကြောင်း၊ သေနတ်အား လုယူရန် ကြိုးပမ်းစဉ် အစောင့်တပ်သား၏သေနတ်မှ ကျည်တစ်တောင့်ပေါက်ထွက်ခဲ့ကြောင်း၊ ကိုအောင်နိုင်သည် ၎င်းနေရာတွင် လဲကျသွားခဲ့ကြောင်း၊ သေနတ်သံကြားသဖြင့် စစ်ကြောင်းမှူးနှင့် အရာရှိ များရောက်ရှိခဲ့ကြောင်း၊ ဆေးမှူးမှ စစ်ဆေးရာ သေနတ်ဒဏ်ရာ (၅) ချက် ထိမှန်သေဆုံးနေသည်ဟု တွေ့ရှိ ခဲ့ကြကြောင်း၊ အချိန်မှာ ည(၇:၄၅) နာရီခန့်ဖြစ်ကြောင်း၊ စစ်ကြောင်းမှ တပ်မသို့ တင်ပြခဲ့ရာ တပ်မမှ ဖြစ်စဉ်အား စိစစ်မှုပြုလုပ်ခဲ့ပြီး သင်္ဂြိုလ်ခွင့်ပြုခဲ့ကြောင်း၊ ရွှေဝါချောင်ကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း (LU-၇၈၅၀၄၅) နေရာတွင် ည (၉:၃၅) နာရီအချိန်ခန့်၌ မြေမြှုပ်သင်္ဂြိုလ်ခဲ့ကြောင်း စစ်ဆေး ထွက်ဆိုချက်များအရ သိရှိရပါသည်။

## ကိုအောင်နိုင် (ခ) ကိုပါကြီး၏ အလောင်းအားတူးဖော်ခြင်းနှင့် ဇနီးဖြစ်သူထံ လွှဲပြောင်းပေးအပ်ခြင်း

၂၂။ ၅-၁၁-၂၀၁၄ နေ့ နံနက် ၁၁:၄၀ နာရီချိန်ခန့်တွင် အောင်နိုင်ဆိုသူ၏အလောင်းအား အထက်အပိုဒ် (၄) ပါပုဂ္ဂိုလ်များရှေ့မှောက်တွင် စတင်တူးဖော်ခဲ့ကြောင်း၊ အလောင်း၏ကိုယ်ပေါ်တွင် အကျီအပြာကွက်၊ လုံချည် အစိမ်းကွက်နှင့် အတွင်းခံဘောင်းဘီတစ်ထည် ဝတ်ဆင်ထားကြောင်း၊ မူးယစ်ဆေးဝါးနှင့် အဆိပ် ပါဝင်မှု ရှိ/မရှိ စစ်ဆေးမှုအတွက် ရန်ကုန်မြို့ရှိ ဓာတုဗေဒဝန်ရုံးသို့ ပို့ဆောင်ရန် အလောင်းမြှုပ်ထားသည့် မြေနံဘေးမှ မြေသားအနည်းငယ်၊ အလောင်းပေါ်မှ မြေသားနှင့် အောက်ဘက်ကပ်လျှက်ရှိသော မြေသား၊ ဘေးတစ်ဖက် တစ်ချက်စီရှိ မြေသားများကို ကောက်ယူ သိမ်းဆည်းခဲ့ကြောင်း၊ အလောင်းနှင့်အတူ သွားတိုက်တံတစ်ချောင်း၊ သွားတိုက်ဆေးတစ်ဗူး၊ ဆပ်ပြာမှုန့်တစ်ထုပ်နှင့် အဖြူ/အပြာ ရာဘာဖိနပ်တစ်ရံတို့ကို မြှုပ်နှံထားကြောင်း တွေ့ရှိခဲ့ရပါသည်။

၂၃။ ၅-၁၁-၂၀၁၄ နေ့ နေ့လည် ၁:၅၀ နာရီချိန်ခန့်တွင် အလောင်းအား ထုပ်ပိုးပြီး သယ်ဆောင်ရာ ညနေ ၅:၂၅ နာရီချိန်ခန့်တွင် မော်လမြိုင် ပြည်သူ့ဆေးရုံ ရင်ခွဲတိုက်သို့ ရောက်ရှိခဲ့ကြောင်း၊ ည ၇:၄၀ နာရီ ချိန်ခန့်တွင် အလောင်းအား ဆေးကြောပြီး ပြင်ပဒဏ်ရာများအား ကြည့်ရှုစစ်ဆေး

မှတ်တမ်းတင်ခဲ့ကြောင်း ည ၈:၃၀ နာရီချိန်ခန့်တွင် Portable X-Ray ဖြင့် ဓာတ်မှန် (၁၆) ချပ် ရိုက်ခဲ့ရာ ည ၁၀:၃၀ နာရီချိန်ခန့်တွင် ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။

၂၄။ ၆-၁၁-၂၀၁၄ ရက်နေ့ နံနက် ၉:၁၀ နာရီချိန်ခန့်တွင် ကျန်းမာရေးဝန်ကြီးဌာနကျွမ်းကျင်သူ မှူခင်း ဆရာဝန်ကြီးများ အဖွဲ့မှ ရင်ခွဲစစ်ဆေးခဲ့ကြကြောင်း၊ ရင်ခွဲစစ်ဆေးချက် အမှတ်စဉ် ၂၈၇/၁၄ ဖြစ်ကြောင်း၊ ဇနီးဖြစ်သူ ဒေါ်သန္တာမှ ကိုအောင်နိုင်ဆိုသူအလောင်း၏ ဝဲဘက်ကျောပြင်တွင် မွေးရာပါ အမှတ်လက္ခဏာ အညိုရောင်အကွက်ရှိပြီး အရပ်မြင့်၍ ခြေဖဝါးရှည်သဖြင့် ခင်ပွန်းဖြစ်သူ ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး ဆိုသူ၏ အလောင်းဖြစ်သည်ဟု အတည်ပြုခဲ့ကြောင်း၊ ၇-၁၁-၂၀၁၄ ရက်နေ့တွင် ဒေါ်သန္တာနှင့် အဖွဲ့သည် ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး ဆိုသူ၏ အလောင်းအား မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ဆောင်ခဲ့ကြရာ ရေဝေးသုသာန်သို့ ရောက်ရှိပြီး ညနေ ၅:၀၀ နာရီချိန်ခန့်တွင် ဂူသွင်းသင်္ဂြိုလ်ပြီးစီးခဲ့ ကြောင်း သိရှိရပါသည်။

**စုံစမ်းစစ်ဆေးတွေ့ရှိချက်များ**

၂၅။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်အနေဖြင့် တန်းပြည့်စစ်မှု ထမ်းချိန်အဖြစ် သတ်မှတ်ထားသော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အသီးသီးနှင့် အပစ် အခတ်ရပ်စဲနိုင်ရေးအတွက် ကြိုးပမ်းနေချိန်တွင် စောဆန်းအောင် KKO အဖွဲ့၏ ဖောက်ဖျက်မှုများနှင့် စောဆန်းအောင် KKO အဖွဲ့ဝင်တစ်ဦးဟု သတ်မှတ်ထားခဲ့သူတစ်ဦး သေဆုံးခြင်းကိစ္စအား ဒေါ်သန္တာက တိုင်ကြားခြင်းနှင့် ကျိုက်မရောရဲစခန်းတွင် လူပျောက်မှု မဖွင့်လှစ်ခင် ပွင့်လင်းမြင်သာစွာ ထုတ်ဖော် ပြောကြားခဲ့ခြင်း၊ တရားဥပဒေနှင့်အညီ သေမှုသေခင်း ဖွင့်လှစ်ခြင်းတို့ကို ပြုလုပ်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရ ပါသည်။

၂၆။ ကိုအောင်နိုင်ဆိုသူအား တပ်မတော်တပ်ဖွဲ့များမှ ထိန်းသိမ်း၍ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်စဉ် နေ့အချိန်တွင် လက်ပြန်ကြိုး တုပ်၍လည်းကောင်း၊ ညအချိန်တွင် ခြေထောက်ပါ တုပ်၍လည်းကောင်း လုံခြုံရေး ကင်းချထားပြီး ထိန်းသိမ်းခဲ့သော်လည်း တပ်မဌာနချုပ်တွင် ခေတ္တ ထိန်းသိမ်းထားစဉ် တုတ်နှောင်ခြင်းမပြုဘဲ လုံခြုံရေးကင်းဖြင့်သာ ထိန်းသိမ်းထားခဲ့ကြောင်းနှင့် စစ်သည်များစားသကဲ့သို့ပင် အစားအသောက်များ ကျွေးမွေးခဲ့ကြောင်းကို စစ်ဆေးသိရှိရပါသည်။

၂၇။ ၎င်းအား ဖမ်းဆီးထိန်းသိမ်းထားစဉ်တွင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခဲ့သည့် သက်သေထွက်ဆိုချက်များ မရှိပါ။

၂၈။ အမှတ် (၂၁၀) ခြေမြန်တပ်ရင်းမှ ဒုတပ်ရင်းမှူးနှင့် တပ်ခွဲမှူးသည် အချုပ်သားကို စနစ်တကျ ချုပ်နှောင်ခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်း၊ ထွက်ပြေးပါက အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်နည်းစနစ်များအား ရှင်းလင်း ညွှန်ကြားခြင်းများ အားနည်းခဲ့ကြောင်းစစ်ဆေးသိရှိရပါသည်။

၂၉။ အမှတ် (၂၁၀) ခြေမြန်တပ်ရင်းသည် သေဆုံးသူ၏အလောင်းအား မြှုပ်နှံခဲ့သော်လည်း ဒုတပ်ရင်းမှူး၊ တပ်ခွဲမှူးတို့မှ ကြီးကြပ်မှုအားနည်းကြောင်း၊ အလောင်းမြှုပ်နှံမှုမှတ်တမ်းနှင့် ဓာတ်ပုံများ စနစ်တကျ ပြုစုဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၃၀။ အမှတ် (၂၁၀) ခြေမြန်တပ်ရင်းသည် သေဆုံးသူကို ရည်စူး၍ ၁၀-၁၁-၂၀၁၄ရက်နေ့တွင် တပ်ရင်း ဌာနချုပ်၌ ဆွမ်းသွတ်ခဲ့ကြောင်း အရာရှိများ၏ ထွက်ဆိုချက်အရ သိရှိရပါသည်။

၃၁။ ၁၅-၁၁-၂၀၁၄ ရက်နေ့တွင် မော်လမြိုင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုအောင်နိုင်ဆိုသူ၏ အလောင်းအား ရင်ခွဲစစ်ဆေးချက်နှင့် ထင်မြင်ယူဆချက် အစီရင်ခံစာကို ရရှိခဲ့ပြီး သေဆုံးရခြင်း အကြောင်းရင်း ဆေးစစ် အစီရင်ခံချက်မှာ ဦးခေါင်း၊ ရင်ခေါင်း၊ ပေါင်နှင့်ခြေဖနောင့်တို့တွင် ရရှိသော သေနတ်ဒဏ်ရာများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

၃၂။ ထို့ပြင် ကရင်ပြည်နယ် မှူခင်းဆရာဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သော ရင်ခွဲစစ်ဆေးချက် အစီရင်ခံစာ (အင်္ဂလိပ်ဘာသာ) ကို ဖတ်ရှုဘာသာပြန်ပြီး သေဆုံးသူ၏ အလောင်းတွင် အောက်ပါ ဒဏ်ရာ၊ ဒဏ်ချက်များ တွေ့ရှိရကြောင်း ထွက်ဆိုခဲ့ပါသည် -

(က) ဦးခေါင်းခွံရိုး ကြေမွကွဲအက်ဒဏ်ရာ၊ မေးရိုးကျိုးဒဏ်ရာ၊ ယမ်းပေါက်ကွဲအားကြောင့် ထွက်ပေါ်လာသော သတ္တုအပိုင်းအစငယ်များ၊

(ခ) ဝဲဘက်နံရိုး ကျောဘက်တွင် အမှတ် (၆) နှင့် (၇) ကျိုးနေသည်။

(ဂ) ဝဲပေါင်တွင် အရိုးကျိုးခြင်းမတွေ့ပါ။ ယမ်းပေါက်ကွဲအားကြောင့် ထွက်ပေါ်လာသော သတ္တုအပိုင်းအစငယ်များ၊

(ဃ) ဝဲဖနောင့်ရိုးကျိုးနေသည်။ ယမ်းပေါက်ကွဲအားကြောင့် ထွက်ပေါ်လာသောသတ္တုအပိုင်းအစ ငယ်များ၊

(င) ယာလက်ဖျံ အပြင်ဘက်ရိုးကျိုးသည်၊

(စ) မေးစေ့အောက်တွင် ၄ cm × ၂.၅ cm အရွယ်ရှိ ကျည်ဝင်ဒဏ်ရာ (၁) ခု၊

(ဆ) ဦးခေါင်းခွံ တစ်ခုလုံး ကြေမွကွဲအက်ပွင့်ထွက်နေသည့် ကျည်ထွက်ရာ (၁) ခု၊

(ဇ) ဝဲဘက်ရင်အုံပေါ်တွင် ၅ cm x ၁.၅ cm နှင့် ၅ cm x ၂ cm အရွယ်ရှိသော ကျည်ထွက်ရာ (၂) ခု၊

(ဈ) ဝဲပေါင်အတွင်းဘက်တွင် ယမ်းမှုန့်စွန်းထင်းနေသော ၀.၅ cm အချင်းရှိ ကျည်ဝင်ဒဏ်ရာ (၁) ခု၊

(ည) ဝဲပေါင် အပြင်ဘက်တွင်၂.၅ cm x ၂ cm အရွယ်ရှိ ကျည်ထွက်ဒဏ်ရာ (၁) ခု၊

(ဋ) ဝဲဖနောင့် အတွင်းဘက်တွင်၃.၅ cm x ၂ cm အရွယ်ရှိ ကျည်ဝင်ဒဏ်ရာ (၁) ခု၊

(ဌ) ဝဲဖနောင့် အပြင်ဘက်တွင်၉ cm x ၅ cm အရွယ်ရှိ ကျည်ထွက်ဒဏ်ရာ (၁)ခု၊

(ဍ) ဝဲဘက် ကျောလက်ပြင်အောက်တွင် ၂.၅ cm x ၁ cm အရွယ်နှင့် ၁ cm x ၀.၅ cm အရွယ်စီရှိသော ကျည်ဝင်ဒဏ်ရာ (၂) ခု၊

(ဎ) ဦးခေါင်းဦးရေပြားအောက် သွေးခြေဉခြင်းမရှိပါ။ လည်ပင်းရိုး မကျိုးပါ၊ လည်ဇလုပ်ရိုး မကျိုးပါ။

(ဏ) ဝဲဘက်နံရိုးအမှတ် (၄) ကျိုးနေသော ကျည်ဒဏ်ရာ၊

(တ) ဝဲဘက် ရင်ခေါင်းပေါ်ရှိ ကျည်ထွက်ဒဏ်ရာပတ်လည်တွင် သွေးခြေဉဒဏ်ရာများ တွေ့ရသည်။

(ထ) ဝဲဘက် အဆုတ်အပေါ်ပိုင်းတွင် ၃.၅ cm x ၂.၅ cm အရွယ်နှင့် အောက်ပိုင်းတွင်၂.၅ cm x ၂ cm အရွယ်ရှိ ကျည်ဒဏ်ရာ (၂) ခု၊

(ဒ) ဝဲဘက်ပေါင်ရိုးအပေါ်ပိုင်း (၃) ပုံ (၁) ပုံခန့်တွင် ကျည်ဝင်ပေါက်နှင့် ကျည်ထွက်ပေါက် အကြား ကျိုးနေသည်။

၃၃။ ၁၅-၁၁-၂၀၁၄ နေ့တွင် ရန်ကုန်မြို့ ဓာတုဗေဒဝန်ရုံး၏ ၁၁-၁၁-၂၀၁၄ရက်စွဲပါ စာအမှတ်၊ ၉၇၈/စထ (သွေး)/ရက/၂၀၁၄ ဖြင့် စစ်ဆေးချက်အရ သေဆုံးသူ၏အလောင်းတွင် ကျားဝတ်အင်္ကျီ၊ ကျားဝတ်အတွင်း ခံဘောင်းဘီ၊ ပုဆိုးတို့၌ လူသွေးစမ်းသပ်တွေ့ရှိခဲ့ကြောင်း ဖော်ထုတ်ခဲ့ပါသည်။

၃၄။ နေပြည်တော်ရှိ မှုခင်းရဲတပ်ဖွဲ့မှူးရုံး၏ စစ်ဆေးချက်အရ အောက်ပါအတိုင်း သိရှိရပါသည် -

(၁) သေဆုံးသူ၏ဝဲပေါင်ဒဏ်ရာ အတွင်းဘက်မှ နမူနာဂွမ်းစတွင် ယမ်းဓာတ်ရှိကြောင်း၊

(၂) နက်ပြာရောင်အကွက်စိပ် ကျားဝတ်အင်္ကျီလက်ရှည်၏ ရှေ့ဘက်ဝဲရင်အုံအနီးရှိ အပေါက်နှင့် နောက်ကျော ဘက်ဝဲလက်ပြင်ရိုးအနီးရှိ အပေါက်တို့သည် သေနတ် ပစ်ခတ်မှုကြောင့် ရရှိ သော အပေါက်များဖြစ်ကြောင်း၊

(၃) အစိမ်းရောင် ကွက်စိပ်လုံချည်ရှိ အကျယ် ၄.၅ cm ခန့်ရှိ အပေါက်ရာသည် သေနတ် ပစ်ခတ် မှုကြောင့် ရရှိသော အပေါက်ရာဖြစ်ကြောင်း၊

(၄) သေဆုံးသူ၏ ဝဲဘက်လက်ချောင်းအရေခွံ(၅)ခုကို ရောင်ခြည်ထိုး လက်ပုံစံများ ဖော်ထုတ် ဓာတ်ပုံရိုက်ယူခြင်း၊ လက်ပုံစံမှင်ဖြင့် နှိပ်ယူရရှိသော လက်ပုံစံများမှ လက္ခဏာရေး မျဉ်းကြောင်းများ ထင်ရှားကောင်းမွန်စွာ ပါရှိခြင်းမရှိသဖြင့် သေဆုံး သူ၏ လက်ဗွေရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ၏ နိုင် (၂) ပုံစံမိတ္တူ ဓာတ်ပုံ နမူနာပေါ်ရှိ ဝဲဘက်လက်ပုံစံများနှင့် တိုက်ဆိုင် စစ်ဆေး ထင်မြင်ချက် မပေးနိုင်ကြောင်း။

၃၅။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) မှ ပေးပို့သော မှတ်တမ်းများ အရ ၂၂-၉-၂၀၁၄ ရက်နေ့မှ ၂၆-၉-၂၀၁၄ ရက်နေ့ထိ MPC တွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာညှိနှိုင်းရေး အဖွဲ့ (NCCT) တို့ တွေ့ဆုံပြီး ဆဋ္ဌမအကြိမ်မြောက် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးစာချုပ် (NCA) Single Text မူကြမ်း ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ၂၂-၉-၂၀၁၄ ရက်နေ့မှ ၂၆-၉-၂၀၁၄ ရက်နေ့ထိ ဆွေးနွေးပွဲ တက်ရောက်သူ မှတ်တမ်းများတွင် စောဆန်းအောင်သည် DKBA ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ကြောင်း၊ ၂၆-၉-၂၀၁၄ နေ့မှတ်တမ်းတွင် စောဆန်းအောင်သည် နာမည်ရေးထားသော်လည်း လက်မှတ် ရေးထိုးခဲ့ခြင်း မရှိကြောင်း၊ ၂၄-၁၁-၂၀၁၄ ရက်နေ့မှ ၂၆-၁၁-၂၀၁၄ ရက်နေ့အထိ Media တက်ရောက်မှု မှတ်တမ်းတွင် ကိုအောင်နိုင်၊ ကိုအောင်ကျော်နိုင်၊ ကိုပါကြီး၊ ကိုအောင်ကြီး စသည့်အမည်များ မတွေ့ရှိ ရကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၃၆။ အမှတ် (၂၂) တပ်မဌာနချုပ်၏စစ်ကြောချက်၊ စစ်ဖက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ (မြဝတီ) တို့မှ စုံစမ်းတွေ့ရှိချက်နှင့် မီဒီယာများမှ ဖော်ထုတ်ရေးသားချက်များအရ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး ဆိုသူသည် ထိုင်း၊ မြန်မာနယ်စပ်သို့ သွားရောက်ကာ ABSDF သို့

ဝင်ရောက်ခဲ့ကြောင်း၊ ထို့နောက် DKBA အဖွဲ့နှင့် ဆက်သွယ်၍ လှုပ်ရှားခဲ့ကြောင်း၊ ၃၀-၉-၂၀၁၄ ရက်နေ့တွင် ၎င်းအား ဖမ်းဆီးရမိခဲ့စဉ်က အောက်ပါ သက်သေခံကဒ်ပြားများ ပါဝင်ခဲ့ကြောင်း တွေ့ရှိရပါသည် -

(က) ကိုအောင်နိုင်အမည်ပါ နိုင်ငံသားစီစစ်ရေးကဒ် ၁၂/မဂဒ (နိုင်) ဝ၁၃၄၉၈၊

(ခ) ကိုအောင်နိုင်အမည်ပါ အလုပ်သမားဝန်ကြီးဌာနမှ (၂-၅-၂၀၁၃) ရက်စွဲဖြင့် ထုတ်ပေးထားသည့် Passport No.TO 008075 only for Thailand၊

(ဂ) ထိုင်းနိုင်ငံ ပညာရေးဌာနမှ ထိုင်းစာဖြင့် ထုတ်ပေးထားသည့် ကျောင်းဆရာ သက်သေခံ ကတ်ပြား (၃) ခု၊ ၎င်းတို့မှာ -

(၁) ၂၀၁၂ခုနှစ်တွင် နိုင်အောင်ကျော်နိုင် အမည်ဖြင့် ထုတ်ပေးထားသည့် ကတ်ပြား တစ်ခု၊

(၂) ၂၀၁၃ခုနှစ်တွင် နိုင်အောင်နိုင် အမည်ဖြင့် ထုတ်ပေးထားသည့် ကတ်ပြား တစ်ခု၊

(၃) ၂၀၁၄ခုနှစ်တွင် နိုင်အောင်နိုင်အမည်ဖြင့် ထုတ်ပေးထားသည့် ကတ်ပြား တစ်ခု၊

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်**

၃၇။ ၂၂-၉-၂၀၁၄ ရက်နေ့မှ ၂၆-၉-၂၀၁၄ ရက်နေ့အထိ MPC ၌ ကျင်းပခဲ့သော တက်ရောက်ဆွေးနွေးခဲ့သူများ၏ မှတ်တမ်းများတွင်လည်းကောင်း၊ ၂၄-၉-၂၀၁၄ ရက်နေ့မှ ၂၆-၉-၂၀၁၄ ရက်နေ့အထိ ၎င်း ဆွေးနွေးပွဲသို့ တက်ရောက်သတင်းရယူခဲ့သူ မီဒီယာများ၏ မှတ်တမ်းများတွင် လည်းကောင်း ကိုအောင်နိုင်၊ ကိုအောင်ကျော်နိုင်၊ ကိုပါကြီး၊ (**ကိုအောင်ကြီး**) စသည့် နာမည်များ တွေ့ရှိခဲ့ခြင်း မရှိသည့်အတွက် ၎င်းအား DKBA အဖွဲ့ဝင်ဟုလည်းကောင်း၊ သတင်းရယူသူ တစ်ယောက်အဖြစ်လည်းကောင်း မှတ်ယူနိုင်ခြင်း မရှိကြောင်း သုံးသပ်ပါသည်။

၃၈။ ကိုအောင်နိုင်ဆိုသူအား အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်မှ စစ်ကြောချက်၊ ၎င်းထံမှ သိမ်းဆည်း ရမိသော စာရွက်စာတမ်းနှင့်ဓာတ်ပုံများမှ ဖော်ထုတ်ချက်များအရ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နှင့် အမှတ် (၂၂) ခြေမြန် တပ်မဌာနချုပ်တို့သည် ကိုအောင်နိုင်ဆိုသူအား KKO စောဆန်းအောင်အဖွဲ့မှ ဗိုလ်ကြီး အဆင့်ရှိ ပြန်ကြားရေးတာဝန်ခံတစ်ဦးဟုသာ ယူဆခဲ့ကြောင်း သုံးသပ်ပါသည်။

၃၉။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒုဥက္ကဋ္ဌ (၃)၊ ဦးမြတ်ခိုင် (လျှပ်တပြက်) နှင့် ကိုဖြိုးဝေအောင် (ခ) ကိုအောင်ပ၊ အလွတ်သတင်းထောက်၊ ဘားအံတို့၏ ထွက်ဆိုချက်များအရ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးသည် အလွတ်သတင်းထောက် တစ်ဦး ဖြစ်သော်လည်း သတင်းစာဆရာ အသင်းဝင်တစ်ဦး မဟုတ်ကြောင်း သိရှိရပါသည်။

၄၀။ ၃၀-၉-၂၀၁၄ ရက်နေ့တွင် ကျိုက်မရောမြို့၌ မသင်္ကာသူတစ်ဦးအား စစ်ဆေးရှာဖွေခဲ့ရာ၌ အောင်နိုင် အမည်ပါ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် ၁၂/မဂဒ (နိုင်) ဝ၁၃၄၉၈နှင့် အခြား အထောက်အထား ပစ္စည်းများ သိမ်းဆည်းရမိခဲ့သော်လည်း ယင်းအထောက်အထားများကို အခြေပြု

ပြီး မည်သူမည်ဝါဖြစ်ကြောင်း တိကျသေချာသော စုံစမ်းမှုများကို ဆက်တိုက်လုပ်ဆောင် ခဲ့ကြခြင်း မရှိဟု သုံးသပ်ပါသည်။

၄၁။ အောင်နိုင်ဆိုသူအား မသင်္ကာဘွယ်ရာ အထောက်အထားများနှင့်တကွ တွေ့ရှိသဖြင့် ဖမ်းဆီး ခဲ့သော်လည်း ဖမ်းဆီးသည့်နေရာသည် ကျိုက်မရောမြို့ပေါ်တွင်ဖြစ်ပြီး ဖမ်းဆီးသည့်အဖွဲ့၌ ရဲတပ်ဖွဲ့ ဝင်များ ပါဝင်ကာ ရဲစခန်းနှင့်လည်း နီးစပ်ပါလျက် နယ်ထိန်းရဲက နယ်ထိန်းအစီရင်ခံစာ ရေးသား တင်သွင်းခြင်း၊ ရဲစခန်း၌ မသင်္ကာမှုဖြင့် မှတ်တမ်းတင်ထားခြင်း၊ ထိုသို့ဆောင်ရွက်ရန် လိုအပ် ကြောင်း တပ်မတော်သို့ အကြောင်းကြားခြင်းများ ပြုလုပ်ရန်ပျက်ကွက်ခဲ့ကြောင်း သုံးသပ်ပါသည်။

၄၂။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့်အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်တို့သည် အောင်နိုင်ဆို သူအား အသေးစိတ်စစ်ကြောခြင်း၊ စစ်ကြောချက်၌ လက်မှတ်ရေးထိုးစေခြင်း၊ KKO ၏ စစ်အင်္ဂါစဉ်နှင့် တိုက်ဆိုင် စစ်ဆေးခြင်း၊ DKBA နှင့် KKO တို့အားဆက်သွယ်မေးမြန်းခြင်းစသော အခွင့်အရေးများရှိပါလျက် ဆုံးခန်း တိုင်စိစစ်မှုများမပြုလုပ်ခဲ့ဟု သုံးသပ်ပါသည်။

၄၃။ ကိုအောင်နိုင်ဆိုသူသည် ၂၆-၉-၂၀၁၄ ရက်နေ့မှ ၃၀-၉-၂၀၁၄ ရက်နေ့အထိ စောဆန်းအောင် အဖွဲ့နှင့်အတူ ကျိုက်မရောမြို့နယ်အတွင်း ရှိနေခဲ့သည်မှာ ထင်ရှားသော်လည်း လက်နက်ကိုင်ဆောင် ၍ တပ်မတော် အားပစ်ခတ်တိုက်ခိုက်ခြင်း၊ ကင်မရာလွယ်၍ သတင်းဓာတ်ပုံရယူခြင်း စသည့် သက်သေအထောက်အထားများ အထင်အရှားမတွေ့ရှိရသဖြင့် ယင်း ၂၆-၉-၂၀၁၄ ရက်နေ့မှ ၃၀-၉-၂၀၁၄ ရက်နေ့အထိ ကာလအတွင်း ကိုအောင်နိုင်ဆိုသူသည် KKO အဖွဲ့ဝင်တစ်ဦးဟုလည်းကောင်း၊ သတင်းထောက်တစ်ဦးဟုလည်းကောင်း တစ်ထစ်ချ ကောက်ချက်ချရန် ခက်ခဲသည့် အနေအထား ရှိပါသည်။

၄၄။ သို့သော် ၅-၁၁-၂၀၁၄ ရက်နေ့ ထုတ်ဝေသော အဓိပတိဂျာနယ်၌ ပြည်ကျော်ဆိုသူက "KKO ဒုဥက္ကဋ္ဌမှူးကြီး စောမိုရှေး (DKBA ဒုစစ်ဦးစီးချုပ်) နှင့် တွေ့ဆုံခြင်း" သတင်းဆောင်းပါး၌ ပါဝင် သော အချက်အလက်များအရ ကိုအောင်နိုင်ဆိုသူအား KKO အဖွဲ့ဝင်အဖြစ်တစ်ထစ် ချမှတ် ယူနိုင် ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ **ယင်းသတင်းဆောင်းပါး၌ KKO ဒုဥက္ကဋ္ဌမှူးကြီး စောမိုရှေးက "ကိုပါကြီးသည် KKO အဖွဲ့နှင့် မိတ်ဆွေတစ်ယောက်ကဲ့သို့ ရင်းနှီးမှုရှိကြောင်း၊ ကျွန်တော် တွေ့ဖူး တာကတော့ DKBA Dayမှာ သူလာရောက်၍ သတင်းလာယူကြောင်း၊ ကျွန်တော်ကြားတာက KKOရဲ့ ပြန်ကြားရေး ဗိုလ်ကြီးဆိုပြီး ကြားတယ်၊ KKO တွင် ရာထူးမရှိကြောင်း၊ တာဝန်ပဲ ရှိကြောင်း၊ ကိုပါကြီးနဲ့ကျွန်တော်တို့နဲ့ ဘာမှမပတ်သက်ကြောင်း" ဖော်ပြထားပါသည်။**

၄၅။ စစ်ဆင်ရေးဝင်ရောက်နေသော စစ်ကြောင်းများမှ ကိုအောင်နိုင်ဆိုသူအား ဖမ်းဆီးခဲ့ခြင်း၊ စစ်ကြောင်းများနှင့် အတူလိုက်ပါစေ၍ ဆုံးရှုံးသွားသော လက်နက်ခဲယမ်းအချို့အား ပြန်လည် ဖော်ထုတ် ရရှိခဲ့ခြင်း၊ ထွက်ပြေး၍ ပစ်ခတ်ဖမ်းဆီးရာမှ သေဆုံးသွားခြင်း၊ သေမှုသေခင်း ဖွင့်လှစ် ခြင်း စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၄၆။ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးဆိုသူသည် ၂၆-၉-၂၀၁၄ ရက်နေ့ ကတည်းက မြဝတီမြို့သို့ ထွက်ခွါသွားရန် အခွင့်အရေးရှိသော်လည်း တပ်မတော်မှ စစ်ဆင်ရေး ဆောင်ရွက်နေသော နယ်မြေအတွင်း KKO စောဆန်းအောင်အဖွဲ့နှင့် ၃၀-၉-၂၀၁၄ ရက်နေ့အထိ

လိုက်ပါ လှုပ်ရှားခဲ့ခြင်း၊ ၃၀-၉-၂၀၁၄ ရက်နေ့မှ ၄-၁၁-၂၀၁၄ ရက်နေ့အထိ တပ်မတော် စစ်ကြောင်းများနှင့်အတူ လိုက်ပါ၍ KKO ဝင်းဖော် အဖွဲ့မှ သိမ်းဆည်းသွားခဲ့သည့် လက်နက် ခဲယမ်းအချို့နှင့် KKO အဖွဲ့၏ လက်လုပ်မိုင်းပစ္စည်းများကို ၎င်း၏ ဖော်ထုတ်ပြသမှုကြောင့် ရရှိခဲ့ သဖြင့် တပ်မတော်မှ ၎င်းအား KKO အဖွဲ့ဝင်တစ်ဦးဟု ယူဆဟန် ရှိပါသည်။

၄၇။ ရန်ကုန်မြို့၊ ဘားအံမြို့နှင့် မြဝတီမြို့ပတ်ဝန်းကျင်ရှိ အချို့သတင်းထောက်များနှင့် စာနယ် ဇင်း အသိုင်းအဝိုင်းက ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးဆိုသူအား အလွတ်သတင်းထောက် တစ်ဦးအဖြစ် သိရှိလက်ခံထားကြသော်လည်း မော်လမြိုင်မြို့နှင့် ကျိုက်မရောမြို့ရှိ သတင်းထောက် များကမူ ကြားဖူးသော်လည်း မမြင်တွေ့ဖူးခြင်း၊ စတင်ဖမ်းဆီးခံရစဉ်က သတင်းထောက်တစ်ဦး ဖြစ်ကြောင်း ထွက်ဆိုချက်နှင့် အထောက်အထားများမရှိခြင်း၊ တပ်မတော်နှင့်သက်ဆိုင်ရာ အဖွဲ့ အစည်းများသို့ ချက်ချင်းသတင်းပေးပို့ တိုင်ကြားခြင်းများ မရှိခဲ့ခြင်းတို့ကြောင့် စစ်ဆင်ရေး ပြုလုပ်နေသော စစ်ကြောင်းများအနေဖြင့် ကိုအောင်နိုင် ဆိုသူအား သတင်းထောက်တစ်ဦးအဖြစ် သိရှိဟန်မတူပါ။

၄၈။ ကျိုက်မရောရဲစခန်းတွင် ဒေါ်သန္တာက လူပျောက်မှုတိုင်တန်းခဲ့စဉ် ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး ဆိုသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်မှာ ၁၂/လမတ (နိုင်) ၀၁၃၄၉၈ ဖြစ်သော် လည်း ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် ကိုအောင်နိုင်ထံမှရရှိ ကတ်ပြားအမှတ်မှာ ၁၂/မဂဒ (နိုင်) ၀၁၃၄၉၈ ဖြစ်နေသဖြင့် လဝကမှ စိစစ်ခဲ့ရာတွင် ၁၂/မဂဒ (နိုင်) ၀၁၃၄၉၈ ကို ကိုင်ဆောင်သူမှာ မခင်စန်းဦးဆိုသူ ဖြစ်နေသောကြောင့် ၎င်းသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားအတုတစ်ခုကိုလည်း ကိုင်ဆောင်ထားကြောင်း တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်**

၄၉။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုနှင့် ပတ်သက်၍ ရဲလုပ်ငန်းများ ကုန်စင်အောင်ဆောင်ရွက်ပြီး တရားဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သင့်ပါသည်။

၅၀။ နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်စေသော ကိစ္စရပ်များမှအပ လူထုနှင့်ထိတွေ့ဆက်ဆံ ရသော အမှုကိစ္စများတွင် ပွင့်လင်းမြင်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများကို ဆောင်ရွက်သင့် ပါသည်။

၅၁။ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး (ကလောင်အမည် – အောင်ကြီး) ဆိုသူ သည် မြန်မာနိုင်ငံသားတစ်ဦးဖြစ်၍ ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်ဖြစ်ပြီး၊ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်သာ ဖြစ်ပါသည်။

၅၂။ ထို့ကြောင့် ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိစေရန်နှင့် အများ ပြည်သူအမြင်တွင် ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ဤအမှုကို နယ်ဘက်ဆိုင်ရာတရားရုံးတွင် စစ်ဆေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်

**ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အဓိကရုဏ်းဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရသေဆုံးမှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုသတင်းထုတ်ပြန်ချက်**

၁။ ၂၂-၁၂-၂၀၁၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ခြံစည်းရိုးကာရံရေးလုပ်ငန်း ဆောင်ရွက်စဉ် ကျေးရွာသူ၊ ကျေးရွာသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အဓိကရုဏ်းဖြစ်ပွားပြီး ဒေါ်ခင်ဝင်း၊ ၅၃ နှစ် မိုးကြိုးပြင် (အလယ်) ကျေးရွာနေသူ သေဆုံးကာ ရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် ရွာသား ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရှိရသည့်အပြင် အဖြစ်မှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးပေးရန် တိုင်ကြားစာအချို့ကိုလည်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လက်ခံရရှိခဲ့ပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၂။ အထက်ပါဖြစ်စဉ်တွင် လူ့အခွင့်အရေး ဖောက်ဖျက်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၉-၁၂-၂၀၁၄ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်နှင့် ဦးစိုးဘုန်းမြင့်တို့ ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခဲ့ပါသည်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဆောင်ရွက်ချက်အကျဉ်းချုပ်**

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၃၀-၁၂-၂၀၁၄ ရက်နေ့မှ ၂-၁-၂၀၁၅ ရက်နေ့ထိ မုံရွာမြို့နှင့် ဆားလင်းကြီးမြို့သို့ သွားရောက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင် ၁၂ ဦး၊ တိုင်းဆေးရုံအုပ်ကြီး၊ မှုခင်းဆရာဝန်ကြီးနှင့် ပါရဂူများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ အထွေထွေမန်နေဂျာ၊ ဆားလင်းကြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ရဲစခန်းမှူး၊ ရွာသူ၊ ရွာသား ၅ ဦးတို့ကို တွေ့ဆုံ၍ ရှင်းလင်းတင်ပြချက်များနှင့် သက်သေထွက်ဆိုချက်များကို ရယူခဲ့ပါသည်။ ၃၁-၁၂-၂၀၁၄ ရက်နေ့တွင် အခင်းဖြစ်ပွားခဲ့သည့် နေရာအား သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။

**၂၂-၁၂-၂၀၁၄ ရက်နေ့ အဓိကရုဏ်းတွင် အဓိကထိတွေ့မှုများ**

၄။ ၂၂-၁၂-၂၀၁၄ ရက်နေ့ နေ့လည် ၁:၀၀ နာရီခန့် အချိန်တွင် ဆားလင်းကြီးမြို့နယ်၊ ဖောင်းကတာကျေးရွာအုပ်စု၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဧရိယာအတွင်းရှိ အင်ကြင်းတောင်အနီး ခန့်မှန်း GV- 152402 ၌ ရတဖ (၂၈) မှ ရဲအုပ် ဌေးဝင်း ဦးစီးတပ်စု ၁ စုနှင့် ရွာသူ၊ ရွာသား ၇၀ ခန့် ပထမဆုံး ထိတွေ့မှုဖြစ်ပြီး ရွာသူ၊ ရွာသားများက လေးဂွများ၊ ခဲများဖြင့် ပေ ၃၀ ခန့်အကွာမှ ပစ်ခတ်ခဲ့ကြောင်း၊ ရဲအုပ် ဌေးဝင်းနှင့်အဖွဲ့မှ အကြမ်းဖက် တိုက်ခိုက်ခြင်းမပြုရန် အသိပေးတားမြစ်ခဲ့ကြောင်း၊ ရွာသူ၊ ရွာသားများမှ လက်မခံဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်မြဲတိုက်ခိုက်နေ၍ ရဲအုပ် ဌေးဝင်းနှင့်အဖွဲ့မှ ဒိုင်းများနှင့် ကာရံပြီး ကာကွယ်မှုရယူခဲ့ကြောင်း၊ ရဲအုပ်ဌေးဝင်း၏ ငယ်ထိပ် ဦးခေါင်းကွဲဒဏ်ရာ ရရှိခဲ့ကြောင်း၊ ရဲအုပ် ဌေးဝင်းအဖွဲ့မှ ဒိုင်းများဖြင့် ကာရံခုခံနေသည်ကို ရွာသူ၊ ရွာသားများက အခွင့်ကောင်းယူပြီး တဖြည်းဖြည်း ချဉ်းကပ်လာ၍ အနီးရှိယင်းမာပင်ခရိုင်၊ အရန်တပ်ခွဲမှ ဒုရဲအုပ် ကျော်အောင် ဦးစီးသောတပ်စု ၁ စုက ရဲအုပ်ဌေးဝင်းအဖွဲ့

အား ကူညီရန် အနီးကပ် သွားရောက်ပူးပေါင်းခဲ့ကြောင်း သက်သေထွက်ဆိုချက်များအရ သိရှိရပါသည်။

၅။ ယင်းမာပင်ခရိုင်၊ အရန်တပ်ခွဲမှ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးစီးသောတပ်စု (၁) ကလည်း ဒုရဲအုပ် ကျော်အောင်၏ယာဘက် ပေ ၃၀ ခန့်အကွာတွင် ခြံစည်းရိုးအစပ်မှ ပြောင်းခင်းကို ဖြတ်ပြီး ရဲအုပ် ဌေးဝင်း၊ ဒုရဲအုပ် ကျော်အောင် ဦးစီးအဖွဲ့တို့အား ကူညီပူးပေါင်းရန် ချီတက်ခဲ့ကြောင်း၊ ပြောင်းခင်းရှေ့ မြေကွက်လပ်အရောက်တွင် ရွာသူ၊ ရွာသား ၇၀ ခန့်က ခဲများ၊ လေးဂွများဖြင့် အနီးကပ်ဝင်ရောက်တိုက်ခိုက်သဖြင့် ရဲတပ်ကြပ်ကြီး ချစ်မင်းကို၏ယာဘက်မျက်လုံးပေါက်ထွက် ဒဏ်ရာရရှိခဲ့ရာ ပြောင်းခင်းမှ နောက်ကြောင်းပြန်ဆုတ်ခဲ့ကြောင်း၊ ရဲမှူး စိုးလွင်ဦးအဖွဲ့ နောက်ပြန်အဆုတ်တွင် ရဲအုပ် ဌေးဝင်း ပူးပေါင်းအဖွဲ့မှ ညာတောင်ပံရောက်နေသော ဒုရဲအုပ် ကျော်အောင်အဖွဲ့အား ရွာသူ၊ ရွာသား ၆၀ ခန့်က ရှေ့ဘက်နှင့် ဘေးဘက်မှ အနီးကပ် ဝင်ရောက်ပြီး ဓါး၊ တုတ်၊ ခဲများ၊ လေးဂွများဖြင့် ပစ်ခတ်ပြီး ဓါးဝှေ့ယမ်း၍ တိုးလာသဖြင့် ဒုရဲအုပ် ကျော်အောင်၏ ယာပါးရိုး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒုရဲအုပ် ကျော်အောင်မှ ၎င်းကိုင်ဆောင်သော .၃၀၃ ရိုင်ဖယ် ဖြင့် ကျည်ဆံ ၁၀ တောင့်ကို စတင်ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် ဒုရဲအုပ် ကျော်အောင်၏ ရိုင်ဖယ် သေနတ်ဖြင့် တပ်ကြပ်ကြီး ကိုကိုဦးက ၆ တောင့်၊ တပ်ကြပ်ကြီး မင်းမင်းထွေးက ၄ တောင့်၊ တပ်သား မင်းဝေအောင်က ၄ တောင့်၊ ကနီရဲစခန်းမှ တပ်သား စောကောင်းမြတ်ဦးက ၃ တောင့်ယူ၍ ပစ်ခတ်ကြကြောင်း၊ ၎င်းကျည်ဆံ ၁၇ တောင့်ကို ရဲတပ်သား မင်းဝေအောင်ထံမှ ရရှိကြောင်း၊ ဒုရဲအုပ် ကျော်အောင်က အမိန့်ပေး၍ မိုးပေါ်ထောင်၍ ပစ်ခတ်စေခဲ့ကြောင်း၊ လူစုလူဝေးဖြိုခွဲရေး သေနတ်များ အပါအဝင် .၃၀၃ ရိုင်ဖယ်သေနတ် ၁ လက်ကို အသုံးပြုပြီး ပစ်ခတ် လူစုခွဲသည့် အခါမှသာ အကြမ်းဖက် ရွာသူ၊ ရွာသားများ နောက်ဆုတ် ထွက်ခွာသွားခဲ့ကြောင်း သက်သေထွက်ဆိုချက်များအရ သိရှိရပါသည်။

၆။ ဒုရဲအုပ် ကျော်အောင်အဖွဲ့မှ ၎င်းတို့အား အနီးကပ် တိုက်ခိုက်လာသည့် ရွာသူ၊ ရွာသားများကို သေနတ်ဖြင့် လူစုခွဲပစ်ခတ်စဉ် မည်သူမည်ဝါ ထိမှန်သည်ကို မသိရသော်လည်း ရွာသူ၊ ရွာသားများ ဆုတ်ခွာသွားပြီးနောက် ဒုရဲအုပ် ကျော်အောင်အဖွဲ့၏ရှေ့ ပေ ၃၀ / ၄၀ ခန့်အကွာရှိ ယခင် ရဲအုပ် ဌေးဝင်းအဖွဲ့နှင့် ပထမဆုံး ထိတွေ့တိုက်ခိုက်ခဲ့သော အကြမ်းဖက် ရွာသူ၊ ရွာသား ၇၀ ခန့်ပါလူအုပ် အတွင်းမှ ဒေါ်ခင်ဝင်း၊ ၅၃နှစ်(ဘ)ဦးတင်မောင်၊ မိုးကြိုးပြင် (အလယ်) ရွာနေသူ၏ ဦးခေါင်းအား သေနတ်ကျည် ထိမှန်သေဆုံးခဲ့ကြောင်း၊ ဒေါ်ခင်ဝင်း၏ အလောင်းအား လုံခြုံရေးအဖွဲ့မှ ကောက်ယူရန် စီစဉ်နေစဉ်၊ ဒေါ်ခင်ဝင်း၏ မောင်တော်စပ်သူ ကိုသောင်းအေးမှ နွားလှည်းဖြင့် ကောက်ယူသယ်ဆောင်ခဲ့ပြီး ၂၂-၁၂-၂၀၁၄ ရက်နေ့ ညနေ ၄:၀၀ နာရီ အချိန်တွင် မိုးကြိုးပြင်(အလယ်)ရွာရှိ ဒေါ်ခင်ဝင်း၏ နေအိမ်တွင် ထားရှိခဲ့ကြောင်း၊ ၂၃-၁၂-၂၀၁၄ ရက်နေ့ ညတွင် ဆားလင်းကြီးမြို့နယ်၊ နာရေးကူညီမှုအသင်း၏ မော်တော်ယာဉ်ဖြင့် အလောင်းအား သယ်ဆောင်ပြီး ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ည ၉:၀၀ နာရီခန့်တွင် ဆေးရုံ ရင်ခွဲတိုက်သို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

၇။ ဤနေရာတွင် ဒေါ်ခင်ဝင်း၏ ဦးခေါင်းသေနတ်ကျည် ထိမှန်ခံရစဉ်က ရပ်လျက်အနေအထား ဖြစ်ပြီး ထိုင်လျက် မဟုတ်ကြောင်း၊ ဒေါ်ခင်ဝင်းအပါအဝင် ရွာသူ၊ ရွာသား လူအုပ်များ ရှေ့တွင် လုံခြုံရေးရဲများက ရပ်လျက်ပစ်ကြောင်း၊ ရပ်လျက်ပစ်ပြီးနောက် ထိုင်ချခဲ့ကြောင်း၊ ဒိုင်းကာသည့်

ရဲများနောက်တွင် ပြန်ထိုင်၊ တဖန် ပြန်ထ၍ ရပ်လျက်ပစ်ကြောင်းကို ရွာသူ၊ ရွာသားများ၏ ထွက်ဆိုချက်များအရ သိရှိရကြောင်း၊ သို့သော် သေနတ်ပစ်သောရဲအား မည်သူမည်ဝါဖြစ်ကြောင်းကိုမူ အတိအကျ ထွက်ဆိုခဲ့ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

**ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ**

၈။ အထက်ပါဖြစ်စဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအုပ် ၁ ဦး၊ ဒုရဲအုပ် ၂ ဦး၊ ရဲတပ်ကြပ်ကြီး ၁ ဦး၊ ရဲတပ်ကြပ် ၂ ဦး၊ ရဲဒုတပ်ကြပ် ၁ ဦးနှင့် ရဲတပ်သား ၄ ဦး စုစုပေါင်း ၁၁ ဦးတို့သည်လည်းကောင်း၊ မြန်မာဝမ်ပေါင်ကုမ္ပဏီမှ တရုတ်နိုင်ငံသား အင်ဂျင်နီယာ ၁ ဦး အပါအဝင် တရုတ်နိုင်ငံသား အလုပ်သမား ၉ ဦးတို့သည်လည်းကောင်း၊ ရွာသူ၊ ရွာသား ၁၀ ဦးတို့သည်လည်းကောင်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ၎င်းတို့အနက် မိုးကြိုးပြင် (အလယ်) ရွာမှ ဒေါ်ခင်ဝင်းသည် သေနတ်ကျည်ဆံထိမှန် သေဆုံးခဲ့ကြောင်း၊ မိုးကြိုးပြင် (တောင်) ရွာမှ ဦးမှိုင်းနှင့် မိုးကြိုးပြင် (အလယ်) ရွာမှ ကိုကျော်မြင့်သိန်းတို့သည် သေနတ်ကျည်ဆံ ထိမှန်သောဒဏ်ရာဖြင့် ဆေးရုံတက်ရောက်ကုသနေဆဲဖြစ်ကြောင်း၊ ရဲတပ်ကြပ်ကြီးတစ်ဦးသည် ယာမျက်လုံး ပေါက်ထွက်ခဲ့ကြောင်း၊ ကျန်ဒဏ်ရာရရှိသူများသည် ၃၁-၁၂-၂၀၁၄ ရက်နေ့ မတိုင်ခင် ဆေးရုံဆင်းသွားပြီဖြစ်ကြောင်း စုံစမ်းတွေ့ရှိရပါသည်။

**ဒေါ်ခင်ဝင်း၏အလောင်းအား ရင်ခွဲစစ်ဆေးမှု**

၉။ ၂၂-၁၂-၂၀၁၄ ရက်နေ့ ညနေ ၄:၀၀နာရီအချိန်ခန့်တွင် သေဆုံးသူ ဒေါ်ခင်ဝင်း၏ အလောင်းအား နွားလှည်းဖြင့် မိုးကြိုးပြင်အလယ်ရွာသို့ သယ်ဆောင်ခဲ့ပြီး နေအိမ်အတွင်း ထားရှိခဲ့ကြောင်း၊ ၂၃-၁၂-၂၀၁၄ ရက်နေ့ ညနေတွင် ဆားလင်းကြီးမြို့နယ် နာရေးကူညီမှုအသင်း၏ မော်တော်ယာဉ်ဖြင့် ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ အလောင်းအား ပြင်ဆင်မှု မပြုလုပ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးသိရှိရပါသည်။

၁၀။ ၂၃-၁၂-၂၀၁၄ ရက်နေ့ ည ၉:၀၀ နာရီတွင် ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာသော ဒေါ်ခင်ဝင်း၏အလောင်းအား ၂၄-၁၂-၂၀၁၄ ရက်နေ့ နံနက် ၁၀:၃၀ နာရီတွင် မုံရွာမြို့၊ တိုင်းပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်သန်း၊ တိုင်းမှုခင်းဆရာဝန်ကြီး ဒေါက်တာတင်နွယ်၊ ဆားလင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်လွင်နှင့် လက်ထောက်ဆရာဝန် ဒေါက်တာသီတာစိုးတို့ ပါဝင်သောအဖွဲ့မှ ရင်ခွဲစစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် အလောင်းအား မိုးကြိုးပြင်အလယ်ရွာရှိ နေအိမ်သို့ ပြန်လည်သယ်ဆောင်ကာ ၂၅-၁၂-၂၀၁၄ ရက်နေ့တွင် မိုးကြိုးပြင် အလယ်ရွာ သုသာန်၌ ဂူသွင်းသင်္ဂြိုလ်ခဲ့ကြောင်း သိရှိရပါသည်။

၁၁။ အလောင်းအား ရင်ခွဲစစ်ဆေးရေးအဖွဲ့က အလောင်းမှာ အချိန်အတော်ကြာမြင့်မှ ရောက်ရှိခဲ့သော်လည်း ဒဏ်ရာအား လုပ်ကြံဖန်တီးထားသည်ဟု သံသယဖြစ်ဖွယ်ရာများ မတွေ့ရှိရကြောင်း၊ ရင်ခွဲစစ်ဆေးမှုနှင့် တွေ့ရှိချက်များကို အောက်ပါအတိုင်း မှတ်ချက်ရေးသားခဲ့ကြောင်း သိရှိရပါသည်-

(က) External Injuries

(၁) သေနတ်ကျည်မှန်ဒဏ်ရာ (20cm x 16 cm)၊

(၂) နဖူးညာဘက် ဆံစပ်အောက်ဖက် 7cm မှစ၍ ဦးခေါင်း နောက်စေ့အထိပွင့် ထွက်နေသည်။ (ဒဏ်ရာအနီးတစ်ဝိုက်တွင် ယမ်းခိုးယမ်းငွေ့ မတွေ့ရပါ)၊

(၃) အခြားပြင်ပဒဏ်ရာများ မတွေ့ရှိရပါ။

(ခ) **သေဆုံးပြီး ခွဲစိတ်စစ်ဆေးချက်အမှတ် (1/TL/14) 24-12-2014**

(၁) ဦးခေါင်းသေနတ်ကျည်မှန်ဒဏ်ရာကြောင့် ဦးခေါင်းခွံရိုးကျိုး၍ ဦးနှောက် စုတ်ပြဲခြင်း၊ ဦးနှောက်မြေးအပေါ်အောက် သွေးယိုခြင်းတို့ကြောင့် သေဆုံးခြင်း ဖြစ်သည်။

**ဆားလင်းကြီးမြို့နယ် ရဲစခန်းတွင် သေမှုသေခင်း ဖွင့်လှစ်ခြင်း**

၁၂။ ၂၃-၁၂-၂၀၁၄ ရက်နေ့ ည ၈:၀၀ နာရီခန့်တွင် သေဆုံးသူ ဒေါ်ခင်ဝင်း၏ ယောင်းမ ဒေါ်ခင်မာအေး၊ ၈၈ မျိုးဆက်သစ်အဖွဲ့မှ ဒေါ်မီးမီး၊ ဒေါ်သဉ္ဇာခိုင်၊ ဒေါ်နီလာသိန်း၊ ဦးဉာဏ်လင်း နှင့် မီဒီယာအဖွဲ့များ အပါအဝင် လူဦးရေ ၂၀ ခန့်သည် ဆားလင်းကြီးရဲစခန်းသို့ လာရောက်၍ ဒေါ်ခင်ဝင်း သေဆုံးကြောင်းကို ဒေါ်ခင်မာအေးမှ လက်မှတ်ရေးထိုး၍ တိုင်ချက်ဖွင့်ခဲ့ကြောင်း၊ ဆားလင်းကြီးရဲစခန်း သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၄)ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ရဲစခန်းမှ ဆေးစာရေးသား၍ ဆားလင်းကြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ ပေးအပ်ခဲ့ကြောင်း၊ ၂၄-၁၂-၂၀၁၄ ရက်နေ့ ညနေတွင် ရဲစခန်းမှူးသည် အခင်းဖြစ်နေရာသို့ အသိသက်သေများနှင့် သွားရောက်၍ မြေတိုင်းစာရေးမှ စကေးကိုက်မြေပုံ ရေးဆွဲခဲ့ကြောင်း၊ မြေပုံအရ လိပ်ခွံတောင်နှင့် ဒေါ်ခင်ဝင်း သေဆုံးခဲ့သည့် နေရာသည် ၁၉၈၀ ပေ ကွာဝေးပြီး၊ လိပ်ခွံတောင်ရှေ့ ခြံစည်းရိုးနှင့် ဒေါ်ခင်ဝင်း သေဆုံးသည့် နေရာသည် ၉၂၄ ပေ ကွာဝေးကြောင်း၊ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော လက်ပံတောင်းတောင် စီမံကိန်းဧရိယာအတွင်းဖြစ်ကြောင်း၊ သက်သေများကို ဆက်လက်စစ်ဆေး နေဆဲဖြစ်ကြောင်း၊ အလောင်းအား ရင်ခွဲစစ်ဆေးချက် ပြုလုပ်ခဲ့သော်လည်း မည်သည့်သေနတ်၊ မည် သည့်ကျည်ဆန်ဖြင့် မည်သည့် အကွာအဝေးမှ ထိမှန်သည်ကို ၂-၁-၂၀၁၅ ရက်နေ့ထိ လက်နက် ကျွမ်းကျင်သူ၏ ထင်မြင်ချက် (Expert Opinion) မရရှိသေးကြောင်း သိရှိရပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ**

၁၃။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာအတွင်း နယ်မြေပိုင်းခြားသတ်မှတ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ကို ၃၀-၁၂-၂၀၁၄ ရက်နေ့အထိ ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၄။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ ၃၂ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း

ဧရိယာအတွင်း ခြံစည်းရိုးတိုးချဲ့ကာရံစဉ် ဆောင်ရွက်မည့် လုံခြုံရေးစီမံချက်ကို ၂၀-၁၂-၂၀၁၄ ရက်နေ့တွင် ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

၁၅။ လုံခြုံရေးတပ်ဖွဲ့မှ နှောင့်ယှက်ဟန့်တားမှုများအား သတိပေးတားမြစ်ခြင်း ဆောင်ရွက်ရာတွင် ၎င်းတို့မှ လိုက်နာခြင်းမရှိဘဲ ရှေ့ဆက်တိုးလာပါက လုံခြုံရေးရဲတပ်ဖွဲ့မှ အပိုင်း ၇ ပိုင်းဖြင့် လူစုခွဲခြင်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၇ နှင့် ပုဒ်မ ၁၂၈ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အင်အားပြခြောက်လှန့်လူစုခွဲခြင်း၊

(ခ) အသံဖြင့် ခြောက်လှန့်လူစုခွဲခြင်း၊

(ဂ) ရေလုံးဖြင့် လူစုခွဲခြင်း၊

(ဃ) မျက်ရည်ယိုဗုံး အသုံးပြုလူစုခွဲခြင်း၊

(င) ရာဘာတုတ်၊ ဒိုင်းများ အသုံးပြု၍ လူစုခွဲခြင်း၊

(စ) လူစုလူဝေးဖြိုခွဲရေးလက်နက်ခဲယမ်းများအသုံးပြု၍ လူစုခွဲခြင်း၊

(ဆ) အကြမ်းဖက်နှိမ်နင်းရေးလက်နက်ခဲယမ်းများဖြင့် လူစုခွဲခြင်း။

၁၆။ ၂၂-၁၂-၂၀၁၄ ရက်နေ့ အဓိကရုဏ်းဖြစ်စဉ်တွင် အဆင့် (၃) ဖြစ်သည့် ရေလုံးဖြင့် လူစုခွဲခြင်းအတွက် မီးသတ်ယာဉ် တွဲဖက်ထားသော်လည်း ပြန့်ကျဲနေသော လူအုပ်စုများဖြစ်၍ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ မီးသတ်ကားမှာလည်း ၁ စီးသာရှိကြောင်း၊ အဆင့် (၄)ဖြစ်သည့် မျက်ရည်ယိုဗုံးအသုံးပြုခြင်းအတွက် မျက်ရည်ယိုဗုံး ထုတ်ပေးထားခြင်း မရှိသဖြင့် ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း သိရှိရပါသည်။

၁၇။ လုံခြုံရေးစီမံချက်အရ ၂၂-၁၂-၂၀၁၄ ရက်နေ့တွင် တိုးချဲ့ကာရံမည့် ခြံစည်းရိုး ၁၀.၆ ကီလိုမီတာအား အပိုင်း ၃ ပိုင်းခွဲ၍ တပြိုင်နက်တည်း ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သဖြင့် တစ်နေရာနှင့်တစ်နေရာ အလှမ်းဝေးပြီး ကွပ်ကဲရန် ခက်ခဲကြောင်း တွေ့ရှိရပါသည်။

၁၈။ လုံခြုံရေးစီမံချက်တွင် ဆောင်ရွက်မည့်အပိုင်းအလိုက် အကျိုးအပြစ်များကို ဖော်ထုတ်ရာ၌ အကျိုး ၇ ခုဖြစ်ပြီး၊ အပြစ် ၁၉ ခုဖြစ်ကြောင်း၊ တွေ့ဆုံရမည့် ရွာသူ၊ ရွာသားအင်အားကို ရွာအလိုက် အသေးစိတ် မျှော်မှန်းတွက်ချက်ထားခြင်းမရှိဘဲ ခေါင်းဆောင်ပိုင်းလောက်ကိုသာ ထည့်သွင်း တွက်ချက်ထားကြောင်း တွေ့ရှိရပါသည်။

၁၉။ လူစုခွဲခြင်း နောက်ဆုံးအဆင့် (၇) တွင် အဓိကကျသူကို တိကျသော ပစ်မိန့်ပေး၍ အကြမ်းဖက် နှိမ်နင်းရေး လက်နက်ခဲယမ်းများဖြင့် လူစုခွဲရမည် ဖြစ်သော်လည်း ယခု ပစ်ခတ်မှုများသည် အဆင့် အချို့ကိုကျော်လွန်၍ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀။ ကွပ်ကဲမှုအဖွဲ့သည် လုံခြုံရေးစီမံချက်ပါ ပစ္စည်းပစ္စယ အသုံးအဆောင်များ ပြည့်စုံစွာပါရှိအောင် စီမံမှုမရှိခြင်း၊ လူစုခွဲရာ၌ သတ်မှတ်ထားသည့် အဆင့်အလိုက် ဆောင်ရွက်နိုင်ခဲ့မှု မရှိခြင်းကို တွေ့ရှိရပါသည်။

၂၁။ လူစုခွဲရာတွင် အဆင့်လိုက်၊ အကွာအဝေးအလိုက် သုံးစွဲရမည့် လက်နက်များကို စီမံချက်ပါအပိုင်းလိုက် သုံးစွဲခဲ့သည့် အခြေအနေမျိုးမရှိဘဲ တပြိုင်နက်တည်း အရေးပေါ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၂။ ၂၂-၁၂-၂၀၁၄ ရက်နေ့က သေဆုံးခဲ့သော ဒေါ်ခင်ဝင်း၏အလောင်းသည် မိုးကြိုးပြင် (အလယ်) ရွာရှိ ၎င်း၏နေအိမ်သို့ ရောက်ရှိသွားပြီး ၂၃-၁၂-၂၀၁၄ ရက်နေ့ ညနေပိုင်းတွင်မှ ဆားလင်းကြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၃။ ရွာသူရွာသားများ၏ ထွက်ဆိုချက်အရ ဒေါ်ခင်ဝင်းသည် ကျည်ဆံထိမှန်ခံရသည့် အချိန်က မတ်တပ်ရပ် အနေအထားဖြစ်ပြီး ထိုင်လျက်အနေအထား မဟုတ်ကြောင်း၊ ဒေါ်ခင်ဝင်း ရှိရာနေရာ တည့်တည့်ဘက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များရှိပြီး၊ အချို့မှာ ရပ်လျက် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြ ကြောင်း၊ ထို့နောက် ပြန်ထိုင်ပြီး နောက်တစ်ဖွဲ့မှ ထလျက်ပစ်ကြောင်း သိရှိရပါသည်။

၂၄။ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ရွာသူရွာသားများသည် တုတ်၊ ဓါး၊ လေးဂွ၊ တံစဉ်း၊ ဂျင်ဂလိများ ကိုင်ဆောင်ပြီး ဂျင်ဂလိ၊ လေးဂွများဖြင့် ပစ်ခတ်ကြောင်း၊ ဓါးဖြင့် ဒိုင်းကို ခေါက် ကြောင်း၊ ဓါးဝှေ့ယမ်းလျက် တိုးဝင်လာသဖြင့် သတိပေးခြောက်လှန့်ရန် အမိန့်ပေးခဲ့ပြီး သေနတ်များ ကို မိုးပေါ်ထောင်၍ ပစ်ခတ်ခဲ့ကြကြောင်း ထွက်ဆိုကြသည်ကို သိရှိရပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏သုံးသပ်ချက်**

၂၅။ လုံခြုံရေးအဖွဲ့များနှင့် ရွာသူ၊ ရွာသားများ နီးကပ်လွန်းသဖြင့် စီမံချက်ပါအဆင့်အလိုက် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ ရွာသားများနှင့် လုံခြုံရေးအဖွဲ့များ ထွေးလုံးရစ်ပတ် တိုက်ခိုက်ရသည့် အခြေအနေမျိုးသို့ ရောက်ရှိသွားခဲ့ကြောင်း သုံးသပ်ပါသည်။

၂၆။ ကွပ်ကဲမှုအဖွဲ့၏ စီမံဆောင်ရွက်မှု အားနည်းခြင်းကြောင့် လုံခြုံရေးစီမံချက်ပါ လူစုခွဲခြင်း အဆင့်ဆင့်၌ ရေလုံးနှင့်မျက်ရည်ယိုဗုံးကို အသုံးပြုနိုင်ခဲ့ခြင်းမရှိသဖြင့် နှစ်ဘက်စလုံး၌ ထိခိုက် ဒဏ်ရာရရှိမှု များပြားခဲ့ကြောင်း သုံးသပ်ပါသည်။

၂၇။ ရဲတပ်ဖွဲ့ဝင်များသည် စီမံချက်ပါ လူ၊ လက်နက်ခဲယမ်းဖွဲ့စည်းပုံအရ ကိုင်ဆောင်ရန်သတ်မှတ် ထားသည့် အကြမ်းဖက်နှိမ်နင်းရေး လက်နက်များကို စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ကိုင်ဆောင် ပစ်ခတ်မှု မရှိခြင်းကြောင့် မလိုလားအပ်သော ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သုံးသပ် ပါသည်။

၂၈။ ဒေါ်ခင်ဝင်း သေနတ်ထိမှန်သေဆုံးခြင်းသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၃ ၌ပြဋ္ဌာန်းထားသည့် လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှု ရခွင့်ရှိ သည်ဟူသည့်အချက်အရ ၎င်း၏အသက်ရှင်သန်မှု အခွင့်အရေးကို ထိခိုက်စေခဲ့သည်ဟု သုံးသပ်ရ ပါသည်။

၂၉။ နှစ်ဘက်သက်သေထွက်ဆိုချက်များ၏ မှန်ကန်ခိုင်မာမှုကို ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကြံပြုတိုက်တွန်းချက်**

၃၀။ ဆားလင်းကြီးရဲစခန်းတွင်ဖွင့်လှစ်ထားသည့် သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၄) အား ဥပဒေ အရ ဆက်လက်အရေးယူဆောင်ရွက်သင့်ပါသည်။

၃၁။ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာ အတွင်း ခြံစည်းရိုးတိုးချဲ့ကာရံစဉ် ဆောင်ရွက်မည့် လုံခြုံရေးစီမံချက်ကို စနစ်တကျအကောင် အထည်ဖော်ရန်အားနည်းခဲ့သည့် ကွပ်ကဲမှုအဖွဲ့မှ တာဝန်ရှိသူများအား ဖော်ထုတ်၍ ထိုက်သင့်သလို အရေးယူ ဆောင်ရွက်သင့်ပါသည်။

၃၂။ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဧရိယာ အတွင်း ခြံစည်းရိုးတိုးချဲ့ကာရံစဉ် ဆောင်ရွက်မည့်လုံခြုံရေးစီမံချက်ပါ ညွှန်ကြားချက်များကို တိကျ စွာ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့် ရဲတပ်ဖွဲ့ဝင်တို့အား ဖော်ထုတ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသင့်ပါသည်။

၃၃။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် စပ်လျဉ်းသော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား အဘက်ဘက်မှ အပြန်အလှန် သုံးသပ်၍ ထိခိုက်နစ်နာဆုံးရှုံးမှု များ ထပ်မံ မဖြစ်ပေါ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်